# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၁၈)


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ (၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။ သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**ရန်ကုန် မေ ၅**

၂၀၁၉ ခုနှစ်၊ မေ ၅ ရက်တွင် ကျရောက်သည့် (၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်း စွယ်တော်မြတ်စေတီအနီးရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ စစ်ရေးပြကွင်းတွင် ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက စွမ်းဆောင်မှုဆိုင်ရာ ရဲသူရိန်တံဆိပ် ချီးမြှင့်အပ်နှင်းခံရသူ တပ်ဖွဲ့ဝင်နှစ်ဦး၊ ရဲကျော်သူ တံဆိပ်ချီးမြှင့်ခံရသူ တပ်ဖွဲ့ဝင်ငါးဦးတို့အား ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မီးသတ်တပ်ဖွဲ့ကို ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ် အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် အပါအဝင်အခြားသော ဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေး စသည့်ရည်မှန်းချက်တာဝန်ကြီး(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းစွမ်းရည်တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ထူးခြားသည့်နေ့အပူချိန်များ

၅-၅-၂၀၁၉

| | | |
|---|---|---|
| ကြေးမုံမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |

## ဂျီဒီပီ(GDP)တိုးတက်မှု ၇ ဒသမ ၆ ရာခိုင်နှုန်း ရရှိစေရေးသို့

*ဆောင်းပါး* *စာမျက်နှာ - ၆*

## ဆိုရှယ်မီဒီယာပေါ်တွင် အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုများကို နှိမ်နင်းသွားမည်ဟု ဩစတြေးလျဝန်ကြီးချုပ်ကြေညာ

*နိုင်ငံတကာသတင်း* *စာမျက်နှာ - ၁၄*


C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

# နာမည်ကောင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်း

လူပုဂ္ဂိုလ်တစ်ဦးချင်း ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်းများ ဖြစ်စေ၊ နိုင်ငံရေးပါတီများ ဖြစ်စေ၊ မည်သို့သော အဖွဲ့အစည်းများ ဖြစ်စေ နာမည်ကောင်းဟူသည် အရေးကြီး၏။ နာမည်ကောင်းရှိလျှင် လူမှာ တန်ဖိုးရှိ၏။ နာမည်ကောင်းရှိသည့် စီးပွားရေးလုပ်ငန်းများသည် တိုးတက်ကြီးပွားမည်မှာ ဧကန်မုချ ဖြစ်၏။ နာမည်ကောင်းသည့် လူမှုရေးအဖွဲ့အစည်းများသည် ဂုဏ်သိက္ခာကြီးမြင့်နေမည်။ နာမည်ကောင်းရသည့် နိုင်ငံရေးအဖွဲ့အစည်းများကို လူထုက ယုံကြည်ထောက်ခံအားပေးမည် ဖြစ်၏။

ဤသည်က လွန်စွာရိုးရှင်းလှသော အမှန်တရားပါပေ။

ထို့ကြောင့်ပင် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် မိမိတို့ကို လူအများက တန်ဖိုးထားယုံကြည်ခြင်းကို အလိုရှိကြသည်။ နာမည်ကောင်းဖြင့် ကျော်ကြားချင်ကြ၏။

သို့သော် ယုံကြည်မှုဆိုသည်က ဈေးထဲသွား ငွေကြေးအကုန်အကျခံကာ ဝယ်လို့ရသည်မဟုတ်။ အလွယ်တကူ မရ။ စီးပွားရေး ခွင်မိသလို အချောင်မရနိုင်။

အာဏာ၊ ငွေကြေး ဥစ္စာချမ်းသာမှု စသည်တို့ကို ရနိုင်ရုံမျှဖြင့်လည်း နာမည်ကောင်းနှင့် ယုံကြည်မှုကို ရလိမ့်မည်ဟု မျှော်လင့်လို့မရနိုင်။ အမှန်တော့ နာမည်ကောင်းနှင့် အများပြည်သူ၏ ယုံကြည်မှုဆိုသည်မှာ လုပ်ယူ၍ရသည့် အရာမဟုတ်။ မိမိ၏အလုပ်ကို မှန်မှန်ကန်ကန် ရိုးရိုးဖြောင့်ဖြောင့်လုပ်ခြင်းဖြင့် အလိုလို ဘေးထွက်ကောင်းကျိုးအဖြစ်သာ ရရှိနိုင်သည်ဟု မြင်ပါသည်။

မှန်ကန်သော အလုပ်၊ မှန်ကန်သော စကား၊ မှန်ကန်သော အတွေးအကြံဟူသည် လူအများယုံကြည်မှုအတွက် အခြေခံလမ်းစဉ်ဟု ဆိုရပါမည်။ တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေသည့် အလုပ်၊ မနာလို ရန့်ရင်းသော အပြော၊ မတရားသောအတွေးအကြံတို့က မည်သည့်မျက်နှာဖုံးကို တပ်ထားသည်ဖြစ်စေ၊ မည်သည့်ဝတ်ရုံကို လွှမ်းထားကာ၊ မည်သည့်ရတနာတို့ကို အကာအကွယ်ယူ ဆင်မြန်းထားသည်ဖြစ်စေ လူတို့၏ယုံကြည်မှုကို ရေရှည်တွင် ရလိမ့်မည်မဟုတ်ဟု တပ်အပ်ဆိုနိုင်ပါသည်။

လူနှင့် အဖွဲ့အစည်းတို့၏ အလုပ်၊ အပြော၊ အတွေးအကြံတို့ကို အရင်းအတိုင်း သိမြင်နားလည်လာသည်နှင့်အမျှ ထိုလူ၊ ထိုအဖွဲ့ အစည်းတို့၏ နာမည်ကောင်း၊ နာမည်ဆိုးတို့က အလိုလိုပေါ်ထွက်လာမည်သာ ဖြစ်၏။

ထို့ပြင်တဝ၊ နာမည်ကောင်းရထားပြီး၊ လူတို့၏ ယုံကြည်မှုကို ရထားပြီးဖြစ်သည်ဟု ဆိုစေကာမူ နာမည်ကောင်းဟူသည် တစ်ခါရပြီးလျှင် ရာသက်ပန်ရရှိထားသည်ဟု ယူဆ၍ရမည်မဟုတ်။

လူကောင်း၊ အဖွဲ့အစည်းကောင်းဟူသည် အစဉ်အမြဲ မှန်မှန်ကန်ကန် လုပ်ဆောင်မှု၊ အစဉ်အမြဲ သဘောထားမှန် ကောင်းမွန်မှု၊ အစဉ်အမြဲ မှန်မှန်ကန်ကန် ပြောဆိုမှုတို့ကသာ လူထု၏အစဉ်အမြဲ ယုံကြည်မှုကိုရရှိလိမ့်မည် ဖြစ်ပါသည်။

ဤသည်ပင် ဂုဏ်သိက္ခာကြီးသောလူ၊ တန်ဖိုးကြီးသော အဖွဲ့အစည်းဟု သတ်မှတ်ကြမည်ဖြစ်ပြီး ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ ကျင့်ဝတ်သိက္ခာပြည့်ခြင်း၊ သီလလုံခြင်းတို့ကပင် အတွေး ၊ အပြော၊ အလုပ်မှန်ကန်မှုတို့ကို ဖြစ်ပေါ်စေမည်ဟုလည်း ယုံကြည်ပါသည်။

အချုပ်ဆိုရလျှင် စီးပွားရေးအရ ဖြစ်စေ၊ နိုင်ငံရေးအရ ဖြစ်စေ၊ လူမှုရေးအရဖြစ်စေ အောင်မြင်တိုးတက်လိုသည်ဆိုလျှင် လူထု၏ယုံကြည်မှုထောက်ခံအားပေးမှု ရလိုသည်ဆိုလျှင် အတွေး၊ အပြော၊ အလုပ် မှန်ကန်ရိုးဖြောင့်ခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းတို့ဖြင့်သာ ရရှိနိုင်လိမ့်မည်ဟု တွေးထင်မိသည့်အတိုင်း တင်ပြလိုက်ရပါသတည်း။ ။

## တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲကျင်းပမည်

**နေပြည်တော် မေ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (မေ ၂၁ ရက်) (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ ၂၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်နှင့် ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန်နှင့် ပင့်လျှောက်လွှာများပေးပို့ ဆက်ကပ်ထားကြောင်း သိရသည်။

အခမ်းအနားသို့ ကြွရောက်မည့် ဆရာတော်၊ သံဃာတော်များသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အနောက်ဘက်မုခ်ဝင်ပေါက်မှ ကြွရောက်ပေးပါရန်နှင့် ပင့်လျှောက်လွှာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ပါရန် လျှောက်ထားအပ်ပါကြောင်း ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြသော ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက ရှစ်ပါး၊ ဝိနယကောဝိဒ ငါးပါး၊ ဝိနယဓရ ၂၅ ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒ ၁၁ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၄ ပါး စုစုပေါင်း သာသနာ့အာဇာနည် စာအောင်သံဃာ ၉၅ ပါး အပါအဝင် သံဃာတော် ၂၆၆ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ ဖုန်း-၀၉-၂၆၄၄၃၆၅၄၅ သို့ ကြိုတင်၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မိုးကောင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**သထုံ မေ ၅**



မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး မိုးကောင်းကျေးရွာအုပ်စု မိုးကောင်းဘုရားကြီးဝင်းအတွင်းရှိ ဓမ္မာရုံ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ပြည်သူများနှင့်အတူ “ကျေးလက်ဒေသဖွံ့ဖြိုးရေး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်စီစဉ်၍ မွန်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇော၊ သထုံမြို့နယ် ဒုအုပ်ချုပ်ရေးမှူး ဦးကျော်သက်လွင်တို့က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ကျေးရွာနေ ပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည့် လမ်းတံတားများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်း စသည့် ကိစ္စရပ်များကိုမေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ တိုက်နယ်ကျန်းမာရေးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးဇော်လင်းထိုက်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဆိုင်ဦး၊ ခရိုင်ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုမြတ်ဆန်း၊ ဒုမြို့နယ်ပညာရေးမှူး ဦးအောင်ဆန်းနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်မြို့နယ်မှူး ဦးမြင့်ဇော်တို့က ဖြေရှင်းဆောင်ရွက်ပေးနိုင်မှုနှင့် သက်ဆိုင်ရာဌာနအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ မိုးကောင်း၊ ပန်းတိမ်းရိုး၊ ဇော်ဖ၊ ကလိကျွန်း၊ ကျွန်းလေးနှင့် ကင်မွန်းခြံကျေးရွာတို့မှ စိတ်ပါဝင်စားသည့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ခွန်(ဝင်းပ)**




## မြစ်သားမြို့၌ ပတ်ဝန်းကျင်ချစ်မြတ်နိုးသူများက စုပေါင်းအမှိုက်ကောက်

**မြစ်သား မေ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပတ်ဝန်းကျင်ချစ်မြတ်နိုးသူများက ရန်ကုန်-မန္တလေး လမ်းဟောင်းပိုင်း ဘေးဝဲယာ လက်ညှိုးထိုးလမ်းဆုံ မိုင်တိုင်အမှတ် ၃၈၉/၇မှ မြစ်သားမြို့နယ်အစ ရေဝန်းတံတားထိပ် မိုင်တိုင်အမှတ် ၃၉၁/၀ အထိ ယနေ့နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲအထိက စုပေါင်း၍ အမှိုက်ကောက်ကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ရာသို့ မြို့ပေါ်ရပ်ကွက်၊ ရေဝန်းကျေးရွာနှင့် ရွာရှည်ကျေးရွာများမှ ပတ်ဝန်းကျင်ချစ်မြတ်နိုးကြသော ဒေသခံပြည်သူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ စုစုပေါင်း ၁၁၀၀ ကျော် တက်ရောက်၍ စုပေါင်းအမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးဝင်မှုမြှင့်တင်ခြင်းဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲပြီးစီး

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI)က ဦးစီးကျင်းပသော မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျိုးဝင်မှု မြှင့်တင်ခြင်းဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်သောပတ်သက်သူများ၏ ဆွေးနွေးပွဲအခမ်းအနားကို မေ ၂ ရက်နှင့် မေ ၃ ရက်တို့တွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်တွင် ကျင်းပပြီးစီးခဲ့ပြီး ပိတ်သိမ်းပွဲကို မေ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မြိုင် (ကိုယ်အင်္ဂါမသန်စွမ်း)က မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာ နယ်ပယ်များတွင် ပါဝင်ခွင့်နှင့် အစိုးရထံ တင်ပြတောင်းဆိုထားသော မသန်စွမ်းသူများ အခွင့်အရေး (၁၁)ချက်၏ ပြီးစီးမှုများနှင့် ကျန်ရှိနေမှုများ ဆက်လက်လုပ်ဆောင်ရန် နည်းလမ်းတို့ကိုရှင်းလင်းတင်ပြ ဆွေးနွေးပြီး (MILI) မီလီအဖွဲ့က ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မသန်စွမ်းသူတိုင်း အကျုံးဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် မေးခွန်းများ ပြန်လည်ဖြေကြားခြင်းအပေါ် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ပြီး မြေပြင်အခြေအနေတွင် လက်တွေ့ဆောင်ရွက်မှု(၅)ရပ်၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်(၅)ရပ်တို့ကို အစုအဖွဲ့ငါးဖွဲ့ကိုယ်စား ပြည်ထောင်စုနယ်မြေ နေပြည်တော် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးညီငယ်က ဦးဆောင်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကြားဖြတ်အစီအစဉ်အရ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းဘေးဒဏ်သင့် ပြည်သူတို့အား (၁၁)နှစ်မြောက် အောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူဘာသာပေါင်းစုံတို့က တစ်မိနစ် ငြိမ်သက်ကာ ဆုတောင်းမေတ္တာ ပို့ကြသည်။ ညနေပိုင်းတွင် ယမန်နေ့က ပြုလုပ်ခဲ့သော Online & tag Campane ရမှတ်များကြေညာပြီး အမှတ်အများဆုံးရရှိသူ ငါးဦးအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ ဌာနအကြီးအမှူးတို့က လျှပ်စစ်ခတ်မှုကြောင့် ဆင့်ကဲဖြစ်ပွားလာနိုင်သော ဆီသိုလှောင်ကန်မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်သရုပ်ပြမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

✽ ရှေ့ဖုံးမှ

လက်ရှိအခြေအနေများနှင့် နောင်ဖြစ်တည်လာမည့် အနာဂတ်ကာလကို မျှော်မှန်းပြီး အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ကို Men Power၊ Equipment Power နှင့် Technology Power များ ဟန်ချက်ညီအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးပြတပ်ခွဲများနှင့် မီးသတ်ယာဉ်များက ပြည်ထောင်စုဝန်ကြီးအား ချီတက်အလေးပြုကြသည်။

**သရုပ်ပြသ**

ဆက်လက်၍ အစီအစဉ်အရ လျှပ်လှုပ်ခတ်မှုကြောင့် ဆင့်ကဲဖြစ်ပွားလာနိုင်သော ဆီသိုလှောင်ကန်မီးလောင်မှုအား မီးငြိမ်းသတ်ခြင်း၊ အထပ်မြင့် အဆောက်အဦ ပြိုကျမှုအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ Hazmat Response Team မှ Chemical Agent ယိုဖိတ်မှုများအား Operation Procedure အရ ရှင်းလင်းခြင်းများကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့မှ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ ဌာနအကြီးအမှူးများ၊ အရာရှိကြီးများ၊ အငြိမ်းစားအရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ဆက်လက်၍ ဂုဏ်ပြုလက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ သီတာခန်းမတွင် ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများက (၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဆုရရှိသည့် စစ်ရေးပြတပ်ခွဲများ၊ စံပြမီးသတ်စခန်းဆု၊ စံပြအမြန်လမ်း မီးသတ်စခန်းဆု၊ သက်ပြည့်အငြိမ်းစားခံစားခဲ့သည့် အရာရှိကြီးများ၊ ပြင်ပနည်းပြများ၊ နိုင်ငံတော်မှ ချီးမြှင့်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ (၂၅)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဗာတ်လမ်းများ၊ နှစ်ပတ်လည်မဂ္ဂဇင်းနှင့် သတင်းဆောင်းပါးများတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသော စာပေနှင့် အနုပညာရှင်များ၊ အလှူရှင်များ၊ ဗဟိုအဆင့် ကျင့်ဝတ်ဆုရရှိသည့် တပ်ဖွဲ့ဝင်များ၊ (၁)နှစ်တာအတွင်း ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရရှိ သည့် အမျိုးသား/ အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးစီနှင့် တစ်နှစ်တာအတွင်း အိမ်ထောင်သည် လိုင်းခန်းအကောင်းဆုံးဆု ရရှိခဲ့သည့် အိမ်ထောင်သည် အမျိုးသမီး တပ်ဖွဲ့ဝင်/ မိသားစုဝင်တစ်ဦးစီတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မန္တလေးမြို့၏ အရှေ့မြောက်ဘက် (၃၈)မိုင်အကွာ ရဲရမန်းကျေးရွာအနီး မြစ်ငယ်မြစ်ဝှမ်းပေါ်တွင် တည်ဆောက်ထားသည့် ရဲရွာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

**စဉ်ဆက်မပြတ်ထိန်းသိမ်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဓာတ်အားပေးစက်ရုံဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံရေရှည် တည်တံ့ခိုင်မြဲရေး၊ စက်စွမ်းအားပြည့် မောင်းနှင်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန်၊ ရေအားလျှပ်စစ်စက်ရုံများက ဆည်ရေလျော့နည်းကျဆင်းနေ၍ လျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းနေချိန်၌ ပြည်သူတို့၏ လျှပ်စစ်လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ပို ထုတ်နိုင်ရေးအတွက် အလေးထားကြိုးစားဆောင်ရွက်ကြရန် မတတ်သာ၍ ဝန်အားလျော့ရပါကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့အား တင်ပြကာ ပြည်သူလူထုကို ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံ၏ ဓာတ်အား ထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော် ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖြန့်ဖြူးပေးလျက်ရှိ**

ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မန္တလေးမြို့၏ အရှေ့မြောက်ဘက် (၃၈)မိုင်အကွာ ရဲရမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ရှိပြီး ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ထွက်ရှိသော ဖရန်စစ်(ဒေါင်လိုက်) တာဘိုင်အမျိုးအစား စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်ရှိကာ ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ၃၅၅၀ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ပြီး ၂၀၀၁ ခုနှစ်တွင် စတင်တည်ဆောက်၍ ၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော ဓာတ်အားများကို ၂၃၀ ကေဗွီ ရဲရွာ-ဘဲလင်း ဓာတ်အားလိုင်းနှစ်လိုင်းနှင့် ၂၃၀ ကေဗွီ ရဲရွာ-မိတ္ထီလာဓာတ်အားလိုင်း နှစ်လိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**အကောင်အထည်ဖော်**

မြစ်ငယ်မြစ်ဝှမ်းသည် ရေအရင်းအမြစ် ပေါကြွယ်ဝသည့်အလျောက် တည်ဆောက်ပြီး ရေအားလျှပ်စစ်စီမံကိန်းတစ်ခု၊ တည်ဆောက်ဆဲနှစ်ခုနှင့် တည်ဆောက်ရန် ဆောင်ရွက်ဆဲ ငါးခု စုစုပေါင်းရှစ်ခု အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းများအားလုံး ပြီးမြောက်သွားပါက တပ်ဆင်စက်အင်အား စုစုပေါင်း ၂၆၁၅ မဂ္ဂါဝပ်နှင့် နှစ်စဉ်လျှပ်စစ်ဓာတ်အား ၁၁၆၅၂ သန်းကီလိုဝပ်နာရီ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နှစ်စဉ်စီးဝင်ရေကို သိုလှောင်၍ ဓာတ်အားထုတ်လုပ်သည့် ရေလှောင်တမံစနစ်စီမံကိန်းများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရေလွှဲစနစ်၊ အနိမ့်တမံစနစ် စီမံကိန်းများ ပါဝင်မည်ဖြစ်သည့်အပြင် ထိုသို့ မြစ်ကြောင်းတစ်လျှောက် အဆင့်လိုက်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ရေအရည်အသွေးကျဆင်းမှုနှင့် ပတ်ဝန်းကျင် ဂေဟဗေဒစနစ် ယိုယွင်းမှုများ လုံးဝဖြစ်ပွားမှု မရှိစေရန် ရည်ရွယ်၍ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပဉ္စမအကြိမ် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် မေ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာ့ကူးမြို့တွင် မေ ၂ ရက်မှ ၃ ရက်အထိ ကျင်းပသော ပဉ္စမအကြိမ်ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ခွဲခြားမှု၊ မညီမျှမှုနှင့် အကြမ်းဖက်မှုပပျောက်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲမှသည် အကောင်အထည်ဖော်မှုဆီသို့ ဟူသော ဆောင်ပုဒ်ဖြင့်ကျင်းပသော အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၁၄၁ နိုင်ငံမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြီးအကဲများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လူ့အဖွဲ့အစည်းများ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းအသစ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသော ဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ မေ ၂ ရက်က တက်ရောက်ဆွေးနွေးခဲ့သည်။

### မဟာဗျူဟာစီမံကိန်းကို ချမှတ်

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ပညာရေးသည် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားမျှတရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ ရောက်ရှိရန်၊ လူတိုင်းပါဝင်သော တန်းတူညီမျှသော အရည်အသွေးရှိသည့် ပညာရေးကို ဖော်ဆောင်ရန်နှင့် လူတိုင်းအတွက် ဘဝတစ်သက်တာသင်ယူမှု အခွင့်အလမ်းများ မြှင့်တင်ရန်အတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းနေရေးနှင့် ကျောင်းထွက်နှုန်း ပပျောက်ရေးဟူသော မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မူလတန်းကလေးအားလုံး အရေး၊ အဖတ်၊ အတွက် တတ်မြောက်ရေး၊ အလယ်တန်းအဆင့်သို့ ကူးပြောင်းတက်ရောက်နိုင်ရေးကို ဦးတည်လျက် အခမဲ့မူလတန်းနှင့် အခမဲ့အလယ်တန်းပညာရေးကို ဖော်ဆောင်လျက်ရှိကြောင်း၊ ထင်ရှားသောပညာရေး ပြုပြင်ပြောင်းလဲမှုတစ်ခုမှာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ KG+12 စနစ်သစ်ကို ပြောင်းလဲခြင်းဖြစ်ကြောင်း၊ အလွတ်ကျက်မှတ်သည့် အလေ့အထမှ ပြောင်းလဲရန်အတွက် သင်ရိုးညွှန်းတမ်းအသစ်များတွင် စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာ ကျွမ်းကျင်မှု၊ ကာယပညာ၊ အနုပညာနှင့်ယဉ်ကျေးမှု၊ တီထွင်ဖန်တီးတတ်သော စိတ်ကူးဉာဏ်နှင့် နက်နက်ရှိုင်းရှိုင်း သင်ယူလေ့လာမှုကို အားပေးသော ၂၁ ရာစုနှစ်အတွက် လိုအပ်သည့် စွမ်းရည်များကို ထည့်သွင်းရေးဆွဲထားကြောင်း၊ အဆိုပါ သင်ရိုးညွှန်းတမ်းအသစ်များအတွက် မူလတန်းပြဆရာ ဆရာမအားလုံး ၂၆၀၀၀၀ ကိုလည်း သင်တန်းပို့ချပြီးဖြစ်ကြောင်း၊ အလယ်တန်းပြအားလုံးကိုလည်း သင်တန်းပို့ချနေပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုများအနက် အောင်မြင်မှုတစ်ခုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ကျောင်းသစ် ၁၀၂၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းဆောင်သစ် ၁၀၆၆၄ ခု တည်ဆောက်ခြင်း၊ ၁၀၈၀၃ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမျိုးသားပညာရေးဥပဒေအရ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရသော ကလေးငယ်များ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်လျက်ရှိကြောင်း၊ တိုင်းရင်းသားဘာသာစကား ၅၄ မျိုးကို သက်ဆိုင်ရာကျောင်းများတွင် သင်ကြားပေးလျက်ရှိပြီး သင်ကြားရေးအထောက်အကူပြု ဒေသခံ ဆရာ၊ ဆရာမ ၅၁၆၁ ဦးကို ခန့်ထားနိုင်ခဲ့ကြောင်း။

### အဆင့်မြှင့်တင်ရန်စီစဉ်

ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ၈၁ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ၂ နှစ်သင် ပညာရေးကောလိပ်များ အားလုံးကိုလည်း ၄ နှစ်သင် ပညာရေး ဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော နည်းပညာနှင့် သက်မွေး ပညာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိကြောင်း၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုကို အားပေးသော အဆင့်မြင့်ပညာကဏ္ဍကို ဖော်ဆောင်လျက်ရှိကြောင်း၊ တက္ကသိုလ်ဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်ပဋိညာဉ် စာတမ်းရေးဆွဲ၍ သင်ကြားရေးနှင့် စီမံခန့်ခွဲမှုတို့ကို အမျိုးသားပညာရေးဥပဒေအရ ဆောင်ရွက်နိုင်ရေးအတွက် အားပေးဖော်ဆောင်လျက်ရှိကြောင်း။

### လူနေမှုပုံစံများ ပညာပေး

အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် အဓိကဖြေရှင်းဆောင်ရွက်ရမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ အရက်ဘီယာနှင့် စီးကရက်မသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများကို ပညာပေးရန် စီစဉ်လျက်ရှိကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုကိုလည်း ထည့်သွင်းရန် စီစဉ်လျက်ရှိကြောင်း၊ ကျောင်းသားများနှင့် လူငယ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသော ကွန်ပျူတာဂိမ်းစွဲလန်းမှုကို လျှော့ချပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားများ၊ သင်ယူသူများ၊ မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့် မိမိနေထိုင်ရာ ကမ္ဘာကြီးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်မည့် အခွင့်အရေးများကို အသုံးချတတ်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။

### ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက်မွန်းလွဲပိုင်းတွင် အဇာဘိုင်ဂျန်နိုင်ငံ ပညာရေးဝန်ကြီး Dr.Jeyhun Bayramov နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းတို့အဖွဲ့သည် မေ ၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပဉ္စမအကြိမ်ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲတွင် ဆွေးနွေးစဉ်။



# မြင်းသောက်ကန် တူးဖော်ပြုပြင်ပြီး အထိမ်းအမှတ်အခမ်းအနား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်

**ချောက် မေ ၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဆားတောင်ကျေးရွာအုပ်စု မကျီးပင်တပ်ကျေးရွာ မြင်းသောက်ကန် တူးဖော်ပြုပြင်ပြီး အထိမ်းအမှတ် ဖဲကြိုးဖြတ်ခြင်းကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းတို့က မြင်းသောက်ကန်ပေါင်ပေါ်တွင် ယနေ့နံနက် ၉ နာရီက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်သည်။

ထို့နောက် မကျီးပင်တပ်ကျေးရွာ ဓမ္မာရုံ၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ရေကန်တူးဖော်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ မြင်းသောက်ကန်အား ပြုပြင်ရာတွင် ကန်ပေါင်အလျား ပေ ၂၂၀၀ အား ကန်ပေါင်မြှင့်တင်ပေးခြင်း၊ ရေထုတ်ပြွန်၊ ရေတံခါးအရွယ်အစား ၁ ဒသမ၅ ပေ×၁ ဒသမ ၅ ပေ ပြုပြင်ပေးခြင်း၊ ရေပိုလွှဲ အရွယ်အစား ၆၀ ပေ× ၆၀ ပေ ပြုပြင်ပေးခြင်း၊ ရေပေးမြောင်း အုတ်လိုင်နင် ပေ ၁၀၀၀ ပြုပြင်ပေးခြင်း၊ မြေသားမြောင်း ပေ ၁၀၀၀ ပြုပြင်ပေးခြင်းတို့အား မကွေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် စုစုပေါင်းကုန်ကျငွေကျပ် ၉၂၇ ဒသမ ၀၉ သိန်းဖြင့် ပြုလုပ်ဆောင်ရွက်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

# တနိုင်းမြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**တနိုင်း မေ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာ လေဘေးသင့်ပြည်သူများအား ပစ္စည်းနှင့်ငွေသားထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်းက အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်လှကေသီမာက လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စု မိုင်းခွန်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၃၅ စုတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး တစ်အိမ်ထောင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၃၅ စုအတွက် ငွေကျပ် ၃၅၀၀၀၀၀၊ ဆန်ရိက္ခာဖိုး တစ်ပတ်စာတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ၁၄၆ ဦးအတွက် ငွေကျပ် ၃၀၆၆၀၀ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ တစ်အိမ်ထောင်စု ၄၀၃၅၃ နှုန်းဖြင့် အိမ်ထောင်စု ၃၅ စုအတွက် စုစုပေါင်းပစ္စည်းတန်ဖိုး ငွေကျပ် ၁၄၁၂၃၅၅၊ ကချင်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေမှာ စုစုပေါင်း ငွေကျပ် ၅၂၁၈၉၅၅ ဖြစ်ပြီး ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဒေါင်ဟောင်းက လေဘေးသင့်ပြည်သူများအား အိမ်ထောင်စုစု ၃၅ စုအတွက် တစ်စုလျှင် တစ်ကိုယ်ရည် ကျန်းမာရေးသုံး ၁၁ မျိုးပါ ပစ္စည်းများနှင့် မိုးကာများ တစ်အိမ်ထောင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၃၅ စုအတွက် စုစုပေါင်း ပစ္စည်းတန်ဖိုး ငွေကျပ် ၂၁၀၀၀၀၀ ကို ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်း၊ ကချင်ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးဒေါ်လှကေသီမာ၊ ကချင်ပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးဒေါင်ဟောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးတို့က ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ ကချင်ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် တနိုင်းမြို့ပေါ်ရပ်ကွက်များရှိ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဦးစီးဌာန မူလွန်-ဟူးကောင်းကျောင်း၊ မူလွန်-ကောင်ဂျာကျောင်း၊ မူလွန်-ကင်ဆားရာကျောင်းများ ဆောက်လုပ်နေသည့် ပစ္စည်းများ၏ အရည်အသွေးပြည့်မီခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မောင်းကန်-မိုးတိမ်ပြင်ကျေးရွာချင်းဆက် မြေသားလမ်းနှင့် ကမ်းသာယာ ရေပိုက်လိုင်းသွယ်တန်းပေးဝေခြင်းလုပ်ငန်းဖွင့်ပွဲကျင်းပ

တောင်ကုတ် မေ ၅

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် မေ ၄ ရက် နံနက်ပိုင်းက သံတွဲမြို့နယ် ကွေ့ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ လိုအပ်သည့်ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရေတိုနှင့် ရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းစီစဉ်ပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က လတ်တလောလိုအပ်သည့် ကွေ့ချောင်းဆည်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်းတို့အား ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် ရခိုင်ပြည်နယ်အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP-Myanmar) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အကျယ်ပေ ၂၀၊ အရှည်သုံးမိုင်ခွဲကျော် ရှည်လျားသည့် တောင်ကုတ်မြို့နယ် မောင်းကန်-မိုးတိမ်ပြင်ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးပြီး ဒေသခံများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ သံမှူးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာနမှူး မစ္စတာကာဇူယူကီတာကီမီ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP-Myanmar) ၏ ဌာနေကိုယ်စားလှယ်မစ္စတာပီတာဘတ်ချလာတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ခိုင်ရာဇာထွန်းကုမ္ပဏီက ယင်းမြေသားလမ်းအား ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး လမ်းသစ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် ဂွမြို့နယ် ကမ်းသာယာကျေးရွာ မင်္ဂလာခန်းမ၌ ကျင်းပသည့် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် ရခိုင်ပြည်နယ်အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP-Myanmar) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကမ်းသာယာဆည်မှ ပိုက်လိုင်းသွယ်တန်း ရေပေးဝေခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ သံမှူးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဌာနမှူး မစ္စတာကာဇူယူကီတာကီမီက ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP-Myanmar) ၏ ဌာနေကိုယ်စားလှယ် မစ္စတာပီတာဘတ်ချလာက လှူဒါန်းရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နည်းပညာရောင်ခြည်များကုမ္ပဏီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရေသွယ်ယူရေးလုပ်ငန်းသစ်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အလှူရှင်များက ကမ်းသာယာဆည်မှ ဆပ်သွားတိုက်နယ်ဆေးရုံနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာလေးရွာဖြစ်သည့် ကမ်းသာယာ၊ သံခဲချိုင်၊ ဇီးကုန်း၊ ဂျိုင်ကောက်ရွာများသို့ ရေပိုက်လိုင်း သွယ်တန်းပေးဝေခြင်းလုပ်ငန်း မှန်ဦး၊ ကမ္ပည်းနှင့်ရေဘားတို့ကို ဖွင့်လှစ်ပေးပြီး ရေရရှိမှု အခြေအနေများကို ကြည့်ရှုကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ပြင်ပပုဂ္ဂလိကအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၅**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၌ ပြင်ပပုဂ္ဂလိကအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကျောင်းသုံး ဖတ်စာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းသူ ကျောင်းသားအားလုံးအတွက် ကျောင်းသုံးဖတ်စာအုပ် သန်းပေါင်း ၁၁၀ ကျော်ကို ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ သိလိုပါကြောင်း၊ ကျောင်းဖွင့်ချိန်အမီ အရည်အသွေးပြည့်မီသည့် ကျောင်းသုံး ဖတ်စာအုပ်များ ကျောင်းသူ ကျောင်းသားအားလုံးလက်ထဲသို့ ရောက်ရှိရန် လိုအပ်သဖြင့် လိုအပ်ချက်များရှိပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့မှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ထောက်ပံ့ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန၊ ပြင်ပပုဂ္ဂလိကအဖွဲ့များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးပြီး ယခုလုပ်ငန်းသည် တာဝန်ကြီးပြီး အင်မတန် မွန်မြတ်သည့်လုပ်ငန်းဖြစ်ကြောင်း၊ လာမည့်စာသင်နှစ်တွင် ဘာသာရပ်များ များပြားလာမည့်အတွက် ပုံနှိပ်ရမည့်အရေအတွက်လည်းများစွာ ပိုမိုလာမည် ဖြစ်ကြောင်း၊ ယခုနှစ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူပြီး ပိုမိုကောင်းမွန်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် The Global New Light of Myanmar သတင်းစာတိုက်သို့သွားရောက်၍ သတင်းခန်းမှ စာတည်းအဖွဲ့နှင့်တွေ့ဆုံပြီး သတင်းအကြောင်းအရာရွေးချယ်မှုမှန်ကန်ရေး၊ သတင်းအရည်အသွေးကောင်းမွန်ရေး၊ တစ်ခုတည်းသော နိုင်ငံပိုင်အင်္ဂလိပ်သတင်းစာဖြစ်သည့်အတွက် ပြည်တွင်းစာဖတ်သူသာမက ပြည်ပစာဖတ်သူများကိုပါ ဖတ်ချင်စိတ်ရှိအောင် အဓိကထား လုပ်ဆောင်ရေး၊ သတင်း၊ ဓာတ်ပုံအပြင်အဆင် ကောင်းမွန်တိုးတက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် စာတည်းအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၅**

နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တပ်ကုန်းမြို့နယ်၌ မိုးကြိုပဲတီစိမ်းစိုက် တောင်သူများအား နည်းပညာပေးဆွေးနွေး

**တပ်ကုန်း မေ ၅**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာနှင့် ရှောက်ကုန်းကျေးရွာများမှ မိုးကြိုပဲတီစိမ်းစိုက် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် နည်းပညာပေးဆွေးနွေးခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါ နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေး ဦးစီးဌာန ဥတ္တရခရိုင် ဦးစီးမှူး ဦးထိန်လင်းဟန်၊ ခရိုင် မြေ မျိုး ပိုး တာဝန်ခံနှင့် မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးထွန်းညွန့်တို့က ၂၀၁၉ ခုနှစ် မိုးကြိုပဲတီစိမ်း စိုက်ဧက ၇၀၀ ရေသွင်း စိုက်ပျိုးထားသည့် တောင်သူများအားစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းဖြင့် စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် မိုးကြိုပဲတီစိမ်းစိုက် တောင်သူများအား မျိုးစေ့နှင့် အပင်အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ဂျီဒီပီ(GDP)တိုးတက်မှု ၇ ဒသမ ၆ ရာခိုင်နှုန်း ရရှိစေရေးသို့

**မောင်သန်းဝင်းရွှေ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မျှော်မှန်းချက်မှာ 'နိုင်ငံတော်၏ စီးပွားရေးမူဝါဒ' သည် ပြည်သူဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်ရန်လည်း မျှော်မှန်းပါသည်။

**ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan- MSDP) သည်ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံဖြစ်စေမည့် ကာလရှည် ရည်မှန်းချက်ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မူဝါဒများနှင့်အဖွဲ့အစည်းများအကြား အပြန်အလှန်ညီညွတ်မှုရှိရေး ရည်ရွယ်ချက်အပေါ် အခြေခံပြီး ပြုပြင်ပြောင်းလဲမှုများ ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲဝံ့တည်ငြိမ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Substainable Development Plan-MSDP)ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။

**မဏ္ဍိုင်၊ ပန်းတိုင်နှင့် မဟာဗျူဟာများ**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)ကို မဏ္ဍိုင် သုံးရပ်၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းဖွဲ့စည်းထားမှု အချက်များအားလုံးသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ၊ မဲခေါင်ဒေသအတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံအသိုင်းအဝန်းနှင့် အခြားသောဒေသအတွင်း ကတိကဝတ် သဘောတူညီချက်များနှင့် ကိုက်ညီမှုရှိပါသည်။

ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီမြန်မာနိုင်ငံအဖြစ် တည်ဆောက်ရာဝယ် MSDP အရ မဏ္ဍိုင် သုံးရပ်မှာ (၁)ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၊ (၂) သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ (၃) ပြည်သူများနှင့် ကမ္ဘာမြေတို့ ဖြစ်ပါသည်။

မဏ္ဍိုင် (၁) ဖြစ်သော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၏ ပန်းတိုင် နှစ်ရပ်မှာ (က) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုပန်းတိုင်နှင့် (ခ)စီးပွားရေးတည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေးစီမံခန့်ခွဲမှုတို့ ဖြစ်ပါသည်။

မဏ္ဍိုင်(၂)ဖြစ်သော သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ပန်းတိုင်မှာ အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေးဖြစ်ပါသည်။

မဏ္ဍိုင် (၃) ဖြစ်သော ပြည်သူများနှင့် ကမ္ဘာမြေ၏ ပန်းတိုင်နှစ်ရပ်မှာ (က) ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်နှင့် (ခ) နိုင်ငံ၏အနာဂတ် မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်တို့ ဖြစ်ပါသည်။

အထက်ပါ ပန်းတိုင်ငါးရပ်အနက် ပန်းတိုင် (၂)ဖြစ်သော စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရိုစီးပွားရေး စီမံခန့်ခွဲမှု၏ မဟာဗျူဟာ (၅) ရပ်မှာ-

(၁) နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် နိုင်ငံခြားငွေပေး ငွေယူ ရှင်းတမ်းကိုထိရောက်စွာ စီမံခန့်ခွဲခြင်း၊

(၂) ငွေကြေးဖောင်းပွမှုကို လျှော့ချခြင်းနှင့် ငွေကြေး တည်ငြိမ်မှု ထိန်းသိမ်းခြင်း၊

(၃) မျှတ၍ ပွင့်လင်းမြင်သာပြီး စွမ်းရည်ပြည့်ဝသည် အခွန်စနစ်ဖြင့် ပြည်တွင်းအခွန်ရရှိမှု တိုးမြှင့်ခြင်း၊

(၄) အရင်းအမြစ်များကို တည်ငြိမ်စွာဖြင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေခြင်း၊

(၅) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်းတို့ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၂၃၀ အရ ဘဏ္ဍာရေးကော်မရှင်သည် တိုင်းဒေသကြီး(သို့)ပြည်နယ်များအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စ တစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းအပါအဝင် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေများပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလျက် နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ လိုငွေဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စရပ်အတွက် ထောက်ပံ့ပေးခြင်း လိုအပ်ပါက ချေးငွေများခွင့်ပြုခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အမျိုးသားစီမံကိန်း ရည်မှန်းချက်**

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ လိုငွေထောက်ပံ့ခြင်းများအတွက် ငွေကျပ် ၁၇၉၃၆၄၅ ဘီလီယံ လျာထားပါသည်။ ထို့အတူ စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်ရန်ရည်မှန်းထားပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို (ပုံမှန်ဈေးနှုန်းအရ) ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

လယ်ယာကဏ္ဍကြီးတွင် အဓိကအားဖြင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်မည့်အလားအလာရှိမှု၊ သားငါးကဏ္ဍထုတ်လုပ်မှုကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပ တင်ပို့မှုနှင့် ထပ်ဆင့်တိုးတန်ဖိုးထုတ်လုပ်မှု (Value added)ရရှိရေး ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းပါသည်။

စက်မှုကဏ္ဍကြီးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်းနှင့်အတူ ငွေကြေးအရင်းအနှီးလိုအပ်သည့် စီးပွားရေးအခြေခံလုပ်ငန်းများအား နှစ်လတ်ချေးငွေ ထုတ်ချေးခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးမှုဖြင့် ထုတ်လုပ်မှု ပိုမိုထွက်ရှိရေး အခြေခံအဆောက်အအုံအသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် တန်ဖိုးနည်းအိမ်ရာများပေါ်ထွန်းလာစေရေးများကို ရည်မှန်းထားပါသည်။

ဝန်ဆောင်မှုကဏ္ဍကြီးတွင် လမ်းကွန်ရက်များ ဖွံ့ဖြိုးမှုဖြင့် လျင်မြန်သွက်လက်လွယ်ကူသော ပို့ဆောင်ရေးစနစ်၊ ပေါ်ထွန်းမှုမှသည် ငွေရေးကြေးရေးဝန်ဆောင်မှု အပါအဝင် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်းဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးမှု ပေါ်ထွက်လာစေရေးများကို ရည်မှန်းထားပါသည်။

**ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်**

ငွေဖောင်းပွမှုနှင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း တည်ငြိမ်မှုတို့သည် အပြန်အလှန် ချိတ်ဆက်နေပါသည်။ အထူးသဖြင့် ငွေကြေး ဖောင်းပွမှုနှုန်း မြင့်တက်နေသည့်ကာလတွင် မြန်မာကျပ်ငွေ(MMK)၏ ထိရောက်သော ငွေလဲလှယ်နှုန်းမှာ အကြိမ်ကြိမ် သိသာစွာ တန်ဖိုးကျဆင်းနေချိန်တွင် ထိရောက်သော အမှန်ငွေလဲလှယ်နှုန်းမှာ သိသိသာသာ တည်ငြိမ်မှုရှိနေပါသည်။ ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းရန် ငွေဖောင်းပွမှု တည်ငြိမ်ရမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အစိုးရငွေချေးစာချုပ်အတွက် ထပ်ဆင့်ဈေးကွက်မရှိသေးခြင်းကြောင့် ငွေကြေးမူဝါဒ ရည်မှန်းချက် ပြည့်မီစေရန်အတွက် လိုအပ်နေသည့် ငွေရေးကြေးရေး ဈေးကွက်များကို ဖွံ့ဖြိုးလာစေရေးကို အားထုတ်ကြိုးပမ်းရန်မှာ အဓိကအရေးပါမှုဖြစ်ပါသည်။

ယင်းဈေးကွက်များတွင် ဗဟိုဘဏ်မှ ဆောင်ရွက်သည့် Open Market Operation များ ပိုမိုထိရောက်အောင် ဆောင်ရွက်နေသည့်ဘဏ်အချင်းချင်း ရောင်းဝယ်မှုဈေးကွက် (interbank) နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များ အသုံးပြု၍ ငွေကြေးဈေးကွက်မှ ကာလတိုချေးငှားမှု ဈေးကွက်တို့ ပါဝင်ပါသည်။ ဈေးကွက်ဖွံ့ဖြိုး၍ လိုအပ်သော အဖွဲ့အစည်းများမှာလည်း အဆင်သင့်ဖြစ်ပါလျှင် အတိုးနှုန်းနှင့် သီးသန့်ငွေကြေးပမာဏ ရည်မှန်းသတ်မှတ်ထားခြင်းကဲ့သို့သော အခြားစနစ်များကိုပါ လုပ်ဆောင်လာနိုင်မည်ဖြစ်ပေသည်။

၂၀၁၈ ခုနှစ်တွင် အချို့သော ဒေသများ၌ သဘာဝဘေးကျရောက်ခဲ့ရာတွင် နိုင်ငံတော်က ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ ပြည်သူများ၏ လူမှုဘဝ လုံခြုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးနှင့် ပညာရေး ဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်ရေးကိုပါ မျှော်မှန်းချက် ရှိပေသည်။ များမကြာမီ ကာလက အမေရိကန်ဒေါ်လာ မြင့်တက်ခြင်းနှင့်အတူ နိုင်ငံအများစု၏ ငွေကြေးတန်ဖိုး ကျဆင်းခြင်းဖြစ်ပေါ်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကျပ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများ မြင့်တက်မှုဒဏ်ကို အနည်းနှင့်အများ ခံစားနေရပါသည်။

နိုင်ငံတော် မူဝါဒအရ ဦးစားပေးဆောင်ရွက်မည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စီးပွားရေးတည်ငြိမ်မှု၊ မေခရိုစီးပွားရေး စီမံခန့်ခွဲမှုခိုင်မာအားကောင်းသော စီမံမှု၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန်နှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်တိုးတက်ရေးများကို ပေါင်းစပ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်း ရည်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပေသည်။

စီးပွားရေး တိုးတက်မှုအနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပဝယ်လိုအားပြောင်းလဲမှုကြောင့် သီးနှံအချို့ တင်ပို့မှုလျော့နည်းခဲ့သော်လည်း ပြည်ပသို့ ဆန်ပိုမိုတင်ပို့နိုင်ခဲ့၍ ပြည်ပကုန်သွယ်မှုပမာဏ မြင့်တက်ခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်း၊ အသေးစားနှင့် အလတ်စား ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအရင်းအနှီး ရရှိရေး ပံ့ပိုးကူညီခဲ့ခြင်း၊ နိုင်ငံခြားသား ခရီးသည် ဝင်ရောက်မှုမြင့်တက်ခြင်းနှင့်အတူ ပြည်တွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာခြင်းတို့ကြောင့် GDP ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရခြင်းဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည် အသက်ဝင်လာခြင်း၊ စီးပွားရေးထွန်းသစ်စ အာရှနိုင်ငံများ၏ တိုးတက်မှုဆက်လက် အားကောင်းနေခြင်းနှင့် အထွေထွေကုန်စည်တင်ပို့သူများ ပြန်လည်တင်ပို့လာနိုင်ခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေး အခြေအနေသည် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ IMF မှ ထုတ်ဝေသော World Economic Outlook April 2018 တွင် ဖော်ပြထားပါသည်။ ထို့အတူ အာဆီယံဒေသအတွင်း နိုင်ငံများတွင် ပြည်ပပို့ကုန် ပြန်လည်မြင့်တက်လာခြင်း၊ အခြေခံအဆောက်အအုံဆိုင်ရာ ဆောက်လုပ်မှုအတွက် ငွေကြေးသုံးစွဲခြင်းကြောင့် ပြည်တွင်းဝယ်လိုအား ခိုင်မာအားကောင်းလာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်း စသည့် စီးပွားရေးတိုးတက်မှုအခြေအနေများ ပေါ်ထွန်းခဲ့ပါသည်။

**စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်မှန်းချက်**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးအဆင့်ကွာဟချက် လျော့နည်းလာစေရန် အာဆီယံပေါင်းစည်းရေးအစီအစဉ် (Initiative for ASEAN Integration-IAI)၊ မဲခေါင်ဒေသတွင်းနိုင်ငံများ(GMS)၊ CLMV နိုင်ငံများ၊ ထိုင်း၊ ဂျပန်နိုင်ငံတို့နှင့် ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်၊ တရုတ်နိုင်ငံနှင့် ပေါင်းစပ်ဆောင်ရွက်နေသည့် Economic Corridor နှင့် ရပ်ဝန်းနှင့် လမ်းကြောင်း (Belt and Road) စသည်တို့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၏ စီးပွားရေးအကျိုးဆက်များမှာလည်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်မှန်းချက်အတွက် အထောက်အပံ့တစ်ရပ်ဟု မှတ်ယူနိုင်သည်။

ပြည်ပမှ တင်သွင်းလာသော ကုန်စည်ကြောင့် ပြည်တွင်းရှိ အလားတူ ကုန်စည်ထုတ်လုပ်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားရန် သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ (Safeguard Law on Increased Import)၊ လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနှင့် အစိုးရထောက်ပံ့မှု ရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးမှုဥပဒေ (Anti dumping and Counter vailing Law) များအား WTO သတ်မှတ်ချက်နှင့်အညီ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံသား လုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးကို အထူးအလေးပေးဆောင်ရွက်မှုပြုရန် လိုအပ်လျက်လည်း ရှိပေသည်။

ထို့ကြောင့် ဧပြီ ၉ ရက် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သော GDP တိုးတက်မှု မှန်းချက်နှင့်အညီ ပေါ်ထွန်းနိုင်ရေးအတွက် နိုင်ငံတော်၏ အသုံးစရိတ်များသည် အဓိကမောင်းနှင်အားဖြစ်၍ 'ဟန်ပြ ဖြစ်စေမည့်လုပ်ငန်းများအတွက် သုံးစွဲခြင်းမျိုး မဖြစ်စေဘဲ ပြည်သူအတွက် အမှန်တကယ်အကျိုးရှိစေမည့် လုပ်ငန်းများအတွက်သာ သုံးစွဲခြင်းဖြစ်စေလိုပါကြောင်း' ဟူသော လမ်းညွှန်ချက်ကို အထူးအလေးထားလိုက်နာကြရန် လိုအပ်လှပါသည်။ သို့မှသာ မျှော်မှန်းထားသည့်အတိုင်း မှန်းချက်နှင့် နှမ်းထွက်ကိုက်မည်မှာ မုချဖြစ်ပေသည်။ ။

**"စီးပွားရေး တိုးတက်မှုအနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပဝယ်လိုအားပြောင်းလဲမှုကြောင့် သီးနှံအချို့ တင်ပို့မှုလျော့နည်းခဲ့သော်လည်း ပြည်ပသို့ ဆန်ပိုမိုတင်ပို့နိုင်ခဲ့၍ ပြည်ပကုန်သွယ်မှုပမာဏ မြင့်တက်ခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်း၊ အသေးစားနှင့်အလတ်စား ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နည်းပညာနှင့်ငွေကြေးအရင်းအနှီးရရှိရေး ပံ့ပိုးကူညီခဲ့ခြင်း၊ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုမြင့်တက်ခြင်းနှင့်အတူ ပြည်တွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာခြင်းတို့ကြောင့် GDP ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရခြင်းဖြစ်ပါသည်"**

---

## ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းကို အဆင့်မြှင့်တင်နေ

**ရန်ကုန် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်(၃) ခရိုင်အတွင်း ခရိုင်ချင်းဆက်ဖောက်လုပ်ထားသော ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြကားလမ်းသည် ဘိုကလေးမှ မြောင်းမြအထိ (၆၈)မိုင် (၇)ဖာလုံရှိပြီး နာဂစ်အလွန်ကာလက ဖောက်လုပ်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ယက်များအနက် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသော လမ်းကွန်ရက်အမှတ်(၁၀)ဖြစ်သည်။

အဆိုပါကားလမ်းကို တိုင်းဒေသကြီးအတွင်း ဒေသခံပြည်သူများအတွက် လိုအပ်ချက်အရ နာဂစ်အလွန်ကာလ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း လမ်းဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော မြတ်နိုးသူ ကုမ္ပဏီအား မြေသားတာဘောင်တည်ဆောက်စေခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြောင်းမြခရိုင်၊ ဖျာပုံခရိုင်၊ လပွတ္တာခရိုင်တို့က မိမိတို့ ခရိုင်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသောလမ်းအပိုင်းတို့အား လွှဲပြောင်းရယူပြီးနောက် ယခုအခါ ဖျာပုံခရိုင်၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့(၂၁)တို့က ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်း၏ မြောင်းမြခရိုင်မှ တာဝန်ယူရသည့်အပိုင်း၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆၀ ဒသမ ၄၆ သန်း၊ ပြည်ထောင်စုပြင်/ထိန်းခွင့်ပြုရန်ပုံငွေကျပ် ၁၂၅ ဒသမ ၈၁၇ သန်း၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၀၄၉ ဒသမ ၇၂၇ သန်း သုံးစွဲပြီး အမာခံလမ်းတည်ဆောက်ခြင်း၊ ကတ္တရာခင်းခြင်း၊ လမ်းပေါ်ရှိတံတားများအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း၊ လမ်းဘေး၌ မြေသားရေမြောင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖျာပုံခရိုင် လမ်းဦးစီး၊ လပွတ္တာခရိုင်လမ်းဦးစီးနှင့် လမ်းအထူးအဖွဲ့(၂၁)တို့ကလည်း မိမိတို့ တာဝန်ယူရသည့်အပိုင်းတို့၌ အမာခံလမ်းနှင့် မြေသားလမ်းအဆင့်မှ ခွင့်ပြုသည့် ရန်ပုံငွေများဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိနေကြသည်။

**ခရမ်းစိုးမြင့်**



ဘိုကလေး-မြောင်းမြ ကားလမ်းပိုင်းတစ်နေရာ၌ အဆင့်မြှင့်တင်နေစဉ်။

# မန္တလေးမြို့တွင် (၇၃)ကြိမ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

မန္တလေး မေ ၅

**(၇၃) ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းတွင် ယနေ့ နံနက် ၇ နာရီက ကျင်းပကြောင်း သိရသည်။**



အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များက ပိုလန်နိုင်ငံမှအသစ်ရောက်ရှိလာသည့် မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ် သရုပ်ပြခြင်း၊ အထပ်မြင့် မီးလောင်မှုများအား သရုပ်ပြငြိမ်းသတ်ပြခြင်း၊ အသက်ကယ်ယာဉ်များအသုံးပြု၍ အသက်ကယ် သရုပ်ပြခြင်းများနှင့် ငလျင်လှုပ်လျှင် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများတွင် မည်သို့ကယ်ဆယ်ရသည်များကို သရုပ်ပြသမှုများ ပြုလုပ်ခဲ့ကြသည်။ **(ယာပုံ)**

"မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနဲ့ မီးငြိမ်းသတ်ရေးတွေကို တစ်ဆင့်ပြီးတစ်ဆင့် အားကောင်းကောင်းနဲ့တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နေဖို့ လိုပါတယ်။ ဒီနေ့ဒီအချိန်အခါမှာ နေရာတိုင်း နယ်ပယ်တိုင်းမှ အဆင့်မြင့်နည်းပညာတွေနဲ့ ဆောင်ရွက်နေကြတယ်။ မီးသတ်လုပ်ငန်းမှာ အဆင့်မြင့်နည်းပညာတွေနဲ့ ဆောင်ရွက်ခဲ့လို့ ယခင်ကထက် အောင်မြင်မှုတွေ ရရှိနေတယ်ဆိုတာ လက်တွေ့ အထင်အရှား တွေ့မြင်နိုင်ပါတယ်။ ဓာတုဗေဒသဘော၊ ရူပဗေဒသဘောတို့ကို အပြည့်အဝသိရှိရမယ့်အပြင် ခေတ်နဲ့စနစ်နဲ့အညီ မီးငြိမ်းသတ်ရေးပညာကို ကျွမ်းကျင်အောင် ကြိုးစားဆောင်ရွက်ထားကြဖို့ လိုမှာဖြစ်ပါတယ်" ဟု ၎င်းဖွင့်ပွဲတွင် ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အလိုက် အသိပညာပေးဟောပြောမှုများ လုပ်ဆောင်နေသလို နေ့စဉ် မီးသတိပေးလှည့်ဆော်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"မီးသတ်တပ်ဖွဲ့ဝင် ဆိုတာဟာ မီးငြိမ်းသတ်ရေး တာဝန်များကိုသာ ထမ်းဆောင်နေကြရသူများ မဟုတ်ဘဲ မိမိတို့အဓိကတာဝန်သည် သဘာဝဘေးဒဏ် တစ်ခုခု သို့မဟုတ် မီးဘေးတစ်ခုခု ကျရောက်ပါက မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုပါ အချိန်မဆိုင်းဘဲ အမြန်ထမ်းဆောင်နေကြသူများဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောကြားသည်။

အဆိုပါ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်များမှာ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသော ဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူ လုပ်ဆောင်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရုပ်ရှင်ရုံ ၁၃၁ ရုံ၊ ပိတ်ကားပေါင်း ၁၅၁ ခုမြောက်အဖြစ် Mingalar Cinemas Gold Class အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်

**ရန်ကုန် မေ ၅**

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်သူများ အပန်းဖြေနိုင်ရန်အတွက် ရုပ်ရှင်ရုံ ၁၃၁ ရုံ၊ ပိတ်ကားပေါင်း ၁၅၁ ခုမြောက်အဖြစ် Mingalar Cinemas Gold Class အဆင့်မြင့်ရုပ်ရှင်ရုံကို မေ ၉ ရက်တွင် စတင်ဖွင့်လှစ်ကာ ရုပ်ရှင်ဇာတ်ကားများကို ပြသသွားမည်ဖြစ်ကြောင်း မင်္ဂလာကုမ္ပဏီလီမိတက်မှ သိရသည်။

မင်္ဂလာကုမ္ပဏီလီမိတက်မှ ဦးမြတ်ခိုင်စိုးက "မင်္ဂလာကုမ္ပဏီအနေနဲ့ ဖွင့်လှစ်တဲ့ ရုပ်ရှင်ရုံအနေနဲ့ဆိုရင် ၂၇ ရုံမြောက်ပါ။ ပိတ်ကားပေါင်းအနေနဲ့ကတော့ ၄၈ ခုမြောက်ပါ။ ဒီရုပ်ရှင်ရုံမှာတော့ ရုံသုံးရုံပါဝင်ပါတယ်။ အဆင့်အတန်းမြင့်ရုပ်ရှင်ရုံတွေပါ။ ခုံတွေကလည်း နောက်ကိုလှန်လို့ရမယ်။ တကယ့်ကို ကောင်းကောင်းမွန်မွန် ကြည့်ရှုလို့ရမယ့် ရုံတွေပါ။ အေးအေးဆေးဆေးကြည့်နိုင်မယ့် ပရိသတ်တွေအတွက် အဓိကထားပြီး အခုလိုဖွင့်လှစ်လိုက်တာပါ" ဟုပြောသည်။

Mingalar Cinemas Gold Class အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲနှင့် ပတ်သက်၍ ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါရုပ်ရှင်ရုံတည်ရှိရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Kabaraye Executive Residence (KER) Shopping Mall (၅) လွှာတွင် ပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြပြီး Mingalar Cinemas Gold Class အဆင့်မြင့်ရုပ်ရှင်ရုံ ရုံ (၁) တွင် ပြသသည့် 3D ဇာတ်ကားနမူနာများကို ကြည့်ရှုအားပေးကြသည်။

Mingalar Cinemas Gold Class အဆင့်မြင့်ရုပ်ရှင်ရုံတွင် ရုံသုံးရုံ၊ ပိတ်ကားသုံးခုရှိပြီး ကြည့်ရှုနိုင်သူအရေအတွက်မှာ ရုံ (၁) တွင် လူဦးရေ ၆၀ ၊ ရုံ (၂) တွင် ၂၉ ဦး ၊ ရုံ (၃) တွင် ၃၃ ဦး စီစဉ်ထားရှိသည့်အတွက် တစ်ချိန်တည်းတွင် လူဦးရေ ၁၂၂ဦး တစ်ပြိုင်တည်းကြည့်ရှုနိုင်သည့်အပြင် နိုင်ငံတကာအဆင့်မီ တစ်ယောက်ထိုင်ခုံနှင့် နှစ်ယောက်တွဲထိုင်ခုံတို့ဖြင့် အဆင့်အတန်းမြင့်စွာ ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံအနေဖြင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သည့် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခုသာ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ယနေ့အထိ ရုပ်ရှင်ရုံ ၁၃၁ ရုံ၊ ပိတ်ကား ၁၅၁ ခုအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိရာ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု အပိုင်းတွင် ၂၀၁၄ ခုနှစ်၌ (၉)ကားသာ ခွင့်ပြုခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကား၊ ၂၀၁၈ ခုနှစ်တွင် ၁၃၃ ကား၊ ၂၀၁၉ ခုနှစ် ယနေ့အထိ ၃၅ ကား ခွင့်ပြုနိုင်ခဲ့ကြောင်းသိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**





# ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယအတွင်းရေးမှူး မြန်မာနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် မေ ၅**

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယအတွင်းရေးမှူး Mr. Richard Maude ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၇ ရက်တွင် နေပြည်တော်၌ကျင်းပမည့် တတိယအကြိမ်မြောက် မြန်မာ-ဩစတြေးလျနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Ms. Andrea MARIE Faulkner တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေးပညာပေးဆွေးနွေးပွဲ လောက်ကိုင်၌ ကျင်းပ

**လောက်ကိုင် မေ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းအုပ်စု မန်မိုင်ကျေးရွာ စာသင်ကျောင်း၌ တောင်သူများအား ငမြှောင်တောင်ကာကွယ်နှိမ်နင်းရေးပညာပေးဆွေးနွေးပွဲကို မေ ၄ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က တောင်သူများဆွေးနွေးပို့ချသော နည်းပညာများကို မှတ်သားလိုက်နာဆောင်ရွက်ကြရန် ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်က လာမည့်မိုးရာသီတွင် လျာထားစိုက်ပျိုးမည့်အစေ့ထုတ်ပြောင်း ၁၈၆၃၇ ဧကနှင့် ဖူးစားပြောင်း ၂၉၆ ဧကတို့အား ငမြှောင်တောင်ဖျက်ပိုးမကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းနည်းများ ဆွေးနွေးပို့ချခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမိုးမင်းစိုးက ငမြှောင်တောင်ဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများကို ဆွေးနွေးကြကြောင်း သိရသည်။

**မြန်မာ့အလင်း**





နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် (၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

# (၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား နေပြည်တော်၌ ကျင်းပ

**နေပြည်တော် မေ ၅**

နေပြည်တော်တိုင်း မီးသတ်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ် (၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးပွဲတော်ကွင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး ဒေါ်ခင်စောမူ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုခြင်း၊ သစ္စာ(၄)ချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က မိန့်ခွန်း ပြောကြားသည်။

**လက်တွေ့သရုပ်ပြ**

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီဆိုင်တွင် ဆီသယ်ယာဉ်မှ ဆီပီပါအတွင်းသို့ ဆီထည့်စဉ် ပွတ်တိုက်မှုကြောင့် မီးပွင့်ရာမှဖြစ်ပွားသော မီးလောင်မှုကို မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ယာဉ်မတော်တဆ တိုက်မိမှုကြောင့် ယာဉ်အတွင်းပိတ်မိနေသော လူနာကို ကယ်ဆယ်ခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ ဆာလဖြူရစ်အက်စစ်ယိုစိမ့်မှုဖြစ်စဉ်တွင် Hazmet Vehicle Respond Team ၏ ဘေးအန္တရာယ်လျော့ပါးရေးနှင့် CBRNE ကယ်ဆယ်ရေးဆောင်ရွက်မှု အစီအစဉ်နှင့် ဆေးရောင်စုံရေပက်ဖျန်းခြင်းတို့ကို လက်တွေ့သရုပ်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စစ်ရေးပြနှင့် သရုပ်ပြအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် အမျိုးသားတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီးက စစ်ရေးပြနှင့် သရုပ်ပြအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် အမျိုးသမီးတပ်ဖွဲ့ဝင်များကို လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လုပ်သက် ၂၅ နှစ်အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသော တပ်ဖွဲ့ဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ၂၀၁၉ ခုနှစ် (၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ပြခန်းများ၊ မီးသတ်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**

# အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲ၌ ဘိလိယက်တွင်ရွှေတစ်ခု၊ ကြေးတစ်ခုရရှိ

**ရန်ကုန် မေ ၅**

အိန္ဒိယနိုင်ငံ ချန်ဒင်ဂတ်မြို့၌ ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ ကျင်းပခဲ့သည့်(၁၈) ကြိမ်မြောက် အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲသို့ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်နှင့် အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ခု၊ ကြေးတစ်ခုဆွတ်ခူးရရှိပြီး ယနေ့ညပိုင်းက ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ အားကစားသမားများ၊ မိဘဆွေမျိုးများက ကြိုဆိုခဲ့ကြသည်။ ပြိုင်ပွဲသို့ မြန်မာအားကစားသမားများအဖြစ် ဘိလိယက်ပြိုင်ပွဲတွင် နေသွေးဦး၊ ချစ်ကိုကို၊ ပေါက်စ စနူကာပြိုင်ပွဲတွင် နေလင်းထွန်း၊ ရဲရင့်မှူးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘိလိယက်ပြိုင်ပွဲတွင် နေသွေးဦးက ရွှေတစ်ခု၊ ချစ်ကိုကိုက ကြေးတစ်ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ “ ဒီပြိုင်ပွဲမှာ အိမ်ရှင်အိန္ဒိယကစားသမားများကို အဓိကယှဉ်ပြိုင်ရတယ်။ ဆီမီးဖိုင်နယ်မှာ ချစ်ကိုကိုနိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာ ပရာပွတ်ကို ၆-၂ ဖြင့် နိုင်ခဲ့တာပါ။ မြန်မာနိုင်ငံမှာ ပြိုင်ပွဲတွေ ကျင်းပခဲ့လို့ ဘိလိယက်ကစားသမားတွေ လက်တန်းမနိမ့်တော့ပါဘူး။ ၉ လပိုင်းဆိုရင် မြန်မာနိုင်ငံမှာ ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲရှိမယ်။ အဓိကယှဉ်ပြိုင်ချင်တာ ဆီးဂိမ်းပြိုင်ပွဲဖြစ်ပါတယ်” ဟု ချန်ပီယံဆုရ နေသွေးဦးက ပြောသည်။

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ၂၀၀၆ ခုနှစ်က အာရှအဆင့် ဘိလိယက်ပြိုင်ပွဲတွင် အောင်ဆန်းဦးက ရွှေတံဆိပ်ရရှိခဲ့ပြီး ယခု ၂၀၁၉ အာရှအဆင့် ဘိလိယက်ပြိုင်ပွဲ၌ နေသွေးဦးက ချန်ပီယံရွှေတံဆိပ်ဆုရရှိခဲ့ခြင်း ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ- တင်စိုးလင်း**



ဘိလိယက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ နေသွေးဦးအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသူများကို တွေ့ရစဉ်။




ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ပထမဆုရအသင်းအား ဆုချီးမြှင့်စဉ်။

# မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား Dance Fit Expo အလွတ်တန်းဖိတ်ခေါ် ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲ 2019 Dance Fit Expo (Myanmar Fitness Dance) ZUMBA ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲများအပြီး မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်နန်းအေးခိုင်က ပြိုင်ပွဲဝင် Fitness Dance Zumba အသင်းများအား အထိမ်းအမှတ်ဆုများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လေးက တတိယဆုရ The Blazer အသင်းအားတစ်ဦးချင်း Trophy ဆုများနှင့် ငွေကျပ်သုံးသိန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်က ဒုတိယဆုရ Wander Girls အသင်းအား တစ်ဦးချင်းTrophy ဆုနှင့် ငွေကျပ်ငါးသိန်း ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပထမဆုရ Power House အသင်းအား တစ်ဦးချင်း Trophy ဆုများနှင့် ငွေကျပ်ခုနစ်သိန်းချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းစုပေါင်းသရုပ်ပြသ Fitness ကစားပြသမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး Music နှင့်အားကစား ပေါင်းစပ်ထားသည့် အားကစားနည်းတစ်ခုဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် ရန်ကုန်မြို့ရှိ Fitness Center အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းတို့က မေ ၄ ရက်မှ ၅ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဗလစိုး**

# ပြည်သူ့အသက်အိုးအိမ်ဆုံးရှုံးမှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ကူညီကယ်ဆယ်ဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံအတွင်းရှိကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်နှင့် အခြားသော ဘေးအန္တရာယ်များ ပေါ်ပေါက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည်မှာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များပင် ဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရည်မှန်းချက်တာဝန် (၄)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသူများ ဖြစ်သည်။

(၇၃) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ရန်ကုန်နှင့် နေပြည်တော်၌ ကျင်းပခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ၏ စစ်ရေးပြမှု၊ သရုပ်ပြမီးငြိမ်းသတ်မှုအမျိုးမျိုးတို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**သတင်းအဖွဲ့**



စက်သုံးဆီဆိုင်တွင် ဆီသယ်ယာဉ်မှ ဆီပီပါအတွင်းသို့ ဆီထည့်စဉ် ပွတ်တိုက်မှုကြောင့် မီးလောင်မှုဖြစ်ပေါ်ပါက မီးငြိမ်းသတ်မှုသရုပ်ပြ မြင်ကွင်း။



(၇၃) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ အားမာန်အပြည့်ဖြင့် စစ်ရေးပြမှုကို တွေ့ရစဉ်။



ယာဉ်မတော်တဆတိုက်မှုကြောင့် ယာဉ်အတွင်းပိတ်မိနေသော လူနာကို ကယ်ဆယ်မှုသရုပ်ပြပြဟန်။



ဓာတုဗေဒ ယိုဖိတ်မှုဖြစ်ပေါ်ပါက **Hazmat Response Team** ၏ ရှင်းလင်းဆောင်ရွက်သည့် သရုပ်ပြမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်ဝင်းလေး



ငလျင်လှုပ်မှုကြောင့် အထပ်မြင့်အဆောက်အအုံပြိုကျမှုအန္တရာယ်ဖြစ်ပေါ်ပါကရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု သရုပ်ပြကွက်။



မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ခေတ်မီမီးငြိမ်းသတ်ယာဉ်များ၊ ကူညီကယ်ဆယ်ရေးယာဉ်များကို တွေ့ရစဉ်။

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လေးမျက်နှာမြို့နယ်မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

လေးမျက်နှာ မေ ၅

**ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် မေ ၅ ရက် မွန်းလွဲ ၁ နာရီက လေးမျက်နှာမြို့နယ် အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍**(အောက်ပုံ)**ပြည်သူများ၏ တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**



**ပူးပေါင်းပါဝင်**

အဆိုပါတွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူများ၏လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အကူအညီနှင့် နည်းပညာများပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးတိုးတက်မြင့်မားရေး စသည့်လုပ်ငန်းများအတွက် အစိုးရဌာနများ၊ လွှတ်တော်များက ပြည်သူလူထု၏ဆန္ဒနှင့်အညီ မြို့နယ်များမှ တင်ပြလာသည့် စီမံကိန်းလုပ်ငန်းများအပေါ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိရာတွင် ပြည်သူတစ်ဦးချင်းကလည်း မိမိတို့တစ်ဦးချင်းစီ၏ မိသားစုဘဝတိုးတက်ရေးမှအစ တာဝန်သိစိတ်ကိုယ်စီဖြင့် ကြိုးစားဆောင်ရွက်ကြခြင်း၊ ဥပဒေစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ပြီး ကြိုးပမ်းဆောင်ရွက်ကြခြင်း၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတား၊ ရေ၊ မီးအစရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတွင် ခေတ်ကာလနှင့်လျော်ညီသည့် အခွန်အကောက်များရရှိရေး၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ၊ အစိုးရဌာနများက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကို ဆွေးနွေးပြောကြားသည်။

**ညှိနှိုင်းဖြေရှင်းပေး**

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာချပြရှင်းလင်းဆွေးနွေးပြီး ပြည်သူများမှ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေး၊ ဥပဒေစိုးမိုးရေးနှင့် ဘဏ္ဍာငွေရရှိရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအား ဒေသခံပြည်သူများကဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ လေးမျက်နှာမြို့နယ်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၇၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ်အတွင်း အလှမ်းဝေးသောကျေးရွာများ ဖွံ့ဖြိုးမှုနောက်မကျစေရေးအတွက် ဒေသခံများနှင့်တွေ့ဆုံ

**ဘားအံ မေ ၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က ဘားအံမြို့နှင့် အလှမ်းဝေးကွာလျက်ရှိသော မင်းစောကျေးရွာနှင့် ပျဉ်းမပင်ဆိပ်ကျေးရွာတို့တွင် လိုအပ်လျက်ရှိသေ ာ ဒေသဖွံ့ဖြိုးရေးများ နောက်မကျစေရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအတွက် သွားရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှေးဦးစွာ မင်းစောကျေးရွာရှိ တိုင်းရင်းသားပြည်သူများနှင့် ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ တွေ့ဆုံရာတွင် ဒေသတွင်းဖွံ့ဖြိုးစေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးပညာများကို သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လိုအပ် သည်များကို



ပြောကြားပေးရန်နှင့် ပြောကြားမှုအပေါ် ဦးစွာ ဆောင်ရွက်ပေးနိုင်မည့်အချက်များကို ညှိနှိုင်းပေါင်းစပ်ကာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားရာ ကျေးရွာနေ ပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသည့် နွေမိုးဆောင်းသွားလာနိုင်ရေး တံတားတစ်စင်း အကောင်အထည်ဖော် ကူညီဆောင်ရွက်ပေးနိုင်ရန် တင်ပြကြသည်။

**ကွင်းဆင်းစစ်ဆေး**

အဆိုပါတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် သထုံခရိုင်သို့ ဆက်သွယ်သွားလာနိုင်သော လမ်းပေါ်ရှိ တံတားတည်ဆောက်နိုင်မှုအခြေအနေကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် လမ်းဦးစီးဌာနညွှန်ကြားရေးမှူး၊ ဒေသခံတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရေး နယ်မြေကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျဉ်းမပင်ဆိပ်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ပြုလုပ်သော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် NRC တို့ ပူးပေါင်းကာ အခမဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးသည့် အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၀၀ ကျော် ဆောင်ရွက်ပေးမည်ဖြစ်ရာ ပြီးစီးခဲ့သည့် ၄၀၀ အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အုပ်ချုပ်ရေးမှူး ရွေးချယ်**

ဆက်လက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး ဦးစီးဌာနတို့ ဦးဆောင်ပြီး တက်ရောက်လာကြသည့် ကျေးရွာပြည်သူများ၏ဆန္ဒအရ ကျေးရွာအုပ်ချုပ်ရေးမှူးအား ရွေးချယ်ပေးခဲ့ကြောင်းနှင့် အဆိုပါကျေးရွာနှစ်ရွာအတွက် လက်ဆွဲဆိုလာမီးအိမ်များ၊ ဆက်စပ်ပစ္စည်းအစုံပါဝင်သည့်ဆိုလာပြားများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**နေမျိုးလွင်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး လမ်းကွန်ရက် အမှတ် (၁၀)စော်ကဲမြစ်ပေါ်၌ စော်ကဲတံတားတည်ဆောက်

**ရန်ကုန် မေ ၅**

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် လမ်းကွန်ရက် အမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြကားလမ်း မိုင်တိုင်အမှတ် (၁၇/၀)၌ စော်ကဲမြစ်ကိုဖြတ်၍ အလျား မီတာ ၇၅၀၊ ပေအားဖြင့် ၂၄၆၀ ရှိ စော်ကဲမြစ်ကူး တံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)က တည်ဆောက်လျက်ရှိသည်။ **(ယာပုံ)**



တည်ဆောက်လျက်ရှိသော တံတား အမျိုးအစားမှာ အပေါ်ထည် ၉၀ မီတာရှိ သံမဏိသံပေါင်၊ မီတာ ၃၀ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းနှင့် အောက်ထည်မှာ သံကူကွန်ကရစ်အုတ်မြစ်၊ ဒသမ ၅ မီတာနှင့် ဒသမ ၂ မီတာအချင်းရှိ သံကူကွန်ကရစ်ဘိုးပိုင်၊ တံတားအရှည် မီတာ ၇၅၀ ပေအားဖြင့် ၂၄၆၀၊ တံတားအကျယ် ၇ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက် ၁ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀၊ ရေလမ်း ကင်းလွတ်အကျယ်ပေ ၂၄၀ ၊ တံတား ခံနိုင်ဝန်မှာယာဉ် တစ်စီးချင်း ၇၅ တန် ဖြစ်ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးသည် ယခင်က ရေလမ်းခရီးကိုသာ အားထားနေရသော တိုင်းဒေသကြီးဖြစ်ပြီး ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ဒေသအတွင်းမှ ပြည်သူများမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် မုန်တိုင်းဒဏ်ခံခဲ့ကြရသည်။

ထိုဒေသ၌ အဆိုပါအဖြစ်မျိုး မဖြစ်နိုင်အောင် နိုင်ငံတော်က လမ်းကွန်ရက်များ ဖောက်လုပ်ပေးခဲ့ရာ လမ်းကွန်ရက် အမှတ်(၁၀)ကားလမ်းလည်း တစ်လမ်းအပါအဝင်ဖြစ်ပြီး ထိုလမ်းကြောင်းပေါ်၌ စော်ကဲတံတားသည် အရေးပါသော တံတားကြီးဖြစ်ကြောင်း၊ အဆိုပါတံတားပြီးစီးသွားပါက လမ်းကွန်ရက် အမှတ်(၁၀) ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြကားလမ်းမကြီး ဖြောင့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ညောင်ဦးမြို့နယ်၌ နွားမတစ်ကောင် ထောင့်သန်းရောဂါလက္ခဏာ သံသယဖြစ်ဖွယ်တွေ့ရှိသဖြင့် ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

**ညောင်ဦး မေ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့လင်းပုတ်ကျေးရွာတွင် ဧပြီ ၂၆ ရက်က နွားမတစ်ကောင် ထောင့်သန်းရောဂါဖြင့် သေဆုံးသွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိသဖြင့် ယနေ့ နံနက် ၉ နာရီက ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာအောင်လင်း ဦးဆောင်သော ဝန်ထမ်းအဖွဲ့က အဆိုပါကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား နွားထောင့်သန်းကူးစက်ရောဂါအကြောင်း ပညာပေးဟောပြောခြင်းနှင့် ကျေးရွာရှိ နွားများအား ထောင့်သန်းရောဂါကူးစက်မှုများ မရှိစေရေး ထောင့်သန်းရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

**အသိပညာပေးဟောပြော**

"ညောင်ဦးမြို့နယ် ငါ့လင်းပုတ်ကျေးရွာမှာ ပြီးခဲ့တဲ့ ဧပြီ ၂၆ ရက်က နွားမတစ်ကောင် ရုတ်တရက်သေဆုံးသွားကြောင်း ဒေသခံပြည်သူတွေရဲ့ ပြောပြချက်အရ ထောင့်သန်းရောဂါ သံသယဖြစ်ဖွယ်ရှိလို့ ကျွန်တော်တို့ ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ကျွန်တော် ဦးဆောင်ပြီး မနေ့က ငါ့လင်းပုတ်ကျေးရွာကို သွားရောက်ပြီး နွားတွေကို ထောင့်သန်းရောဂါကာကွယ်ဆေး ထိုးနှံခြင်းတွေ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ကာကွယ်ဆေးထိုးနှံပေးခဲ့တဲ့ နွားအကောင်ရေဟာဆိုရင် ငါ့လင်းပုတ်ကျေးရွာ မှာ နွား ၁၇၈ ကောင်၊ ချောင်းဝကျေးရွာမှာ နွား ၈၁ ကောင် စုစုပေါင်း ၂၅၉ ကောင်ကို ထိုးနှံပေးခဲ့ပါတယ်။ ဒါ့အပြင် ကျေးရွာနေ ပြည်သူတွေကိုလည်း တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ခြင်းတွေ၊ နွားမေထုံမဲ့ သားစပ်ခြင်းနည်းပညာတွေနဲ့ နွားထောင့်သန်းကူးစက်ရောဂါအကြောင်း သိကောင်းစရာတွေကို အသိပညာပေး ဟောပြောခြင်းတွေ ပြုလုပ်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာအောင်လင်းက ပြောသည်။

**ကာကွယ်ဆေးများ ထိုးနှံပေး**

ထို့အပြင် ယနေ့ နံနက် ၉ နာရီက စတင်ပြီး ငါ့လင်းပုတ်ကျေးရွာ အပါအဝင် အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် သဲတွင်းကျေးရွာနှင့် ကုန်းရွာကျေးရွာများသို့ သွားရောက်၍ ထောင့်သန်းရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့ကြောင်း၊ ငါ့လင်းပုတ်ကျေးရွာ၌ ဒေသခံများ မွေးမြူထားသည့် ဆိတ်အကောင်ရေ ၁၅၈ ကောင်နှင့် သဲတွင်းကျေးရွာ၊ ကုန်းရွာကျေးရွာတို့တွင် မွေးမြူထားသည့် နွားအကောင်ရေ ၂၅၁ ကောင်ကို ထောင့်သန်းကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



ထောင့်သန်းရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးစဉ်။

# စားမြုံ့ပြန်သတ္တဝါမွေးမြူရေးတွင် Fermented Total Mixed Ration ကျွေးမွေးခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားမည်

ရန်ကုန် မေ ၅

**စားမြုံ့ပြန်သတ္တဝါမွေးမြူရေးတွင် Fermented Total Mixed Ration ကျွေးမွေးခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။**

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ထိုင်းနိုင်ငံ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန (Department of Livestock Development)၊ ထိုင်းနိုင်ငံ တိရစ္ဆာန်အာဟာရဗေဒပညာရှင်များအဖွဲ့ (Thai Society of Animal Nutritionists - ThaiSAN)၊ Thai – Danish Suan Madua Dairy Cooperative (SMD – COOP)၊ မြန်မာနိုင်ငံ နို့လုပ်ငန်းအသင်း (Myanmar Dairy Association - MDA) တို့နှင့် ပူးပေါင်းကာ စားမြုံ့ပြန်သတ္တဝါမွေးမြူရေးတွင် Fermented Total Mixed Ration ကျွေးမွေးခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံအောက်ပိုင်းမှ မွေးမြူရေးသမားများအတွက် ရန်ကုန်မြို့တွင် မေ ၂၁ ရက်၌ လည်းကောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းမှ မွေးမြူသူများအတွက် မန္တလေးမြို့တွင် မေ ၂၃ ရက်၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစရှိသည့် စားမြုံ့ပြန်သတ္တဝါများမွေးမြူရာတွင် တိရစ္ဆာန်၏ အသက်အရွယ်နှင့် ထုတ်လုပ်မှုအလိုက် လိုအပ်သည့် အာဟာရဓာတ်များကို တွက်ချက်ကာ ယင်းလိုအပ်ချက်ကို ပြည့်မီစေမည့် အစာဖော်မြူလာကို တွက်ထုတ်ပြီး အစာနု၊ အစာကြမ်း အစာအမယ်အားလုံးကို ရောမွှေကာ ထုတ်လုပ်ထားသည့် အစာကို Total Mixed Ration ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ အသေးစား နွားမွေးမြူသူများအနေဖြင့် လွန်ခဲ့သည့် ငါးနှစ်မှစတင်ကာ Total Mixed Ration (TMR) ကို အသုံးပြုခဲ့ကြပြီး မွေးမြူသူများအတွက် အကျိုးအမြတ်များစွာ ဖြစ်ထွန်းသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ထိုင်းနိုင်ငံ၏ အတွေ့အကြုံကောင်းများအား မြန်မာ့မွေးမြူသူများက လေ့လာနိုင်ရန်အတွက် " FTMR Feeding to Enhance Dairy Productivity of Myanmar Smallholder Farms" အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ နို့စားနွားမွေးမြူရေး၊ နို့ထုတ်လုပ်ရေး အခြေအနေများနှင့် တိရစ္ဆာန်အစာအရင်းအမြစ်များ၊ ထိုင်းနိုင်ငံ၏ နို့စားနွား မွေးမြူရေး၊ နို့ထုတ်လုပ်ရေးအခြေအနေများ၊ တိရစ္ဆာန်အစာအရင်းအမြစ်များနှင့် နို့စားနွားမွေးမြူရေးတွင် ပြောင်းလဲတိုးတက်လာသည့် အစာကျွေးမွေးမှုစနစ်များ၊ TMR နှင့် FTMR တို့ ကျွေးမွေးခြင်းဖြင့် နို့ထုတ်လုပ်မှုနှင့် အရည်အသွေးမြှင့်တင်ခြင်း၊ TMR ကျွေးမွေးခြင်းဖြင့် မွေးမြူရေးခြံ၏ စီးပွားရေးအကျိုးအမြတ်အပေါ် သက်ရောက်မှုများနှင့် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူသူများ အစုအဖွဲ့ဖွဲ့စည်းလုပ်ကိုင်ခြင်း၏ အရေးပါပုံ၊ ထိုင်းနိုင်ငံ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အစာကြမ်း(forage) စိုက်ပျိုးထုတ်လုပ်ရေး၏ အရေးပါပုံနှင့် တိုးတက်ပြောင်းလဲမှုများကို ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မွေးမြူသူများ (အထူးသဖြင့် နို့စားနွား၊ အသားစားနွား၊ ကျွဲ၊ သိုး၊ ဆိတ် မွေးမြူသူများ)၊ တိရစ္ဆာန်အာဟာရဗေဒ စိတ်ဝင်စားသူများ၊ မွေးမြူရေးပညာရှင်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ အခမဲ့တက်ရောက် ဆွေးနွေးနိုင်မည်ဖြစ်ကာ တက်ရောက်လိုသူများအနေဖြင့် မေ ၁၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဖုန်း - ၀၁၃ - ၆၄၄၀၄၃၊ ၀၁၃ - ၆၄၄၈၄၃၊ ၀၉-၄၂၀၀၀၆၂၃၉ သို့ ရုံးချိန်အတွင်း စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီး

## ဇီးကုန်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ယမန်နေ့ညနေ ၆နာရီ ၄၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဘုရားကြီးကုန်းတွင် နေအိမ်ခုနစ်လုံး၊ ဝွေးပင်ကုန်းကျေးရွာတွင် နေအိမ်ခုနစ်လုံး၊ ရွှေကြို့ပင်အုပ်စု လုံလကျေးရွာတွင် နေအိမ်ငါးလုံး၊ ဆိတ်ဖူးကျင်းကျေးရွာအုပ်စု ကျွဲတဲကျေးရွာတွင် နေအိမ်နှစ်လုံး၊ ကံကလေးကျေးရွာအုပ်စု သစ်ဆင်(အရှေ့စု)၊ သစ်ဖြူပင်ရွာတို့တွင် နေအိမ်ခုနစ်လုံး၊ မီးကောက်ပင်ကျေးရွာတွင် နေအိမ်ခုနစ်လုံး၊ သင်ကန်အုပ်စု ကြို့ပင်သာကျေးရွာတွင် နေအိမ် သုံးလုံး စုစုပေါင်းနေအိမ် အဆောက်အအုံ ၃၈ လုံးနှင့် ဇီးကုန်းမြို့နယ် မေတ္တာရှင်နာရေးကူညီမှုအသင်း ကားဂိုဒေါင်တို့တွင် အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**တင့်ဆွေ(ဇီးကုန်း)**

## နတ်တလင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် မေ၄ ရက် ညနေ ၆ နာရီခွဲခန့်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ လူနေအိမ်များနှင့် သာသနိကအဆောက်အအုံများ ပြိုလဲပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

မြို့ပေါ်ရပ်ကွက်များဖြစ်သော ဇီးကုန်းလေးရပ်ကွက်တွင် နေအိမ် ၅၅ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ သာဓီရပ်ကွက်တွင် နေအိမ် ၉၁ လုံး ၊မြို့မရပ်ကွက်တွင် အထက်တန်းကျောင်း (မြို့မ)တစ်ကျောင်း(**အောက်ပုံ**)၊ သရက်တပင်ရွာ ဘုန်းကြီးကျောင်း၊ ထိန်သေးရွာတွင် လူနေအိမ်ခြောက်လုံး၊ အုတ်တန်းရွာတွင် နေအိမ် ၁၃ လုံး၊ သက်ငယ်ပြင်ရွာတွင် နေအိမ်တစ်လုံး၊ ရွာသာကုန်းအုပ်စုတွင် နေအိမ်ငါးလုံး၊ ကျောက်ခွက်အုပ်စုတွင် နေအိမ်တစ်လုံး၊ တံခွန်တိုင်ကျေးရွာအုပ်စုတွင် နေအိမ်သုံးလုံး စုစုပေါင်း နေအိမ် ၁၇၅ လုံး၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ပြီး နေအိမ် ၁၀ လုံး ပြိုလဲပျက်စီးခဲ့ကြောင်းနှင့် လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးသားချင်းများ၏ နေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းသိရသည်။

ဇီးကုန်းလေးရပ်ကွက်အတွင်းရှိ လေဘေးသင့်ပြည်သူ အိမ်ခြေ ၆၅ လုံးရှိ မိသားစုဝင်များသည် မြို့လယ်ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ယာယီနေထိုင်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် မြို့နယ်မှ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**



## လှိုင်းဘွဲ

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာတွင် ယနေ့ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် မြို့မရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်နှင့် ရွှေပြည်တော်ရပ်ကွက်တို့ရှိ လူနေအိမ်၊ ဘုန်းကြီးကျောင်းတို့တွင် အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် မြို့မရပ်ကွက်တွင် အိမ်ခြေ ၁၅ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ တောင်ပိုင်းရပ်ကွက်တွင် အိမ်ခြေ ၁၇ လုံး၊ ရွှေပြည်တော်ရပ်ကွက်တွင် အိမ်ခြေခြောက်လုံးတို့မှာ အမိုးလန်၍ သွပ်တန်းသစ်များကျိုးပဲ့ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ပျက်စီးနေအိမ်နှင့် မိသားစုဝင်များအား မြို့နယ်သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအဖွဲ့က ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်( ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ယမန်နေ့ည ၇ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့တွင် သစ်ပင်ပြိုလဲမှုများ၊ သစ်ကိုင်းကျိုးပဲ့မှုများ ဖြစ်ပေါ်ခဲ့ရာ မြို့နယ်စည်ပင်ပန်းဥယျာဉ်ဌာန၊ သန့်ရှင်းရေးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက သစ်ပင်ကျိုးပဲ့ပြိုလဲခြင်းများကို ညတွင်းချင်းရှင်းလင်း ဖယ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# နွေရာသီဖိတ်ခေါ် အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲဖွင့်

**ရန်ကုန် မေ ၅**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် နွေရာသီဖိတ်ခေါ် အမျိုးသား အမျိုးသမီး အလွတ်တန်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ဘတ်စကက်ဘောကစားသမား ၈၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး နာယက ဒေါ်နီနှင့် အမှုဆောင်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**



ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးအတွက် အလှူရှင်များက ငွေကျပ် ၁၀၉ သိန်းအား စုပေါင်းလှူဒါန်းကြရာ နာယက ဒေါ်နီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

"ဒီနှစ် နွေရာသီဖိတ်ခေါ်ပြိုင်ပွဲမှာ ကလပ်အသင်းများသလို ကစားသမားအများဆုံး ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ ဒီပြိုင်ပွဲကနေ နိုင်ငံတော်အဆင့်အထိ တက်လှမ်းနိုင်ဖို့ မျိုးဆက်သစ်အားကစားသမားတွေထွက်ပေါ်လာဖို့ ရည်ရွယ်ကျင်းပတာဖြစ်တယ်။ ဒါ့အပြင် ဆီးဂိမ်းစခန်းသွင်းထားတဲ့ ကစားသမားတွေ အလွတ်တန်းမှာ ပါဝင်ယှဉ်ပြိုင်ကြသလို ပြိုင်ပွဲမှာလည်း လက်ရည်ကောင်းတဲ့ ကစားသမားကို ဆီးဂိမ်းအတွက် ထပ်မံအားဖြည့်သွားမှာဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ပြောသည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ကလပ်အသင်းများ၊ အပျော်တမ်းအသင်းများ၊ အလွတ်တန်း အမျိုးသား အမျိုးသမီးအသင်း စုစုပေါင်း ၆၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**

**ဓာတ်ပုံ-အာကာစိုး**

# အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ မေ ၇ ရက် စတင်မည်

**ရန်ကုန် မေ ၅**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို မေ ၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ကျင်းပခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် အသက်အလိုက် လူငယ်လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာခြေစစ်ပွဲများကြောင့် သုံးလကျော်ကြာရပ်နားခဲ့ပြီး မေလပထမပတ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို မေ ၇ ရက်မှ ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယခင်က အောင်ဆန်းကွင်းတစ်ကွင်းသာ ကျင်းပခဲ့သော်လည်း ဒုတိယအကျော့တွင် တောင်ဒဂုံကွင်း၌ပါ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၈)ကို မေ ၇၊ ၉ ရက်၊ ပွဲစဉ် (၉)ကို မေ ၁၂၊ ၁၃ ရက်၊ ပွဲစဉ် (၁၀) ကို မေ ၁၇၊ ၁၈ ရက်၊ ပွဲစဉ် (၁၁) ကို မေ ၂၂၊ ၂၃ ရက်၊ ပွဲစဉ် (၁၂) ကို မေ ၂၇၊ ၂၈ ရက်၊ ပွဲစဉ် (၁၃) ကို ဇွန် ၁၊ ၂ ရက်၊ ပွဲစဉ် (၁၄)ကို ဇွန် ၆၊ ၇၊ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပထမဆုံးကျင်းပမည့် ဒုတိယအကျော့ အဖွင့်ပွဲအဖြစ် မေ ၇ ရက်တွင် အောင်ဆန်းကွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဂန္ဓမာအသင်း၊ တောင်ဒဂုံကွင်း၌ သစ္စာအားမာန်အသင်းနှင့်တက္ကသိုလ်အသင်း၊ မေ ၉ ရက်တွင် တောင်ဒဂုံကွင်း၌ YREO အသင်းနှင့် မြဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် မြဝတီအသင်း က ၁၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နေပြီး အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းက ၁၆ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၁ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ ဂန္ဓမာအသင်းက သုံးမှတ်ရထားပြီး တက္ကသိုလ်အသင်းမှာမူ ပွဲတိုင်းရှုံးနိမ့်ထားသည်။

**ရဲရင့်ရှိုင်း**



○ *ကျော့ဖုံးမှ*

နှစ်ဂိုးသွင်းယူခဲ့သည်။ ယင်းဆုကို မေ ၄ ရက်က YUSC ကွင်း၌ ကျင်းပသည့် ရန်ကုန်နှင့်စစ်ကိုင်းပွဲမတိုင်မီ ချီးမြှင့်ခဲ့သည်။

ယခုရာသီတွင် လအလိုက် အကောင်းဆုံးဆုကို သုံးကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွက် အကောင်းဆုံးဆုကို ဦးအောင်ကျော်မိုး (ရတနာပုံ)နှင့် ဝင်းနိုင်ထွန်း(ရတနာပုံ)၊ ဖေဖော်ဝါရီ/မတ် အကောင်းဆုံးဆုကို ဦးငွေထွန်း(ဟံသာဝတီ) နှင့် လိုင်းဘိုဘို (ရတနာပုံ)တို့က ရရှိခဲ့သည်။ ဦးအောင်ကျော်မိုးသည် အကောင်းဆုံးနည်းပြဆုကို ယခုရာသီတွင် ဒုတိယအကြိမ် ရရှိခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**အကောင်းဆုံးကစားသမားဆုရ ဆယ်လာ ဆုယူနေစဉ်။**
ဓာတ်ပုံ-ဖိုးသော်ဇင်

# ပရီမီယာလိဂ် ပွဲစဉ်(၃၇) ချယ်လ်ဆီးတို့နိုင်ပြီး မန်ယူတို့သရေကျ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၇) မေ ၅ ရက် တနင်္ဂနွေညပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကာ စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ချယ်လ်ဆီးနှင့် ဝက်ဖို့ဒ်ပွဲတွင် အိမ်ရှင် ချယ်လ်ဆီးအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ချယ်လ်ဆီးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဝက်ဖို့ဒ်အသင်းသည် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၄၈ မိနစ်တွင် ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို လော့ဖ်တပ်ချိခ်က သွင်းယူခဲ့ပြီး ၅၁မိနစ်တွင် ဒေးဗစ်လုဇ်နှင့် ၇၅မိနစ်တွင် ဟီဂူအင်တို့က သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင် ချယ်လ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် အမှားအယွင်းမခံဘဲ အသုံးချနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ယနေ့ပွဲအနိုင်ရရှိသည့်အတွက် ရမှတ် ၇၁ မှတ်ဖြင့် အဆင့် ၃ သို့ တက်ရောက်ခဲ့သည်။

ပရီမီယာလိဂ် တစ်ချိန်တည်း ယှဉ်ပြိုင်နေသည့် ဟက်ဒါဖီးလ်နှင့် မန်ယူပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ယင်းပွဲတွင် ပွဲစပြီး ၈ မိနစ်တွင် မန်ယူ ကွင်းလယ်ကစားသမား တိုမီနေးက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း မိနစ် ၆၀ တွင် အမ်ဘန်ဇာက ဟက်ဒါဖီးလ် အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ တန်းဆင်းဇုန် အောက်ဆုံးအဆင့်မှ ဟက်ဒါဖီးလ်သည် အမှတ်မလိုတော့ဘဲ မန်ယူအသင်းသည် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ဝင်ခွင့်အတွက် ရုန်းကန်နေခဲ့ရကာ ယနေ့ပွဲတွင် ညံ့သည့် မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုနှင့် ဂိုးကန်သွင်းခွင့် အများဆုံးရရှိခဲ့ပြီး အိမ်ရှင်အသင်း၏ သိက္ခာဆယ်ပွဲနှင့် ကြုံတွေ့ခဲ့ရသောကြောင့် မန်ယူတို့ သရေ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မန်ယူအသင်းသည် ရမှတ် ၆၆မှတ်ဖြင့် အဆင့် ၆ တွင် ရပ်တည်နေပြီး ယူရိုပါလိဂ် ဝင်ရောက်ရန်ပင် မသေချာနိုင်တော့ပေ။ ပရီမီယာလိဂ်ပွဲစဉ်များ ပြီးဆုံးရန် နီးကပ်နေချိန်တွင် ရမှတ် ၉၄မှတ် တစ်ပွဲကျန်ဖြင့် လီဗာပူးအသင်းဇယားထိပ်တွင် ဦးဆောင်နေပြီး မန်စီးတီးအသင်းသည် နှစ်ပွဲကျန် ရမှတ် ၉၂မှတ်၊ အဆင့် ၃ တွင် ရမှတ် ၇၁ မှတ်ဖြင့် ချယ်လ်ဆီး၊ အဆင့် ၄ တွင် ရမှတ် ၇၀ ဖြင့် စပါးနှင့် အဆင့် ၅ တွင် ရမှတ် ၆၇မှတ်ဖြင့် တစ်ပွဲကျန် အာဆင်နယ်အသင်းတို့ ရပ်တည်နေကြသည်။ **သီဟ**

◆ **ကျော့ဖုံးမှ**

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးပေါက်ပျောက်ဆုံးနေသည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက တိုက်စစ်မြှင့်လာပြီး ၅၈ မိနစ်တွင် ပက်ထရစ်က ခေါင်းတိုက်ပြီး ဦးဆောင်ဂိုးသွင်းခဲ့သည်။ ၇၅ မိနစ်တွင် ရှောဝတီအသင်း ချေပဂိုးပြန်ရခဲ့ပြီး အောင်ကျော်နိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဝေဿလီကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက ရတနာပုံအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် ရတနာပုံအသင်း၏ နိုင်ပွဲပျောက်ဆုံးမှုကို အခွင့်ကောင်းယူကာ နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။

မော်လမြိုင်ကွင်းတွင် ကျင်းပသောပွဲတွင် Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

ပွဲစဉ် (၁၀)အပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်၊ ရတနာပုံနှင့် ဟံသာဝတီအသင်းတို့ ရမှတ် ၂၀ စီ ရထားသော်လည်း ဂိုးကွာခြားချက်ဖြင့် ရန်ကုန်အသင်းက ထိပ်ဆုံးပြန်ရောက်သွားသည်။ ယင်းအသင်းများနောက်တွင် ရှမ်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ ရှောဝတီအသင်းက ၁၇ မှတ်၊ စစ်ကိုင်းအသင်းက ၁၆ မှတ်၊ ရခိုင်အသင်းက ၁၅ မှတ်၊ ဇွဲကပင်အသင်းက ၁၀ မှတ်၊ Southern အသင်းက ရှစ်မှတ်၊ မကွေးအသင်းက ခုနစ်မှတ်၊ ဒဂုံအသင်းက ခြောက်မှတ်၊ Chinland အသင်းက ငါးမှတ်ရထားသည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဖရန့်ရစ်ဘာရီ ဘိုင်ယန်မြူးနစ်အသင်းမှ ရာသီကုန်တွင် ထွက်ခွာမည်**

ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ဖရန့်ရစ်ဘာရီသည် ဘိုင်ယန်မြူးနစ်အသင်းမှ ရာသီကုန်တွင် ထွက်ခွာမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဘိုင်ယန်မြူးနစ်အသင်းနှင့် ၎င်း၏ စာချုပ်သက်တမ်းသည် နွေရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

**ဘာစီလိုနာအသင်း လာကာဇက်ကို ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ချိန်ရွယ်နေ**

ဘာစီလိုနာအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး လာကာဇက် (၂၇နှစ်) အား ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**တော့တင်ဟမ်အသင်း ဗန်ဒီဘိခ်အား ခေါ်ယူရန် ပါဝင်လာ**

တော့တင်ဟမ်အသင်းသည် အေဂျက်အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဗန်ဒီဘိခ် (၂၂နှစ်) အား ခေါ်ယူရန်အတွက် ဒေ့ါမွန်၊ ဘိုင်ယန်မြူးနစ်အသင်းတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**ဆာလာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့အမီ ကြံ့ခိုင်မှုပြည့်ဝလာဖွယ်ရှိ**

စနေနေ့တွင် လီဗာပူးအသင်းက နယူးကာဆယ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်၌ ဦးခေါင်းဒဏ်ရာရရှိပြီး ထမ်းစင်ဖြင့် အသင်းမှထွက်ခွာခဲ့ရသော ဆာလာအနေဖြင့် အင်္ဂါနေ့တွင် ဘာစီလိုနာအသင်းနှင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မတိုင်မီ ကြံ့ခိုင်မှုပြည့်ဝလာဖွယ်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **အောင်ဇော်**

# ၂၀၁၈-၁၉ ရာသီ အီးအက်ဖ်အယ်လ်ချန်ပီယံရှစ်ဖလား နော်ဝှစ်ချ်အသင်း ပထမဆုံးအကြိမ်ဆွတ်ခူး

အင်္ဂလန်အမှတ်ပေးပြိုင်ပွဲတစ်ပွဲဖြစ်သော အသင်း ၂၄ သင်း ပါဝင်သည့် အီးအက်ဖ်အယ် ချန်ပီယံရှစ်ပြိုင်ပွဲကြီးသည် မေ ၅ ရက်တွင် နောက်ဆုံးပွဲစဉ်များကို တစ်ချိန်တည်း ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲ၏ ပွဲစဉ်(၄၆) ပြီးဆုံးခဲ့ကာ နော်ဝှစ်ချ်နှင့် ရှက်ဖီးယူနိုက်တက် နှစ်သင်းသည် အင်္ဂလန်ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခဲ့ပြီး လိဒ်၊ ဝက်စ်ဘရွန်း၊ အက်စ်တွန်ဗီလာနှင့် ဒါဘီ အသင်းလေးသင်းတို့သည် ရှုံးထွက်ယှဉ်ပြိုင်ကာ အနိုင်ရရှိသည့် အသင်းတစ်သင်းသည် ပရီမီယာလိဂ်သို့ တန်းတက်နိုင်မည်ဖြစ်သည်။ ချန်ပီယံရှစ်ဖလားကို နော်ဝှစ်ချ်အသင်းသည် ပွဲစဉ်(၄၆)ပွဲတွင် ၂၇ ပွဲနိုင် ၁၃ ပွဲသရေနှင့် ခြောက်ပွဲရှုံး ရမှတ် ၉၄ မှတ်ဖြင့် အဆင့်၂ မှ ရှက်ဖီးယူနိုက်တက်ကို ငါးမှတ်ဖြတ်ကာ ပထမဆုံးရရှိခဲ့ခြင်းပြီး နော်ဝှစ်ချ်အသင်းမှ တိုက်စစ်မှူး ဖင်လန်နိုင်ငံသား တီမူပက်ကီသည် သွင်းဂိုး ၂၉ ဂိုးဖြင့် ဂိုးအများဆုံးသွင်းယူခဲ့သည်။ ဂျာမနီနိုင်ငံသားနည်းပြ ဒန်နီရယ်ဖာကီသည် နော်ဝှစ်ချ်အသင်းကို ၂၀၁၇ တွင် စတင်တာဝန်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၈-၁၉ အီးအက်ဖ်အယ်လ်ချန်ပီယံရှစ်ပြိုင်ပွဲရာသီ ပြီးဆုံးချိန်တွင် အသင်းသုံးသင်းဖြစ်သော ရိုသာဟမ်၊ ဘော်လ်တန်နှင့် အစ်ဆွစ်အသင်းတို့သည် တန်းဆင်းခဲ့ရသည်။

အီးအက်ဖ်အယ်လ်ချန်ပီယံရှစ်အမည်ဖြင့် စတင်ယှဉ်ပြိုင်ခဲ့သည့် ၂၀၀၄-၂၀၀၅ တွင် ဆန်းဒါးလန်းအသင်းသည် ဗိုလ်စွဲခဲ့ပြီး ယင်းဖလားကို နှစ်ကြိမ်စီ အများဆုံးရယူထားသည့် အသင်းလေးသင်းမှာ နယူးကာဆယ်၊ ရီးဒင်း၊ ဆန်းဒါးလန်းနှင့် ဝုလ်ဗာဟမ်တန်တို့ဖြစ်သည်။ **သီဟ**



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် နံနက် ၁၁ နာရီက သပိတ်ကျင်းမြို့နယ် တောင်လယ်ကျေးရွာ သစ်ခွဲပင်သစ်ဆိပ်အနီး မိုးမိတ်-တွင်းငယ်သွားလမ်း၌ လမင်းချစ်မောင်းနှင်ပြီး စိုးလွင်ဦး(ခ)မောင်ထွေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ကျော်ဖြိုးနိုင်၊ အားနိမ်၊ ကိုခန့်၊ မောင်ယာဘု၊ မောရှည်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် (၆)မိုင် စစ်ဆေးရေးဂိတ်တွင် အီဗြာဟိန်း (ခ)သီဟဖြိုး မောင်းနှင်ပြီး မောင်ခင်ဝင်း (ခ)ဂျမ်ကဲ (ခ)ဆိုင်ဖူးနှင့် ဂျာကဲ(ခ) ကျော်စိုးမြင့်တို့လိုက်ပါလာသည့် Toyota Probox အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ရေအေးကွင်းရပ်ကွက် နယ်မြေ(၁၆) ဉသဖျား လမ်းနေ မဝင်းဝင်းသွယ်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၉၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ည ၈ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် ခိုင်လင်းနိုင်(ခ) နိုင်လင်း မောင်းနှင်လာသည့် Toyota Caldina အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် တပ်မတော်မှ မိုးမိတ်မြို့နယ် စီပိန်းကျေးရွာ ဖုန်းဆက်တောင် တောထဲရှိ မိုးကာတဲတစ်လုံးကိုစစ်ဆေးရာ တဲအတွင်း၌ ကိုခန့်၊ မောရှည်၊ မောင်ယာဘု၊ ကျော်ဖြိုးနိုင်နှင့် အားနိမ်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၀၀၀၊ ဘိန်းဖြူ ၆၉၀ ဂရမ်၊ ဘိန်းမည်း ၈၀၀ ဂရမ်၊ မြန်မာငွေကျပ် ၈၀၆၀၀၀၀၊ ဆိုင်ကယ်လေးစီး၊ လက်ကိုင်ဖုန်းငါးလုံးနှင့်အတူ တွေ့ရှိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျွန်းစု၌ စက်လှေနစ်မြုပ်မှုကြောင့် အမျိုးသားတစ်ဦးပျောက်ဆုံး

**ကျွန်းစု မေ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဘန္ဒနဲကျေးရွာအုပ်စု သဲဖြူကျွန်းကျေးရွာအနီး ရေပြင်တွင် မေ ၄ ရက် မွန်းလွဲ ၁နာရီက စက်လှေနစ်မြုပ်မှုကြောင့် လူတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စု ရေကန်အော်ကျေးရွာနေ ဦးအိုငယ်ပိုင်ဆိုင်သော စက်လှေသည်ခရီးသည် ၁၀ ဦးခန့်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ကာ မြိတ်မြို့မှ ရေကန်အော်ကျေးရွာသို့ ထွက်ခွာလာပြီး သဲဖြူကျွန်းကျေးရွာအနီးရေပြင်တွင် လှိုင်းလေပြင်းထန်မှုကြောင့် လှေထဲသို့ ရေများဝင်ကာ စက်လှေနစ်မြုပ်ခဲ့သည်။ စက်လှေနစ်မြုပ်ရာသို့ ပတ်ဝန်းကျင်ကျေးရွာနေသူများမှ ဝိုင်းဝန်းကူညီကယ်ဆယ်ကြရာ ရေကန်အော်ကျေးရွာနေ ဟိန်းစိုးလတ် (၄၀နှစ်)သည် ရေနစ်ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကူညီကယ်ဆယ်ရန် လာရောက်သည့် စက်လှေမှာ အဆိုပါရေပြင်တွင် လှိုင်းလေပြင်းထန်မှုကြောင့် ရေများဝင်ရောက်ကာ နစ်မြုပ်ခဲ့ကြောင်း၊ ထိုသို့ လှေနှစ်စင်း နစ်မြုပ်ရာသို့ ရေတပ်ဖော်နယ်မြေစခန်းမှူး ရဲအုပ်ဝင်းဟန်နှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများက ကူညီပေးခဲ့ကြောင်း ကျွန်းစုမြို့နယ်ရဲစခန်းမှ သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

# ကောလင်းမြို့နယ်တွင် အမူးပျောက်ဆေး သောက်ရာမှ သေဆုံးမှုဖြစ်ပွား

**ကောလင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကားမူးတတ်သည့် ၁၇ နှစ်အရွယ် အမျိုးသမီးတစ်ဦး ကားမစီးခင် အမူးပျောက်ဆေးတစ်ပြား ကြိုသောက်မိရာမှ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် နံနက် ၆ နာရီခန့်က ကောလင်းမြို့နယ် စွယ်ရကျေးရွာတွင် ဆေးသောက်မှားကာ သေဆုံးကြောင်းသတင်းအရ ကောလင်းမြို့မရဲခန်းမှူး ဒုရဲမှူး ငွေမျိုးမြင့်နီ၊ ခန်သာရဲစခန်းမှူး ရဲအုပ်ဇော်ထက်အောင်နှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာနေအိမ်သို့ သွားရောက်စစ်ဆေးရာ မအိချောမွန် (၁၇ နှစ်)သည် ယမန်နေ့ မနက်က မိခင်ဒေါ်တင်တင်နွဲ့နှင့် အတူ မန္တလေးသို့ ကားနှင့်လိုက်ရမည်ဖြစ်၍ ကားမူးပျောက်ဆေး ဆေးပြားနှစ်ပြားအား မိခင်နှင့်အတူ တစ်ယောက်တစ်ပြားစီသောက်ခဲ့ပြီး မနက် ၉နာရီတွင် သမီးဖြစ်သူအား နှာခေါင်းမှ အမြှုပ်များထွက်ပြီး သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတွင် ပြင်ပဒဏ်ရာ မတွေ့ရှိရဘဲ သေဆုံးမှုအား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ကုန်တင်ယာဉ်က ခရီးသည်တင်ယာဉ်ကို ဝင်တိုက်

**သံဖြူဇရပ် မေ ၅**

သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု မရှိခဏဆေးတောင် ဘုရားအနီး သံဖြူဇရပ်-ရေးကားလမ်းတွင် မေ ၄ ရက် မွန်းလွဲ ၁နာရီခန့်က ယာဉ်နှစ်စီးတိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ သံဖြူဇရပ် မြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် မြင့်မြင့်မြတ်အောင်၊ စခန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သည့်အဖွဲ့က သွားရောက်စစ်ဆေးရာ သံဖြူဇရပ်-ရေးကားလမ်းတွင် ရန်ကုန်မှရေးမြို့သို့ ကုန်စည်များ တင်ဆောင်လာပြီး ယာဉ်မောင်း ဇော်ဝင်းဦး မောင်းနှင်သည့် ၁၂ ဘီး ယာဉ်သည် မိုးရွာသွန်းထားသဖြင့် လမ်းချော်ကာ တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိပြီး ရေးမြို့မှ သံဖြူဇရပ်ဘက်သို့ ယာဉ်မောင်း ဗညားအောင် မောင်းနှင်သည့် နစ်ဆန်းလိုက်ထရပ်ခရီးသည်တင်ယာဉ်အား တိုက်မိခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယာဉ်တိုက်မှုကြောင့် မော်လမြိုင်မြို့နေ ယာဉ်မောင်း ဗညားအောင်မှာ ဒဏ်ရာရရှိပြီး(မစိုးရိမ်ရ)နှင့် ယာဉ်ရှေ့ခန်းမှ လိုက်ပါလာသူ ရေးမြို့နယ်နေ လဝီအောင်မှာ ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်း သိရသည်။

ထို့အပြင် ယာဉ်ပေါ်ပါခရီးသည် ငါးဦးမှာ ပြင်းထန်စွာဒဏ်ရာများရရှိပြီး ခရီးသည် နှစ်ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် သံဖြူဇရပ်မြို့နယ်ဆေးရုံမှတစ်ဆင့် မော်လမြိုင်ပြည်နယ်ဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်ဝင်းဦး (၃၇နှစ်) အား သံဖြူဇရပ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

၆-၅-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၄၀ - MRTV Travelogue
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ “ရခိုင်ပြည်နယ်” (စစ်တွေ)
၉း၁၀ - BBC Click
၁၀း၃၀ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ (ကာတွန်း)
၁၂း၃၀ - အပူဒဏ်ကာကွယ်ရေး

**ညပိုင်း**

၁၆း၂၅ - ပိုမိုဘေးကင်းသောလမ်းမများဆီသို့ (ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန်) (Cut-2)
၁၇း၀၅ - This Week's Special Interest
၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် (လည်ဆစ်ရိုးကျီးပေါင်းရောဂါနှင့် တိုင်းရင်းဆေးပညာ)
၁၇း၃၅ - Yes or No Talk Show
၁၇း၅၅ - စုပေါင်းကာကွယ်မီးအန္တရာယ်
၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ “အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အကြောင်း သိကောင်းစရာ”
၁၈း၅၅ - သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
၁၉း၁၅ - “ဒီမိုကရေစီစိတ်ထား” (အပိုင်း-၁)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- မူးယစ်အန္တရာယ်
၂၀း၃၅ - စကားဝိုင်းအစီအစဉ် (မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်သော လူနာတင်ယာဉ်များအကြောင်း သိကောင်းစရာများ)
- နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်ဖြာသောအချစ်” (အပိုင်း-၃၁)

# ဖားကန့်မြို့နယ်၌ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်ဟောင်း ကျင်းကမ်းပါးယံပြိုကျ၍ နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ဖားကန့် မေ ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ မေ ၄ ရက် ညနေပိုင်းက သက်တမ်းကုန် ကျောက်မျက်တူးဖော်ရေးလုပ်ကွက်ရှိ ကျင်းကမ်းပါးယံပြိုကျခဲ့၍(**ယာပုံ**) လက်ယက်ကျင်းတူးဖော်နေသူ နှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



**ကျင်းကမ်းပါးယံပြိုကျ**

ဖြစ်စဉ်မှာ မေ ၄ ရက် ညနေ ၄ နာရီခွဲက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့မော်ကျေးရွာအနီးရှိ သက်တမ်းကုန်ဆုံးသွားသည့် ဇဝွေ ကျောက်မျက်တူးဖော်ရေး လုပ်ကွက်အဟောင်းတွင် လက်ယက်ကျင်းတူးဖော်နေသူလေးဦး၏အပေါ်သို့ အထက်ဘက်ရှိ ကျင်းကမ်းပါးယံပြိုကျပြီး အောက်ဘက်ပေသုံးရာခန့်သို့ မြေစာများနှင့်အတူ ပြုတ်ကျခဲ့သဖြင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့မော်ကျေးရွာနေ မောင်ဌေး(ခ) မင်းဌေး(၃၀နှစ်)နှင့် ကျော်ရဲနိုင် (၂၆နှစ်)တို့နှစ်ဦးမှာ သေဆုံးခဲ့ပြီး ဇော်ဟိန်း (၃၅ နှစ်)နှင့် ထွန်းထွန်းဝင်း (၄၃နှစ်) တို့နှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါသေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူနှစ်ဦးကို ဆိပ်မူကျေးရွာ သင်္ဂြိုဟ်လူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မရမ်းချောင်စစ်ဆေးရေးစခန်းက အထောက်အထားမဲ့ စားသောက်ကုန်နှင့် အဝတ်အထည်များစစ်ဆေးတွေ့ရှိ


**နေပြည်တော် မေ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၃၂၀၊ သွင်းကုန် ၁၇၃စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၂၀၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၆၂၉ သန်းတန်ဖိုးရှိ စားသောက်ကုန်နှင့် အဝတ်အထည်များအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ကောလင်းမြို့၌ ထမင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲ၍ မီးလောင်

**ကောလင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ယနေ့ နံနက် ၇နာရီခွဲခန့်က ဈေးရုံးဗိုလ်တဲရပ်ကွက်နေ ဒေါ်ထွေးကြည်၏ နေအိမ်အပေါ်ထပ်၌ လျှပ်စစ်ထမင်းပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်သေး ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် ပြည်သူများက မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၇ နာရီ ၅၅ မိနစ်ခန့်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူနေအိမ်သွပ်မိုး၊ ထရံကာ နှစ်ထပ်အိမ်နှင့်ပစ္စည်းများ ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစ္စရေးနှင့် ဟားမားစ်တို့ကြား အပြန်အလှန်ပစ်ခတ်မှုများကြောင့် တိုက်ပွဲများပြင်းထန်

**ဂျေရုဆလင် မေ ၅**

အစ္စရေးနှင့် ဟားမားစ်အုပ်စုတို့ကြား တိုက်ပွဲများ ပေါ်ပေါက်လျက်ရှိကြောင်း သိရသည်။ ဟားမားစ်တို့သည် အစ္စရေးပိုင် နယ်မြေထဲသို့ စနေနေ့က ဒုံးကျည် ၂၀၀ ခန့် ပစ်ခတ်ခဲ့ပြီး အစ္စရေးတို့ကလည်း ပြန်လည်တုံ့ပြန်သည့်အနေဖြင့် လေကြောင်းမှ တိုက်ခိုက်မှုများ၊ မြေပြင်မှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဟားမားစ်တို့ ထိန်းချုပ်ထားရာ နယ်မြေမှ ဆေးအဖွဲ့အစည်းတစ်ခု၏ ပြောကြားချက်အရ ပါလက်စတိုင်းကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။ ဟားမားစ်တို့ဘက်မှ ပစ်ခတ်လိုက်သော ဒုံးကျည်များကို အစ္စရေးတို့ဘက်မှ ကြားဖြတ်ပစ်ချခဲ့ကြောင်း၊ သို့သော်ရန်သူဘက်မှ အဆက်မပြတ်ပစ်ခတ်မှုကြောင့် အစ္စရေးတို့ဘက်မှ အသက် ၈၀ အရွယ် အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။



အစ္စရေးဘက်မှ လေကြောင်းတိုက်ခိုက်မှုအပြီး ဂါဇာမြို့တွင် မီးခိုးများတက်လာသည်ကို တွေ့ရစဉ်။

စနေနေ့က ပြုလုပ်ခဲ့သော ပစ်ခတ်မှုများသည် လွန်ခဲ့သောရက်များအတွင်း ပါလက်စတိုင်းဆန္ဒကျင်ဆန္ဒပြသူ တစ်ဦးကို သတ်ဖြတ်ခဲ့သည့်အတွက် ပြန်လည်လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ဟားမားစ်တို့ဘက်မှ သတင်းထုတ်ပြန်သည်။ အစ္စရေးတို့ဘက်မှလည်း လျင်မြန်စွာ တုံ့ပြန်ခဲ့သည်။ အစ္စရေးတို့ဘက်မှ တိုက်လေယာဉ်များသည် ဟားမားစ်တို့ဘက်မှ လက်နက်သိုလှောင်ရာ အဆောက်အအုံများအပါအဝင် စစ်ဘက်အဆောက်အအုံ ၇၀ ခန့်ကို ပစ်ခတ်ခဲ့သည်။ ထို့ပြင် တင့်ကားကြီးများဖြင့်လည်း ပါလက်စတိုင်းနယ်မြေဘက်သို့ အမြောက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် အသက် ၁၄ လအရွယ် ကလေးငယ်တစ်ဦးနှင့် ဟားမားစ်အဖွဲ့ကို လိုလားသော တိုက်ခိုက်ရေးသမားတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းဆေးရုံက ပြောသည်။ အစ္စရေးနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် တဲအဗစ်မြို့တွင် ယူရိုဗားရှင်း သီချင်းဆိုပြိုင်ပွဲကို မေလအလယ်တွင် ကျင်းပသွားရန် စီစဉ်ထားသည်။ ဥရောပ၏အကြီးဆုံး သီချင်းပွဲတော်ကြီးကို အစ္စရေးနိုင်ငံက အိမ်ရှင်အဖြစ် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး အစ္စရေးအစိုးရက အဓိကထားလျက်ရှိသည်။ ဟားမားစ်တို့ကမူ အဆိုပါပွဲတော်ကျင်းပစဉ်အတွင်း ဒုံးကျည်များပစ်ခတ်၍ နှောင့်ယှက်မည်ဟု သတိပေးထားရာ တိုက်ပွဲများ အရှိန်မြင့်လာမည်ကို စိုးရိမ်ရလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ပေးအပ်ထားသောကတိကို ခေါင်းဆောင်ကင် ဖောက်ဖျက်လိုခြင်းမရှိကြောင်း ထရမ့်ပြောကြား

**ဝါရှင်တန် မေ ၅**

မြောက်ကိုရီးယားက မေ ၄ ရက်တွင် တာတိုပစ်ဒုံးကျည်အချို့ကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယင်းကိစ္စကို အပြုသဘောမှတ်ချက်ပေးခဲ့ကြောင်း သိရသည်။ ဒုံးကျည်များကို မြောက်ကိုရီးယား အရှေ့ဘက်ခြမ်းပေါ်ရှိ ဝန်ဆန်မှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။

ယင်းနေ့နှောင်းပိုင်းတွင် သမ္မတထရမ့်က ခေါင်းဆောင်ကင်သည် ၎င်းနှင့်အတူရှိနေကြောင်း သိရှိနားလည်သကဲ့သို့ ၎င်းအပေါ်ပေးအပ်ထားသောကတိ ချိုးဖျက်လိုခြင်းမရှိကြောင်း တွစ်တာပေါ်၌ မှတ်ချက်ချရေးသားခဲ့သည်။ ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုနှင့် နျူကလီးယားလက်နက်စမ်းသပ်မှုများ မပြုလုပ်ရန် ခေါင်းဆောင်ကင် ပေးအပ်ထားသောကတိကို သမ္မတထရမ့်က ဆိုလိုခြင်းဖြစ်ဟန်ရှိကြောင်း သိရသည်။

ထို့ပြင် သမ္မတထရမ့်က ခေါင်းဆောင်ကင်သည် မြောက်ကိုရီးယား၏ စီးပွားရေးအလားအလာနှင့် ပတ်သက်၍ အပြည့်အဝနားလည်သဘောပေါက်ပြီး နိုင်ငံ့စီးပွားရေးကို နိဂုံးချုပ်သွားစေမည့် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်ကိစ္စမျိုးကိုမျှ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း တွစ်တာပေါ်၌ ရေးသားခဲ့သည်။

တွစ်တာပေါ်မှ မှတ်ချက်အရ မြောက်ကိုရီးယားသည် စီးပွားရေးဆိုင်ရာအထောက်အကူဖြစ်စေရန် အပေးအယူအနေဖြင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး လုပ်ဆောင်သွားမည်ဖြစ်သည်ဟု သမ္မတထရမ့်၏ ခိုင်မာသောထင်မြင်ယူဆချက်ကို တွေ့မြင် ရကြောင်း သိရသည်။

သမ္မတထရမ့်အစိုးရအဖွဲ့သည် ခေါင်းဆောင်ကင်နှင့် တတိယအကြိမ်ထိပ်သီးအစည်းအဝေးဖြစ်မြောက်လာစေရေး လမ်းကြောင်းပေးမည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲများကို ပြန်လည်စတင်သွားရန် နည်းလမ်းများ ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘိုးရင်းလေယာဉ် ဖလော်ရီဒါမြစ်အတွင်း အရေးပေါ်ဆင်းသက်ခဲ့ရမှု NTSB မှ စုံစမ်းစစ်ဆေးမည်

**ဖလော်ရီဒါ မေ ၅**

အမေရိကန်သယ်ယူပို့ဆောင်ရေးအာဏာပိုင်များသည် ဖလော်ရီဒါ၌ လေယာဉ်ပြေးလမ်းချော်ပြီး ဖလော်ရီဒါမြစ်အတွင်း ဆင်းသက်သွားရခြင်းမှာ ရာသီဥတုကြောင့် ဟုတ်မဟုတ်ကို စုံစမ်းစစ်ဆေးနေကြောင်း ပြောသည်။

လူပေါင်း ၁၄၀ ခန့်ကို သယ်ဆောင်လာခဲ့သော ဘိုးရင်းလေယာဉ် ၇၃၇ သည် မေ ၃ ရက်က ပြေးလမ်းချော်ပြီးနောက် ဂျက်ဆင်ဗီးမြို့ရှိ ရေတပ်လေကြောင်းစခန်းသို့ ဆင်းသက်ရန်ကြိုးပမ်းနေစဉ် မြစ်အတွင်းသို့ ဆင်းသက်သွားခဲ့သည်။ လေယာဉ်ပေါ် လိုက်ပါလာသော ခရီးသည်များမှာ ပွန်းပဲ့ဒဏ်ရာများသာ ရရှိခဲ့ကြောင်း အမေရိကန်ရေတပ် တပ်ဖွဲ့က ပြောသည်။ ခရီးသည်များထဲတွင် စစ်ဘက်အမှုထမ်းများနှင့် ၎င်းတို့၏ မိသားစုများလည်း ပါဝင်ကြောင်း အမေရိကန်ရေတပ်ဖွဲ့က ပြောသည်။

အမျိုးသားသယ်ယူပို့ဆောင်ရေးလုံခြုံစိတ်ချရမှု အုပ်ချုပ်ရေးအဖွဲ့ NTSB က ၎င်းတို့အနေဖြင့် ရာသီဥတုကို အနီးကပ်စောင့်ကြည့်နေကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေသည်ဟု သတင်းပို့မှုများရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ NTSBက လေယာဉ်ပျံသန်းမှုမှတ်တမ်းကို ရရှိသည့်အခါ ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ဆီးရီးယားနယ်စပ်၌ တူရကီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# တူရကီတပ်ဖွဲ့ဝင်သုံးဦးတိုက်ခိုက်ခံရမှုကို လက်တုံ့ပြန်သည့်အနေဖြင့် ကာ့ဒ်စစ်သွေးကြွ ၂၈ ဦးကိုသုတ်သင်

**အန်ကာရာ မေ ၅**

တူရကီတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည့် တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ကာ့ဒ်စစ်သွေးကြွ ၂၈ ဦးကို မေ ၄ ရက်တွင် တူရကီတပ်ဖွဲ့က သုတ်သင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ ဟက်ကရီပြည်နယ်တွင် မေ ၄ ရက်အစောပိုင်းက ကာ့ဒ်အလုပ်သမားပါတီ (PKK)၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် တူရကီစစ်သား သုံးဦးသေဆုံးခဲ့ပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုတွင် ဟက်ကရီပြည်နယ်ရှိ နယ်စပ်စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားလျက် ပီကေကေအဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယင်းတိုက်ခိုက်မှုအပြင် ကာ့ဒ်အုပ်စုထိန်းချုပ်ထားသည့် ဆီးရီးယားမြောက်ပိုင်းရှိ တယ်လ်ရီဖာအက်ဒေသတွင်လည်း ဆီးရီးယား ကာ့ဒ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုအပြီး တူရကီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဟက်ကရီပြည်နယ်နှင့် ဆီးရီးယားရှိ တယ်လ်ရီဖာအက်ဒေသနှစ်ခုတို့တွင် တူရကီတပ်မတော်က ဗုံးကြဲတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများဖြင့် တုံ့ပြန်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ တူရကီ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့က အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည့် ပီကေကေအဖွဲ့သည် ၁၉၈၄ ခုနှစ်မှ စတင်ကာ တူရကီ၌ ပုန်ကန်ထကြွမှုများ လုပ်ဆောင်ခဲ့သည်။

**ဆင်ဟွာ**

# အမိမြေကိုကာကွယ်ကြရန် ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များအား မာဒူရိုတိုက်တွန်း

**ကရာကတ် မေ ၅**

ဗင်နီဇွဲလားနိုင်ငံတွင် အတိုက်အခံအဖွဲ့ကို ထောက်ခံသူများသည် စစ်တန်းလျားတွင် စုဝေးချီတက်မှုများလုပ်ဆောင်လာလျက်ရှိရာ အမေရိကန်တပ်မတော်ဘက်မှ ဝင်ရောက်စွက်ဖက်လာနိုင်သည့်ကိစ္စရပ်များအတွက် အသင့်ပြင်ထားကြရန် ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက ၎င်း၏ တပ်ဖွဲ့ဝင်များအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

ယခုရက်သတ္တပတ် အစောပိုင်းက အာဏာသိမ်းရန်ကြိုးပမ်းမှု မအောင်မြင်ခဲ့သည့်နောက်တွင် အတိုက်အခံခေါင်းဆောင်ကိုထောက်ခံသည့် လူထုစုဝေးချီတက်မှုများ စနေနေ့က ဖြစ်ပွားခဲ့သည်။ သမ္မတ မာဒူရိုက တစ်နေ့တွင် အမေရိကန်က မိမိနိုင်ငံ၏ နယ်နိမိတ်ကို ထိပါးလာခဲ့လျှင် လက်ထဲတွင် ကိုင်စွဲထားသည့် လက်နက်များဖြင့် အမိမြေကိုကာကွယ်နိုင်ရန်အတွက် အသင့်ရှိနေကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဆိုရှယ်မီဒီယာပေါ်တွင် အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုများကို နှိမ်နင်းသွားမည်ဟု ဩစတြေးလျဝန်ကြီးချုပ်ကြေညာ

**ကင်ဘာရာ မေ ၅**

ဩစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင် အဆိုပြုထားသောဥပဒေအောက်တွင် ဩစတြေးလျ၌ ဆိုရှယ်မီဒီယာပေါ်မှတစ်ဆင့် တိုက်ခိုက်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ ကျူးလွန်ပါက အဖမ်းခံရမည်ဖြစ်ပြီး ထောင်ဒဏ်ငါးနှစ်အထိ ကျခံရဖွယ်ရှိသည်။



ဩစတြေးလျဝန်ကြီးချုပ် စကောက်မော်ရစ်ဆင်

စကောက်မော်ရစ်ဆင်က ဩစတြေးလျတွင် ဆိုရှယ်မီဒီယာပေါ်၌ တစ်ဦးကိုတစ်ဦး လှောင်ပြောင်သရော်ခြင်းကို လက်ခံမည်မဟုတ်ဟု မေ ၅ ရက်က ကြေညာခဲ့ကြောင်း ဂါဒီယန်ဩစတြေးလျတွင် ဖော်ပြထားသည်။

ထို့ပြင် မေ ၁၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါက ဆိုရှယ်မီဒီယာတွင် ခြိမ်းခြောက်အနိုင်ကျင့်မှုများကို နှိမ်နင်းသွားမည်ဟု ကတိပြုခဲ့သည်။ ယခုလက်ရှိဥပဒေအောက်တွင် ဆိုရှယ်မီဒီယာပေါ်၌ ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှုများ ပြုလုပ်သည်ကို ဖမ်းမိပါက ထောင်ဒဏ်သုံးနှစ်အထိ ကျခံရမည်ဖြစ်သည်။

ဝန်ကြီးချုပ်အသစ် အဆိုပြုထားသည့် အွန်လိုင်းလုံခြုံရေး ဥပဒေအရ ပြစ်မှုကျူးလွန်ပါက ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်ခံရမည်ဖြစ်သည်။ အွန်လိုင်းပေါ်တွင် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နှောင့်ယှက်မှုများ၊ တိုက်ခိုက်မှုများ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပြုလုပ်သင့်ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အွန်လိုင်းပေါ်တွင် လှောင်ပြောင်သရော်ခြင်းများ ပြုလုပ်ခွင့်မရရန် ဥပဒေသစ်ချမှတ်ရန်နှင့် ကလေးများကို အကြမ်းဖက်ခံရမှုမှကာကွယ်ရန်၊ ၎င်းတို့၏လူမှုအသိုင်းအဝိုင်းကို လုံခြုံစိတ်ချနိုင်ရေး ကတိပြုကြောင်း စကောက်မောရစ်ဆင်က ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံသည်သာ ပထမဆိုတဲ့မူဝါဒ ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားဆဲလား

**ထွန်းသစ်စ**

**၁၉ ရာစုနှောင်းပိုင်းနဲ့ ၂၀ ရာစုအစောပိုင်းမှာ အမေရိကန်နိုင်ငံရဲ့ လွတ်လပ်တဲ့ အရင်းရှင်ဝါဒဟာ စီးပွားရေးဆိုင်ရာ ချဲ့ထွင်မှုတွေကို အလျင်အမြန်ဖြစ်စေခဲ့ပါတယ်။ အဲဒီလိုဖြစ်စေခြင်းက လူတန်းစားကွဲပြားခြားနားမှုတွေ ဖြစ်စေခဲ့ပြီး ဆင်းရဲသားတွေကြား စီးပွားရေးဆိုင်ရာ မလုံခြုံမှုတွေ အကြီးအကျယ်ဖြစ်စေခဲ့ပါတယ်။ ထို့နောက်မှာတော့ စီးပွားရေးပျက်ကပ်ကို ဦးတည်တဲ့ပုံစံတွေ ဖြစ်လာပါတော့တယ်။**

**ဦးတည်လာ**

ဒါပေမယ့်လည်း အမြဲတမ်းဒီလိုကြီးပဲတော့ မဟုတ်ပါဘူး။ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံဟာ ဒုတိယကမ္ဘာစစ်နှောင်းပိုင်းကာလရဲ့ စီးပွား ရေးဖွံ့ဖြိုးမှုကို အရှိန်ကောင်းအောင် လောင်စာထည့်လိုက် သလိုပါပဲ။ အလုပ်သမားနဲ့ အလယ်အလတ်လူတန်းစားတွေလက်ထဲ လုပ်ကိုင်နိုင်မှုတွေ ငွေအရင်းအမြစ်တွေ ရောက်လာပါတယ်။ ထို့အတူပါပဲ ပညာရေးပိုင်းဆိုင်ရာနဲ့ စီးပွားရေးဆိုင်ရာ လုံခြုံတိုးတက်မှုတွေဟာလည်း ဒီရေအလားတရိပ်ရိပ်နဲ့ တက်လာပါတော့တယ်။ ဒါပေမယ့်လည်း အမေရိကန်နိုင်ငံရဲ့ အနေအထားဟာ ဒီရေလိုပါပဲ။ အမြဲတမ်းတက်လိုက်ကျလိုက်ဖြစ်နေတာပါပဲ။ ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက သက်သာချောင်ချိရေးကွန်ရက်တွေဟာ သိသိသာသာကိုပဲ လျော့နည်းလာပါတယ်။ အလုပ်သမားတွေကို ကာကွယ်ပေးတဲ့ အလုပ်သမားစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေဟာလည်း လျော့ရဲလာပါတယ်။ ပညာရေးနဲ့ ပြည်သူ့အစီအစဉ်တွေ အတွက် ထည့်ဝင်ခဲ့တဲ့ ရန်ပုံငွေတွေဟာလည်း တဖြည်းဖြည်းလျော့နည်းကျဆင်းလာပါတယ်။ ဆင်းရဲမှုတွေနဲ့ အလုံးစုံသော အကျပ်အတည်းတွေဟာ အမေရိကန်ပြည်ထောင်စုကြီးဆီကို နောက်တစ်ဖန် ရောက်ရှိလို့လာခဲ့ပြီလားဆိုတာတော့ အတိအကျပြောလို့တော့ မရသေးပါဘူး။

၁၉၉၆ ခုနှစ် သက်သာချောင်ချိရေး ပြုပြင်ပြောင်းလဲမှုအရ ကလေးရှိတဲ့ ခင်ပွန်းသည်မရှိ၊ ဇနီးမရှိတဲ့ တစ်ဦးတည်း မိဘတွေဟာ အရင်လိုမဟုတ်ဘဲ အကူအညီငါးနှစ်သာရရှိတော့မှာဖြစ်ပြီး စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်အရ အလုပ်မဖြစ်မနေ လုပ်ရတော့မှာဖြစ်ပါတယ်။ သက်သာချောင်ချိရေး အကျိုးခံစားတဲ့ မိသားစုတွေဟာ ၁၉၉၆ ခုနှစ်မှာ ၄ ဒသမ ၆ သန်းရှိခဲ့ပြီး အခုနှစ်မှာတော့ ၁ ဒသမ ၁ သန်းသာ ရှိတော့ပါတယ်။ သက်သာချောင်ချိရေးအကျိုးခံစားတဲ့ မိသားစုဝင်အရေအတွက်ကျဆင်းလာတာဟာ ဆင်းရဲမွဲတေမှုတွေ လျော့နည်းသွားတယ်လို့တော့ မဆိုလိုပါဘူး။ ခိုင်မာမှုမရှိတော့တဲ့ သက်သာချောင်ချိရေးကွန်ရက်တွေဟာ နောက်တစ်ဖန် ဆင်းရဲနွမ်းမြင့်တက်မှုဆီကို ဦးတည်လို့လာခဲ့ပါပြီ။

**စိန်ခေါ်မှုတွေဖြစ်**

အမေရိကန်ဒေါ်လာသန်း ၄၀ ဟာ ဆင်းရဲမွဲတေမှုတွေနဲ့ နေနေရပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကလေးဆင်းရဲမှုနှုန်း အမြင့်ဆုံးဖြစ်တယ်လို့ ကုလသမဂ္ဂ စစ်တမ်းကောက်ယူသူတွေက ဆိုပါတယ်။ ထို့အတူ အလွန်အမင်းဆင်းရဲတဲ့ တစ်နေ့ အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာထက် နည်းပြီးရတဲ့လူတွေလည်းရှိပြီးတော့ အခြေခံလူနေထိုင်မှုအဆင့်အတန်းတွေဖြစ်တဲ့ ရေဆိုးနုတ်စနစ်၊ နေရာထိုင်ခင်း၊ ပညာရေးနဲ့ကျန်းမာရေးအစီအမံ စတာတွေကို ရရှိခံစားမှုလည်း မရှိကြပါဘူး။

နောက်အဆက်အဆက်တက်လာတဲ့ အမေရိကန်သမ္မတလက်ထက်မှာ အမေရိကန်နိုင်ငံကြီးဟာ အထူးသဖြင့် အမေရိကန်နိုင်ငံရဲ့ ၄၅ ယောက်မြောက် သမ္မတဒေါ်နယ်ထရမ့်ရဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံဟာ အတက်အကျတွေ လျင်လျင်မြန်မြန်ဖြစ်ပေါ်လို့ လာခဲ့တယ်လို့ပဲ ပြောရမလားမသိတော့ပါဘူး။ အခုဆိုရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

တာဝန်ယူလာတဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒတွေဟာ နိုင်ငံတကာအသိုင်းအဝိုင်းကို အံ့အားသင့်စေခဲ့ပါတယ်။ ထို့အတူပဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွေကို အဆက်မပြတ်ခြိမ်းခြောက်မှုရှိပြီး ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတွေ ဖြစ်စေခဲ့ပါတယ်။

**အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ချမှတ်ထားတဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့မူဝါဒဟာ တဖြည်းဖြည်းအရှိန်မြင့်တက်လာပြီး ရုပ်လုံးပေါ်လာပြီဖြစ်ကာ အဆိုပါမူဝါဒကြောင့် အမေရိကန်အစိုးရရဲ့ ဆောင်ရွက်မှုတွေဟာ မတည်ငြိမ်မှုတွေ၊ မသေချာမှုတွေနဲ့ ရင်ဆိုင်လာရပါတော့တယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ လွတ်လပ်တဲ့ ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်တဲ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှုသဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုကို ဆွဲထုတ်ခဲ့ပါတယ်။ ပြီးတော့လည်း ပါရီရာသီဥတုပြောင်းလဲရေးဆိုင်ရာ သဘောတူညီချက်မှလည်း နောက်ပြန်ဆုတ်ခဲ့ပါတယ်။ ထို့အတူ အီရန်နဲ့ အနောက်နိုင်ငံကြား သဘောတူခဲ့တဲ့ အီရန်ရဲ့ နျူကလီးယားအစီအစဉ်က နုတ်ထွက်လိုက်ခြင်း၊ ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးနေတဲ့ မူဝါဒ၊ တရုတ်နိုင်ငံရဲ့ ကုန်သွယ်ရေးကဏ္ဍအခင်းအကျင်း စတဲ့အကြောင်းအရာတွေမှာ ပြောင်းလဲမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ထို့အပြင် အမေရိကန်သမ္မတထရမ့်ဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ တွေ့ဆုံဆွေးနွေးပြီး ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် ကြိုးစားနေတဲ့ကိစ္စဟာလည်း သောင်မတင် ရေမကျ ဖြစ်နေပါတယ်။

**ကမ္ဘာ့အသိုင်းအဝိုင်းမှ ကျောခိုင်းလာ**

ထို့အပြင် အမေရိကန်နိုင်ငံရဲ့ လူဝင်မှုကန့်သတ်တာတွေ၊ အမေရိကန်-ကျူးဘားဆက်ဆံရေးကို ပြောင်းလဲမှုတွေ၊ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံအဖြစ် လက်ခံကြောင်း ကြေညာတာတွေ၊ ပါကစ္စတန်နိုင်ငံရဲ့အကြမ်းဖက်နှိမ်နင်းရေးအပေါ် စကားလုံးတွေနဲ့ တိုက်ခိုက်မှုတွေ အပါအဝင် အီရန်နိုင်ငံရေး အသိုင်းအဝိုင်းကို ဝင်ရောက်စွက်ဖက်တဲ့ တင်းမာတဲ့အပြောအဆိုကတစ်ဆင့် ပါကစ္စတန်နိုင်ငံအပေါ် ငွေကြေးထောက်ပံ့မှုရပ်ဆိုင်းတာတွေ စတာတွေကို လုပ်ကိုင်ဆောင်ရွက်လာတာကို ကြည့်ခြင်းအားဖြင့် အမေရိကန်နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာ အရှိန်ကောင်းကောင်းနဲ့ ဆက်လက်ပေါ်ပေါက်လာတယ်ဆိုတာကို ငြင်းလို့မရပါဘူး။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ လက်ရှိဆောင်ရွက်မှုတွေဟာ အပြုသဘောထက် အနုတ်သဘော ဆောင်နေသလားဆိုတာတော့ နိုင်ငံရေးကျွမ်းကျင်သူတွေရဲ့အလုပ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျိန်းသေတာတစ်ခုကတော့ ကမ္ဘာ့အသိုင်းအဝိုင်းမှာ ထီးထီးကြီး ဖြစ်လာတယ်ဆိုတာ ငြင်းမရပါဘူး။

ဒါတင်မကပါဘူး။ ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်မှ နုတ်ထွက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်မှ နုတ်ထွက်ခြင်း၊ ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့မှ နုတ်ထွက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာလူဝင်မှုကြီးကြပ်ရေး သဘောတူညီချက်မှ နုတ်ထွက်မှုစတဲ့ အချက်တွေကိုကြည့်ရင် အမေရိကန်နိုင်ငံဟာ သူ့နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်လိုတဲ့အပြင် သီးခြားနေထိုင်လိုတဲ့သဘောကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေတွေက ကာလရှည်ကြာ မဟာမိတ်ဖြစ်ခဲ့တဲ့နိုင်ငံတွေကို ဆောက်တည်ရာမရ ဖြစ်စေခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အမေရိကန်နိုင်ငံအပေါ် သူ့ရဲ့ဦးဆောင်နိုင်မှုနဲ့ ပတ်သက်ပြီး ပြန်လည်မေးခွန်းထုတ်စရာတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

**ပိုမိုအလေးပေး**

ဒေါ်နယ်ထရမ့်ရဲ့ သမ္မတရွေးကောက်ပွဲကြွေးကြော်သံအတိုင်း နိုင်ငံတစ်နိုင်ငံအနေနဲ့ ပုံမှန်လမ်းရိုးမှ ခွဲထွက်ပြီး တစ်မူထူးခြားတဲ့ ဆောင်ရွက်ချက်တွေ ဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထားကို တွေ့မြင်ရပေမယ့်လည်း ဒါဟာနိုင်ငံတကာနဲ့ ဆက်ဆံရေးမှာ ထီးထီးကြီးဖြစ်စေပါတယ်။ ခေတ်အဆက်ဆက် အမေရိကန်အစိုးရတွေနဲ့ ဒေါ်နယ်ထရမ့်ရဲ့ ကွာခြားချက်ဟာ ဒေါ်နယ်ထရမ့်ဟာ နိုင်ငံတကာစည်းကမ်းတွေကို သတ်မှတ်ထိန်းသိမ်းတဲ့နေရာမှာ ချိန်ညှိမှုအားနည်းပြီး အများအကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေ မျှဝေမှုနဲ့ ဒေသတွင်း မူဝါဒလမ်းစဉ်တွေအပေါ် ဗဟုဝါဒနဲ့ မချဉ်းကပ်နိုင်မှုစတဲ့ ကျင့်သုံးနေကျ နိုင်ငံခြားရေးရာ ဆောင်ရွက်ချက်တွေကို ဆောင်ရွက်ပြီး အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒကို နိုင်ငံတကာမူဘောင်တွေထက် ပိုမိုအလေးပေးထားတာတွေ့ရမှာ ဖြစ်ပါတယ်။

အမေရိကန်တစ်နိုင်ငံတည်းကိုသာကြည့်ပြီး ဦးတည်ဆောင်ရွက်တဲ့ နိုင်ငံခြားရေးမူဝါဒဟာ နိုင်ငံခြားရေးဆိုင်ရာ မဟာဗျူဟာဖြစ်ဖို့ဆိုတာ အလွန်ခက်ခဲတဲ့အနေအထားမှာရှိပါတယ်။ အမေရိကန်နိုင်ငံဟာ ၎င်းတစ်နိုင်ငံတည်း လမ်းကြောင်းပေါ်လျှောက်လှမ်းတာကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ တဖြည်းဖြည်းဝေးကွာလာမလားဆိုတာ မပြောတတ်အောင် ဖြစ်ရသလို အမေရိကန်နိုင်ငံရဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအပေါ် ဩဇာလွှမ်းမိုးမှုလည်း ရှိလာမလားဆိုတာ အတိအကျပြောဖို့ ခက်ခဲလာပါတယ်။ လက်ရှိကမ္ဘာကြီးဟာ အလုံးစုံ ရောနှောပေါင်းဖက်ပူးပေါင်းနေထိုင်တဲ့ ကံကြမ္မာအကျိုးတူ ကမ္ဘာကြီးတစ်ခုဖြစ်လာတာနဲ့အညီ အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒဟာ လက်ရှိအခြေအနေနဲ့ ကိုက်ညီနိုင်မှာလား ဆိုတာကတော့ အချိန်ကစကားပြောသွားမှာဖြစ်ပါတယ်။ ။

**ကိုးကား - သည်ဝါရှင်တန်ပို့စ်**

---

# နိုင်ငံတကာသတင်းတိုထွာ

## ပုပ်ရဟန်းမင်းကြီး ဗရန်စစ် ဘူဂေးရီးယားသို့ ရောက်ရှိ

**ဆိုဖီယာ မေ ၅**

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် မေ ၅ ရက်က ဘူဂေးရီးယားသို့ ရောက်ရှိပြီး လူနည်းစုကက်သလစ်များနှင့် တွေ့ဆုံမည်ဖြစ်သည်။ သို့သော် ပုပ်ရဟန်းမင်းကြီးနှင့်အတူ အားလုံးပူးပေါင်း၍ ဝတ်ပြုဆုတောင်းကြမည့် အစီအစဉ်ကို အော်သိုဒေါ့စ် ဘုရားကျောင်းမှ လက်မခံပေ။ ဝန်ကြီးချုပ် ဘိုကိုဘိုရီဆော့ဗ်သည် လေဆိပ်တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် တွေ့ဆုံခဲ့သည်။ သုံးရက်တာခရီးစဉ်အတွင်း မြောက်မက်ဆီဒိုးနီးယားကိုသွားရောက်မည်ဖြစ်ပြီး ဆိုဖီယာမြို့ဆင်ခြေဖုံးရှိ ဒုက္ခသည်စခန်းသို့ သွားရောက်မည့်အစီအစဉ်လည်း ပါဝင်သည်။

ခရီးစဉ်အတွင်း မက်ဆီဒိုးနီးယားဇာတိ မာသာထရီဆာ အထိမ်းအမှတ်ကျောက်တိုင်ကိုလည်း သွားရောက်မည်ဖြစ်သည်။ ဝန်ကြီးချုပ် ဘိုကိုက ပုပ်ရဟန်းမင်းကြီး လာရောက်သည်ကို ကြိုဆိုခဲ့ပြီး ဘော်ကန်ဒေသ ငြိမ်းချမ်းစွာစီးပွားရေးဖွံ့ဖြိုးလာမှု၏ ရောင်ပြန်ပင်ဖြစ်ကြောင်း ပြောခဲ့သည်။ ပုပ်ရဟန်းမင်းကြီးခရီးစဉ်တွင်း လူနည်းစု ကက်သလစ်များကို အလေးပေးသွားမည်ဖြစ်ပြီး ဘူဂေးရီးယား၌ ကက်သလစ် ၄၄၀၀၀ နှင့် မြောက်မက်ဆီဒိုးနီးယားတွင် ၂၀၀၀၀ ခန့် ရှိသည်။ **အေအက်ဖ်ပီ**

## ကက်ရှ်မီးယားဒေသ၌ သေနတ်သမားများ၏ပစ်ခတ်မှုကြောင့် ဘီဂျေပီပါတီ ခေါင်းဆောင်တစ်ဦး သေဆုံး

**ဆရီနာဂါ မေ ၅**

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၌ ဘာရာတိယ ဂျနာတာပါတီဟု အမည်ရှိသည့် ဘီဂျေပီ ပါတီ၏ခေါင်းဆောင်တစ်ဦးကို သေနတ်သမားများက ၎င်း၏ နေအိမ်အတွင်း၌ သတ်ဖြတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၅ ရက်တွင် ပြောကြားခဲ့သည်။

အသက် ၇၀ ရှိပြီဖြစ်သည့် ဂူလမ်မူဟာမက်မာသည် ဘီဂျေပီပါတီနှင့် ဆက်နွှယ်နေပြီး အနန်တနက်ဒေသဆိုင်ရာ ဘီဂျေပီပါတီ ဒုတိယဥက္ကဋ္ဌဖြစ်ကြောင်း သိရသည်။ ဆရီနာဂါမြို့တောင်ဘက် ၈၆ ကီလိုမီတာအကွာ အနန်တနက်ဒေသရှိ ကျေးရွာတစ်ရွာ၌ ၎င်းအား သေနတ်သမားများက ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်သမားများသည် ပြီးခဲ့သည့်ညက ဂူလမ်မူဟာမက်မာ၏ နေအိမ်သို့ အတင်းဝင်ရောက်လာခဲ့ပြီး ၎င်းအားသေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ၎င်းအား အရေးပေါ်အခြေအနေဖြင့် ချက်ချင်း ကျန်းမာရေးဌာနသို့ ပို့ဆောင်ခဲ့သော်လည်း လမ်းတွင်သေဆုံးသွားခဲ့ကြောင်း သိရသည်။ တိုက်ခိုက်မှုတွင် စစ်သွေးကြွများ ပါဝင်ပတ်သက်နေသည်ဟု ရဲများက သံသယဖြစ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ Yangon Weekend Market စတင်ဖွင့်လှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် (အောက်လမ်း)တွင် မေ ၅ ရက် ညနေပိုင်းမှ စ၍ Yangon Weekend Market 'Pansodan' ကို စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။

မေ ၄ ရက်က စတင်၍ အကြိုဖွင့်လှစ်ရောင်းချခဲ့ပြီး မေ ၅ ရက် ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

Yangon Weekend Market တွင် ဆိုင်ခန်းပေါင်း ၆၅ ခန်းနှင့် Food Truck လေးစီးပါဝင်ရောင်းချကာ မြန်မာ့လက်မှုပစ္စည်းဆိုင်များ၊ တိုင်းရင်းသားအစားအစာဆိုင်များ၊ နိုင်ငံတကာ အစားအစာဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ယမကာဆိုင်များ ပါဝင်ပြီး လာရောက်စားသုံးသူ ပြည်သူများအား ဖျော်ဖြေရေးအစီအစဉ်များဖြင့်လည်း တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

Yangon Weekend Market ကို မေလအတွင်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိလည်းကောင်း ဖွင့်လှစ်ရောင်းချမည် ဖြစ်သည်။ မိုးရာသီကာလဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ခေတ္တရပ်နားထားမည်ဖြစ်ပြီး စက်တင်ဘာလတွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း စနေ၊ တနင်္ဂနွေအပတ်စဉ်များ၌ မိသားစုလိုက်ဖြစ်စေ၊ အပေါင်းအသင်း သူငယ်ချင်းများဖြင့်ဖြစ်စေ ပျော်ပျော်ပါးပါးဈေးဝယ်ထွက် စားသုံးနိုင်ရန် ဖော်ပြလိုက်ရပါသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**







**Yangon Weekend Market** တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စားသောက်ဖွယ်ဆိုင်များ၌ မိမိနှစ်သက်ရာ စားသောက်ဖွယ်များကို ဝယ်ယူအားပေးနေသူများနှင့် အပေါင်းအသင်းမိတ်ဆွေများနှင့်ထိုင်၍ အားပေးစားသုံးနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - ထိန်လင်း







# “ဝ” အထူးဒေသ (၂) က မိုင်းဆတ်-တာချီလိတ်ကားလမ်း လမ်းအသုံးပြုခကောက်ခံခြင်းကို မေ ၁ ရက်မှစ၍ ရပ်ဆိုင်း

**မိုင်းဆတ် မေ ၅**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်နှင့် တာချီလိတ်ခရိုင်ကို ဆက်သွယ်ထားသော မိုင်းဆတ်-တာချီလိတ်ကားလမ်းအား “ဝ” အထူးဒေသ (၂) မှ မိုင်းထလန်းကျေးရွာအုပ်စု မိုင်းကန်းကျေးရွာအနီးတွင် မောင်းတံတား၍ လမ်းအသုံးပြုခ ကောက်ခံနေခြင်းကို မေ ၁ ရက်မှစ၍ ရပ်ဆိုင်းခဲ့သည်။

“လမ်းအသုံးပြုခ မကောက်တော့ဘူးဆိုတော့ အလွန်ဝမ်းသာပါတယ်။ အရင်က ကျွန်တော် တာချီလိတ်သွားရင် အသွားထိုင်းဘတ်ငွေ ၁၀၀၊ အပြန်ထိုင်းဘတ်ငွေ ၁၀၀ ပေးရတာ။ အခုသက်သာသွားပြီပေါ့” ဟု မိုင်းဆတ်မြို့ဝိန်းနေရပ်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

မိုင်းဆတ်-တာချီလိတ်ကားလမ်းမှာ ၁၉၉၈ ခုနှစ်က “ဝ” အထူးဒေသ (၂) မှ ဖောက်လုပ်ထားသော မြေသားလမ်းအများစုပါဝင်သည့် တောင်ပေါ်ကားလမ်းဖြစ်ပြီး ယခင်က ဆိုင်ကယ်တစ်စီး ၅ ဘတ်၊ ယာဉ်ငယ်တစ်စီး ဘတ် ၁၀၀၊ ယာဉ်ကြီးတစ်စီး ကုန်ပါ ဘတ် ၁၀၀၀ လမ်းအသုံးပြုခ အသွား၊ အပြန် ကောက်ခံလျက်ရှိသည်။

နိုင်ငံတော်အစိုးရက လမ်းစတင်ပြုပြင်ထိန်းသိမ်းသည့်အချိန်မှစ၍ “ဝ” အထူးဒေသ (၂) က လမ်းအသုံးပြုခကောက်ခံခြင်းကို ရပ်ဆိုင်းပေးမည်ဟု နှစ်ဖက်သဘောတူညီချက်အရ ရပ်ဆိုင်းပေးလိုက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်က ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းဆတ်ခရိုင် လမ်းဦးစီးမှူး ဦးမျိုးဇာနည်ဦးက ပြောသည်။

အဆိုပါလမ်းသည် ၆၀ ဒသမ ၄ မိုင်ရှည်လျားပြီး လမ်းမှာ ဆိုးရွားစွာပျက်စီးနေသည့်အပြင် လမ်းဘေးရှိ ချုံနွယ်များကြောင့် မြင်ကွင်းမရှင်း၍ ဒေသခံပြည်သူများက အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် တောင်းဆိုမှုများရှိသဖြင့် “ဝ” အထူးဒေသ (၂) မှ ဒေသခံပြည်သူများအတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် နှစ်ဖက်တွေ့ဆုံပွဲတွင် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော် (မိုင်းဆတ်)**

# မြောက်ဦးမြို့နယ်ရှိ နေရပ်စွန့်ခွာစခန်း သုံးခုသို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး မေ ၅**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်ထားသော နေရပ်စွန့်ခွာစခန်းနေရာ သုံးခုသို့ ရောက်ရှိလာသူများအတွက် ထောက်ပံ့ပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်လှနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယမန်နေ့က အဆိုပါစခန်းရှိ ပြည်သူများထံသို့ ပေးအပ်သည်။

ထို့နောက် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မြောက်ဦးမြို့နယ် ကျေးရွာများရှိ နေရပ်စွန့်ခွာကယ်ဆယ်ရေးစခန်းများဖြစ်သော တင်းထိန်ကန် ဘုန်းတော်ကြီးကျောင်း၊ ရွာသစ်ကေဘုန်းတော်ကြီးကျောင်း၊ ဝက်လှဘုန်းတော်ကြီးကျောင်းတို့တွင် ယာယီရောက်ရှိလာသော အိမ်ထောင်စုလူဦးရေများဖြစ်သည့် တင်းထိန်ကန်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၂၆၁ မှ လူဦးရေ ၇၉၈ ဦး၊ ရွာသစ်ကေကျေးရွာဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၃၂ မှ လူဦးရေ ၄၉၂ ဦး၊ ဝက်လှကျေးရွာဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၂၀ မှ လူဦးရေ ၄၇၂ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ခြင်ထောင်တစ်လုံးနှင့် စောင်တစ်ထည်စီ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကြက်ခြေနီအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောမှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



နေရပ်စွန့်ခွာသူများထံ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ကံမမြို့နယ်၌ သောက်သုံးရေဂါလန် ၆၀၅၀ ဖြန့်ဝေလှူဒါန်း

**ကံမ မေ ၅**
သရက်ခရိုင် ကံမမြို့နယ်အတွင်းရှိ ပြောင်ကျကျေးရွာနှင့် ကျောက်ထက်ကျေးရွာတို့သည် သောက်သုံးရေအတွက် အဝီစိတွင်းတူးမရ၍ မြေသားရေကန်ကိုသာ မှီခိုအားထားနေရသဖြင့် နွေရာသီကာလ အပူချိန်မြင့်မားလာသောအခါ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် ယမန်နေ့က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်သဘာဝဘေးကြိုတင်တားဆီးရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ အိမ်ခြေ ၃၃၅ အိမ်၊ လူဦးရေ ၁၀၉၅ ဦး၊ ကျွဲ၊ နွား ၇၅၁ကောင်တို့အတွက် သန့်ရှင်းသော သောက်သုံးရေဂါလန် ၆၀၅၀ ကို ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရရှိန်ထံမှ သိရသည်။

**မြကျော်ဇင်သန်း (ကံမ)**

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhasustion)**

- ဂဏှာမငြိမ်ခြင်း
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း
- ကြွက်တက်ခြင်းနှင့် နုံးချိပျော့ခွေခြင်း
- အလွန်အမင်းရေဆာခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**အပူဒဏ်ကြောင့်သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံ မြင့်တက်လာခြင်း
- အရေပြားပူ၍ခြောက်သွေ့ခြင်း(သို့) ချွေးခမ်းခြောက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း
  သတိလစ်ခြင်း၊ တက်ခြင်း

**အရေးပေါ် ရှေးဦးပြုစုခြင်း**

- လူနာကိုအရိပ်ရအေးမြသောနေရာသို့ ရွှေ့ထားပါ။ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါကယပ်ခတ်ပေးပါ။
- လူနာ၏ခြေရင်းဘက်ကို မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓါတ်ဆားရည်တိုက်ပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။
နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ဧပြီလ၊ ၂၀၁၉

# ရေစကြိုမြို့၏ ပထမဆုံးသော ကွန်ကရစ်လမ်းအတွက် လုပ်ငန်းအပ်နှံနိုင်ရန် တင်ဒါခေါ်ယူ

**ရေစကြို မေ ၅**
မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ထောက်ပံ့ရန်ပုံငွေဖြင့် ရေစကြိုမြို့ အမှတ် (၈) ရပ်ကွက် လေးရာပြည့်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည် ဖြစ်သည်။

“၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရေစကြိုမြို့ အမှတ် (၈) ရပ်ကွက် လေးရာပြည့်လမ်းဆုံမှ ချိုပြုံးတံတားအထိ လမ်းကို ပထမဆုံး ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ လမ်းအတိုင်းအတာက ၁၀၀၀'× ၁၄'× ၉" ဖြစ်ပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနဲ့အညီ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းပြီး မေ ၂ ရက်က စလို့ တင်ဒါပုံစံတွေကို ရောင်းချပေးနေပါတယ်။ တင်ဒါပိတ်ရက်ကတော့ မေ ၁၅ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီဖြစ်ပါတယ်” ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က ပြောသည်။

အဆိုပါလမ်းမှာ ရေစကြိုမြို့နယ် ရွှေချောင်းကျေးရွာနှင့် ဆက်သွယ်သော မြို့တက်လမ်းဖြစ်ပြီး ကျွန်းပိုင်းကျေးရွာ ၂၀ ကျော်မှ ဒေသထွက်သီးနှံနှင့် ကျေးရွာထုတ်ကုန်အမျိုးမျိုးကို ရေစကြိုမြို့သို့ တင်ပို့ရောင်းချရာတွင် အဓိကအရေးပါသော လမ်းတစ်လမ်းဖြစ်သည်။ ထို့ပြင် အမှတ် (၈) ရပ်ကွက်ရှိ ပဲဆန်ကြော်လုပ်ငန်းများစုဝေးရာ နယ်မြေဖြစ်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ ဝင်ထွက်ရာလမ်းလည်း ဖြစ်သည်။ အဆိုပါလမ်းကို ကွန်ကရစ်လမ်းခင်းကျင်းပြီးပါက ဒေသထွက်ကုန်ပစ္စည်းများကို ရာသီမရွေး အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၅-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၁၀ ကျပ် | ၉၃၀/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၁၀၁၀/၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ · ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၈ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ · ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၀ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၄ · ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ · ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၅၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီမွှေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဆယ်ကျော်သက်တို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲလာတဲ့ အတွေးအခေါ် အလေ့အကျင့် အလေ့အထများ

ဒေါက်တာအေးမြတ်လွင် (ဟသ်ာတ)

**ဖယောင်းရုပ်ပမာ**

ဆယ်ကျော်သက်တို့အကြောင်းတွေးတိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ မြင်တိုင်း ဖယောင်းရုပ်လေးတွေလို ပုံသွင်းရင် ကိုယ်သွင်းတဲ့ပုံအတိုင်း ဝင်တယ်ဆိုတာကို ဆယ်ကျော်သက် စီမံချက်လုပ်တဲ့ ကျွန်မတို့မျက်ဝါးထင်ထင် တွေ့ရပါတယ်။

မနှစ်က ဆယ်ကျော်သက်လေးတွေအတွက် လှိုင်သာယာမြို့နယ်က ရပ်ကွက် နှစ်ခု၊ ကျေးရွာတစ်ခုမှာ ဆယ်ကျော်သက်အမျိုးသမီးငယ်လေးတွေကို ကျား / မအခြေပြု အကြမ်းဖက်ခံရခြင်းမှ ကင်းဝေးအောင်၊ အကြမ်းဖက်ခံရတဲ့ ဆယ်ကျော်သက်လေးတွေရဲ့ဘဝ ပြန်လည်ရှင်သန်လာအောင် လူမှုရေးအဖွဲ့တစ်ခုဖြစ်တဲ့ အန်ဂျီအိုဂျီဂျီနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။

စီမံချက်ကာလမှာ ဆယ်ကျော်သက်အရွယ် (၁၄ နှစ်ဝန်းကျင်) မိန်းကလေးအယောက် ၃၀ နဲ့ စတင်ဆောင်ရွက်ခဲ့တာပါ။ ကျောင်းသူလေးတွေလည်းပါတယ်။ စက်ရုံမှာ လုပ်နေတဲ့သူတွေလည်းပါပါတယ်။ အိမ်မှာနေတဲ့ သူတွေလည်းပါပါတယ်။

တချို့က အလွန်ကိုရဲတင်းပြီး တချို့က လူအလွန်ကြောက်ပါတယ်။ သင်တန်းတွေပေးနေတဲ့အချိန်တွေမှာ အားလုံးပါဝင်လေ့ကျင့်နိုင်အောင် လုပ်ပေးတဲ့အတွက် ကြောက်တတ်တဲ့ကလေးတွေ တဖြည်းဖြည်း ရဲတင်းလာကြပါတယ်။ ဝင်ရောက်ဆွေးနွေးရဲလာပါတယ်။

ကလေးတစ်ယောက်က ကျောင်းသွားကျောင်းပြန် အဖေက လိုက်ပို့ပေးရတယ်။ ကျောင်းရောက်ရင် ဘယ်သူနဲ့မှ စကားမပြောဘူး။ အဖေက ဒီစီမံချက်မှာ သူ့သမီးကို ပါဝင်စေပါတယ်။ သင်တန်းတွေ လုပ်ပေးနေတဲ့ ကာလအတွင်းမှာပဲ ဝင်ရောက်ဆွေးနွေးလာတတ်ပါတယ်။ အနေအေးလို့ မတွေးတတ်ဘူးလို့ ထင်လို့မရပါဘူး။ အတွေးတွေကို ထုတ်ဖော်ပြောရဲတဲ့အထိ ပြောတတ်လာပါတယ်။ သူ့မိဘတွေလည်း ဝမ်းသာလာကြပါတယ်။

တစ်ယောက်သော မိန်းကလေးတစ်ဦးက စက်ရုံမှာ အလုပ်လုပ်တယ်။ သင်တန်းအတွေ့အကြုံတွေကို အလုပ်ရှင်ကို ပြန်ပြောပြတဲ့အခါ အလုပ်ရှင်က တက်တက်ကြွကြွအားပေးပြီး သင်တန်းခေါ်ချိန်တွေကို မပျက်မကွက်တက်နိုင်အောင် အားပေးခဲ့ပါတယ်။

**စီမံချက်ကာလအတွင်း ပေးခဲ့သောသင်တန်းများ**

စီမံချက်မှာပါတဲ့ မိန်းကလေးတိုင်းက သူတို့မိဘတွေကို သင်တန်းအတွေ့အကြုံတွေ ပြန်ပြောပြကြပါတယ်။ မိဘအုပ်ထိန်းသူတွေက ပထမထင်သလောက် စိတ်ဝင်စားမှုမရှိပေမယ့် သမီးတွေပြန်ပြောပြတဲ့အခါ ပိုမိုစိတ်ဝင်စားလာပြီး သင်တန်းပေးချိန်၊ ဆွေးနွေးပွဲတွေ ပြုလုပ်ချိန်တွေမှာသူတို့ပါ ပါဝင်တက်ရောက်ပြီး သူတို့သမီးတွေအတွက် နှစ်ထောင်းအားရရှိလာတာကို တွေ့ရပါတယ်။

သင်တန်းတွေပေးတဲ့အခါ ကျား / မ အကြောင်း၊ အမျိုးသမီးတွေနဲ့ လူငယ်အခွင့်အရေးတွေအကြောင်း၊ ဆယ်ကျော်သက်နဲ့ မျိုးဆက်ပွားကျန်းမာရေးအကြောင်း၊ ကျား / မ အခြေပြု အကြမ်းဖက်ခြင်းအကြောင်း၊ အမျိုးသမီးငယ်တွေ အကြမ်းဖက်မခံရအောင် မိမိကိုယ်မိမိ ကာကွယ်ပုံအကြောင်း၊ ဖြစ်လာရင် ဘာတွေလုပ်ရမယ်ဆိုတာတွေ၊ အချင်းချင်းဘယ်လို စောင့်ရှောက်ရမယ်ဆိုတာတွေကို စာတွေ့လက်တွေ့ လေ့ကျင့်ပေးတဲ့အခါ မိမိကိုယ်တိုင် လိုက်နာကျင့်သုံးဖို့လိုပြီး မိမိကိုယ်မိမိ တန်ဖိုးရှိအောင်နေဖို့တွေ နားလည်သဘောပေါက်လာကြပါတယ်။ မိမိကိုယ်မိမိ တန်ဖိုးထားတတ်လာကြပါတယ်။

သူတို့အတွက်လိုအပ်တဲ့ ကိုယ်လုံ ကိုယ်ခံပညာကို မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ရဲ့မြန်မာ့လက်ရွေးစင် ၁၀ ဦးက လာရောက်လေ့ကျင့်ပေးတဲ့အခါ ကျား / မအခြေပြု အကြမ်းဖက်ခံရရင် ဘယ်လို ကာကွယ်ရမယ်ဆိုတာကို သိရှိပြီး ကိုယ်တိုင်အားအင်တွေ မွေးထုတ်ရရှိလာကြပါတယ်။ သူတို့အထဲက သင်တန်းသူခြောက်ဦးကို အောင်ဆန်း ကွင်းမှာ ခေါ်ယူပြီး ဆက်လက်လေ့ကျင့်စေခဲ့ပြီး မိမိသူငယ်ချင်းတွေကြား ပြန်လည်ဖြန့်ဝေ လေ့ကျင့်ပေးနိုင်အောင် အဖွဲ့ချုပ်က ဆက်လက်ကူညီပေးကြပါတယ်။

**စာဖတ်ဝိုင်းနှင့် ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း**

သင်တန်းပေးတာအပြင် တစ်လတစ်ခါ စာဖတ်ဝိုင်းလုပ်ပြီး စာဖတ်လေ့ကျင့်ပေးတဲ့အခါ သူတို့အရွယ်မှာ ဖတ်သင့်တဲ့စာအုပ်တွေကို အဓိကထားပြီး သမီးတွေရော မိဘအုပ်ထိန်းသူတွေပါ ပါဝင်ပြီး ဖတ်လာကြတာကို တွေ့ရပါတယ်။

စာရေးဆရာ ကောင်းသန့်ရဲ့ 'သမီးလေးဖတ်ဖို့' ဆိုတဲ့ စာအုပ်တွေနဲ့ လေ့ကျင့်ခဲ့ကြတာပါ။ အလွန်စိတ်ဝင်စားကြပြီး ကိုယ်ပိုင်လိုချင်ကြတာကို တွေ့ရပါတယ်။ စာဘယ်လို ဖတ်မလဲ၊ ဘယ်လိုနားလည်လဲ၊ ဘယ်လို လေ့ကျင့်မလဲ၊ ဘယ်သူတွေကို ဆက်လက်ဖြန့်ဝေမလဲဆိုတဲ့ စနစ်လေးတစ်ခုကို သုံးခဲ့ကြတဲ့အခါ နောက်ပိုင်း ဆယ်ကျော်သက် ယောကျ်ားလေးတွေလည်း ပါဝင်လာတာကို တွေ့ရပါတယ်။ သူတို့ကိုယ်တိုင် သူတို့အရွယ်မှာ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်စာပေတွေကို မိတ်ဆွေဖွဲ့တတ်လာပါတယ်။

သင်တန်းက လေ့ကျင့်ပေးလိုက်တဲ့ ခေါင်းစဉ်တွေ၊ စာဖတ်ဝိုင်းက ရရှိလာတဲ့အသိတွေ၊ အတွေ့အကြုံတွေအပေါ်မူတည်ပြီး သူတို့လိုချင်တဲ့ ခေါင်းစဉ်တွေကို သူတို့ကိုယ်တိုင်၊ သူတို့မိဘတွေကိုယ်တိုင် တောင်းဆိုလာကြပါတယ်။

တောင်းဆိုလာတဲ့ ခေါင်းစဉ်တွေက အကြမ်းဖက်ခံရရင် ဖြစ်ပေါ်လာတဲ့ မျိုးဆက်ပွားကျန်းမာရေးပြဿနာတွေ မိမိတို့ပတ်ဝန်းကျင်မှာရှိလာရင် မိမိတို့ ဘာတွေလုပ်ပေးရမလဲဆိုတာတွေ၊ အမျိုးသမီးတွေကို အကာအကွယ်ပေးတဲ့ ဥပဒေအကြောင်းတွေ၊ ဆယ်ကျော်သက်နဲ့မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတွေ၊ အကြမ်းဖက်သူတွေက ဆယ်ကျော်သက်အရွယ်တွေကို ဘာကြောင့် အကြမ်းဖက်ကြတာလဲဆိုတာတွေ၊ မိမိတို့ကိုယ်တိုင် ဦးဆောင်မှု၊ ခေါင်းဆောင်မှုတွေ ဘယ်လိုလုပ်ရမလဲဆိုတာတွေကို ဆက်လက်သိလိုလာကြပါတယ်။ တာဝန်ယူလို၊ တာဝန်ခံလိုစိတ်တွေ စတင်ပေါ်ပေါက်လာတာကို တွေ့လာရပါတယ်။

ဒါကြောင့်စီမံချက်ကာလအတွင်းမှာပဲ သူတို့လိုချင်တဲ့ ခေါင်းစဉ်တွေကို သူတို့လိုလားတောင့်တချိန်မှာ ရောက်နိုင်ဖို့ သက်ဆိုင်ရာဝါရင့်ပညာရှင်တွေက သူတို့နဲ့လိုက်ဖက်တဲ့ ခေါင်းစဉ်တွေကို လာရောက်ပို့ချကြပါတယ်။

မျိုးဆက်ပွားကျန်းမာရေးပြဿနာတွေကို မိမိတို့ပတ်ဝန်းကျင်မှာရှိလာရင် ဘာလုပ်ရမယ်ဆိုတာကို မာရီစတုပ်စ်အင်တာနေရှင်နယ်က ဒေါက်တာစစ်နိုင်၊ အမျိုးသမီးတွေကို အကာအကွယ်ပေးတဲ့ ဥပဒေအကြောင်းတွေကို ပါမောက္ခ ဒေါက်တာ မွန်မွန်တာနဲ့ ဒေါ်တင်တင်ရီ၊ ဆယ်ကျော်သက်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတွေကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ဒေါက်တာဖြိုးမြတ်၊ အကြမ်းဖက်သူတွေက ဆယ်ကျော်သက်အရွယ်တွေကို ဘာကြောင့် အကြမ်းဖက်ကြတာလဲ ဆိုတာတွေကို နာမည်ကြီးစာရေး ဆရာလည်းဖြစ် မျိုးဆက်ပွားကျန်းမာရေးအကြောင်းတွေကို ပြည်သူလူထုကြား အသိပညာပေးဟောပြောပွဲတွေမှာ အောင်မြင်စွာ ဟောပြောမှုဝေပေးနေသူလည်းဖြစ်တဲ့ ဒေါက်တာ ဖြိုးသီဟ၊ မိမိတို့ကိုယ်တိုင် ဦးဆောင်မှု၊ ခေါင်းဆောင်မှုတွေ ဘယ်လိုလုပ်ရမလဲဆိုတာတွေကို အမျိုးသမီးငယ်ကိစ္စတွေမှာ အားကြိုးမာန်တက် စိတ်ပါဝင်စားစွာ ကူညီဆောင်ရွက်ပေးတဲ့ အဆိုတော်မော်ဒယ် မေဖြူဖြူတို့က သူတို့ကို ဟောပြောပို့ချပေးသွားတာတွေကို တာဝန်ယူမယ်ဆိုတဲ့အသိနဲ့ နားထောင်ပြီး ပြန်လည်ဆွေးနွေးနိုင်ခဲ့ပါတယ်။

**ဆင့်ပွားမျှဝေကြခြင်း၊ ဝိုင်းဝန်းပံ့ပိုးခြင်း**

သူတို့ အယောက် ၃၀ က တစ်ယောက်ကို သူငယ်ချင်းငါးယောက်ကနေ ၁၀ ယောက်အထိ ပြန်လည်ဖြန့်ဝေပေးဖို့ စီမံချက်က တောင်းဆိုလာတာကိုလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်နဲ့ သူငယ်ချင်းတွေကို သင်ပေးထားတဲ့အတိုင်း ပြန်လည်ဖြန့်ဝေပေးနိုင်တာကိုလည်း တွေ့မြင်ကြရပါတယ်။

လူမှုရေးအသိ လူမှုရေးသတိ၊ ကျန်းမာရေးအသိ ကျန်းမာရေးသတိရှိလာတဲ့ စီမံချက်ဝင် အမျိုးသမီးလေးတွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်စောင့်ရှောက်လာသလို သူတို့နဲ့ အနီးအနားမှာ အကြမ်းဖက်ခံရတဲ့ ဆယ်ကျော်သက်လေးတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးနေတဲ့ လူကြီးတွေနဲ့အတူ ဝိုင်းဝန်းစောင့်ရှောက် အားပေးတတ်လာတာကိုလည်း တွေ့ရပါတယ်။ အဲဒီလိုအားပေးတတ်ဖို့ သူတို့ကို တာဝန်ပေးတဲ့အခါမှာ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကို စောင့်ထိန်းတာ တကယ့်ကို ဂုဏ်ယူလောက်ဖွယ် တွေ့လာကြပါတယ်။ သင်တန်းသူချင်းမသိရဘူး၊ သက်ဆိုင်သူမဟုတ်သူတွေကို မိမိရဲ့ မိဘကိုတောင်ပေးမသိဘဲ ကူညီသွားတာ သက်တူ ရွယ်တူတွေခံစားရသူအတွက် ခွန်အားကို ပိုမိုရရှိစေပါတယ်။

**စီမံချက်အတွင်း သင်ယူခြင်းမှ အတွေးအခေါ် အလေ့အကျင့် အလေ့အထများ ပြောင်းလဲလုပ်ဆောင်လာခြင်း**

စီမံချက်က တစ်နှစ်တာကာလပါ၊ စီမံချက်ကာလကုန်ခါနီးမှာ သူတို့အတွက် ဆယ်ကျော်သက် အမျိုးသမီးငယ်များရဲ့တွေ့ဆုံပွဲကို ကျင်းပခဲ့ပါတယ်။ စင်မြင့်ထက်အများရှေ့မှာ ကျင်းပတဲ့ စကားဝိုင်း ဆွေးနွေးပွဲမှာ အဆိုတော်မော်ဒယ် မေဖြူဖြူ ဦးဆောင်ပြီး အမျိုးသမီးရာအိမ်မှူးတစ်ဦးနဲ့အတူ စီမံချက်တာဝန်ရှိသူတစ်ဦး၊ သမီးငယ်သုံးဦးတို့က တည်ငြိမ်ရင့်ကျက်စွာ ဆွေးနွေးသွားနိုင်ခဲ့ပါတယ်။

စီမံချက်ကြီးပြီးမြောက်သွားတဲ့အခါ မိမိတို့လုပ်ဆောင်ချက်တွေကို နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနကို သွားရောက်ပြီး ပြန်လည်တင်ပြခဲ့ကြပါတယ်။ တက်ရောက်သူလူကြီးတွေရဲ့ရှေ့မှာ စာရွက်တစ်ရွက်မှမကိုင်ဘဲ စီမံချက်မှာပါဝင်တဲ့ သူငယ်ချင်းတွေရဲ့ကိုယ်စား သမီးငယ်တစ်ယောက်က တက်ရောက်ပြောကြားသွားတာတဲ့။ သူတို့ရဲ့အတွေ့အကြုံတွေ၊ သူတို့ရဲ့ပြောင်းလဲရင့်ကျက်လာတဲ့ အတွေးအခေါ်တွေ၊ တန်ဖိုးထားမှုတွေကို ကြည့်လိုက်၊ မြင်လိုက်၊ ကြားလိုက်ရတဲ့ လူကြီးတွေအားလုံး သူ့ရဲ့ယဉ်ကျေးသိမ်မွေ့စွာ၊ တည်ငြိမ်စွာ ပြောတတ်၊ ဆိုတတ်တာတွေကို ချီးကျူးဂုဏ်ယူခဲ့ကြရပါတယ်။

မိန်းကလေးအယောက် ၃၀ ကို တစ်နှစ်အတွင်း လေ့ကျင့်ပေးခဲ့ကြတဲ့အခါ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းပဲ ပေါ်ထွက်လာတာမဟုတ်ပါဘူး။ အားလုံးနီးပါး အတွေးအခေါ် အလေ့အကျင့် အလေ့အထတွေကို ကိုယ်တိုင်ပြုပြင်ပြောင်းလဲလာတာကို တွေ့ကြရပါတယ်။ သူငယ်ချင်းတွေကို သူတို့လိုကောင်းတဲ့ အလေ့အထတွေရအောင် ဆွဲခေါ်လာနိုင်ကြပါတယ်။ မိသားစုဝင်တွေ၊ ရပ်ကွက်သူ ရပ်ကွက် သားတွေ၊ အချင်းချင်းတွေကို စိတ်ဝင်စားအောင် ပြန်လည်ပြောပြနိုင်ခဲ့တယ်။ ထောက်ခံအားပေးတာတွေ ရလိုက်ကြတယ်။

သူတို့ရဲ့ သူငယ်ချင်းတွေအတွက်လည်း သူတို့လိုမျိုးလုပ်ပေးဖို့ ဆက်လက်တောင်းဆိုခဲ့ကြပါတယ်။ စီမံချက်ဝန်ထမ်းတွေဟာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း အကောင်အထည်မဖော်ကြပါဘူး။ သင့်တင့်လျောက်ပတ်စွာ သုံးနိုင်ခွင့်ရှိဖို့ ကုန်ကျစရိတ်ကို ထောက်ပံ့နိုင်တဲ့ အလှူရှင်ရှိရပါမယ်။ ကိုက်ညီတဲ့နည်းပညာတွေကို ထည့်ကြရပါတယ်။ ပြည်သူများကြား စနစ်တကျဆောင်ရွက်ခွင့်ရအောင် သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောတူခွင့်ပြုချက်တွေလိုတယ်။ ရပ် / ကျေးအုပ်ချုပ်သူတို့ရဲ့ ဝိုင်းဝန်းအားပေးပံ့ပိုးမှုတွေ လိုပါတယ်။

ဘက်စုံထောင့်စုံ ဟန်ချက်ညီညီနဲ့ အချိန်နဲ့တစ်ပြေးညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ခဲ့ကြလို့ အောင်မြင်ခဲ့ကြပါတယ်။ ဝိုင်းဝန်းအားပေးထောက်ခံမှုနဲ့အတူ ဒုတိယနှစ်အဖြစ် ဆက်လက်ဆောင်ရွက်ခွင့် ရကြပြန်ပါတယ်။

ဒုတိယနှစ်မှာတော့ ဆယ်ကျော်သက် သားငယ်လေးတွေလည်း ပါဝင်လာကြပါတယ်။ ဒီနေ့ဒီအချိန်မှာ သက်ငယ်မုဒိမ်းဖြစ်မှုတွေအတွက် သက်ဆိုင်သူတို့ စွမ်းစွမ်းတမံ ဆောင်ရွက်နေချိန်မှာ ထိခိုက်လွယ် ဖြစ်လွယ် အုပ်စုတွေရဲ့ကြား ဆောင်ရွက်ခွင့်ရကြတာ ကျေနပ်စရာပါ။ တစ်နိုင်ငံလုံးကို မလွှမ်းခြုံနိုင်လို့ အားမလို အားမရ ဖြစ်ရသူတွေလည်း တွေ့ရပါတယ်။ သို့သော်လည်း ကိုယ်နိုင်သလောက်လေးကို တာဝန်ယူရင်း ဆယ်ကျော်သက်တို့ရဲ့ပြောင်းလဲခွင့်ရလိုက်တဲ့ သူတို့ရဲ့ အတွေးအခေါ်၊ အလေ့အကျင့်၊ အလေ့အထတွေကြောင့် သူတို့ဘဝ လှပစေပါတယ်။ သူတို့ပတ်ဝန်းကျင်ကို လှပစေပါတယ်။ သူတို့မျိုးဆက်တွေကို သူတို့စနစ်တကျ တာဝန်ယူတတ်သွားစေနိုင်လို့ကောင်းသော လုပ်ဆောင်ချက်ဆိုတာ မလွဲမသွေလက်ခံရမယ့် အရာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။



မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်မှ သရုပ်ပြခြင်း။

“လူမှုရေးအသိ လူမှုရေးသတိ၊ ကျန်းမာရေးအသိ ကျန်းမာရေးသတိရှိလာတဲ့ စီမံချက်ဝင် အမျိုးသမီးလေးတွေဟာ သူတို့ကိုယ်သူတို့ ကာကွယ်စောင့်ရှောက်လာသလို သူတို့နဲ့ အနီးအနားမှာ အကြမ်းဖက်ခံရတဲ့ ဆယ်ကျော်သက်လေးတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးနေတဲ့ လူကြီးတွေနဲ့ အတူ ဝိုင်းဝန်းစောင့်ရှောက် အားပေးတတ်လာတာကိုလည်း တွေ့ရပါတယ်။ အဲဒီလိုအားပေးတတ်ဖို့ သူတို့ကို တာဝန်ပေးတဲ့အခါမှာ စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေကို စောင့်ထိန်းတာ တကယ့်ကို ဂုဏ်ယူလောက်ဖွယ် တွေ့လာကြပါတယ်”




ဆယ်ကျော်သက် အမျိုးသမီးငယ်များတွေ့ဆုံပွဲ။

# သီးနှံအထွက်တိုးရေး ကြိုတင်ကာကွယ် အန္တရာယ်အသွယ်သွယ်

**မော်လင်း**

**စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများအထွက်တိုး အောင်မြင်ရေး အဟန့်အတားဖြစ်စေသည့် အကြောင်းတရားမျိုးစုံရှိပါသည်။ သဘာဝဘေးအန္တရာယ်၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ တိရစ္ဆာန်တို့၏ ဖျက်ဆီးမှု စသည်ဖြင့် အခက်အခဲမျိုးစုံကို ကြုံတွေ့ရလေ့ရှိပါသည်။**



ရေဝတီတိုင်းဒေသကြီးအတွင်း ငမြောင်တောင်ပိုးကို ဒရုန်းဆေးဖျန်းစက် အသုံးပြုနှိမ်နင်းရန် ပြင်ဆင်နေစဉ်။ ဓာတ်ပုံ- ဇွဲဇွဲ

### သဘာဝဘေး

သဘာဝဘေးအန္တရာယ်ဆိုရာ၌ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အချိန်အခါမဟုတ် မိုးများရွာသွန်းခြင်း၊ လေပြင်းတိုက်ခြင်း စသည်တို့က စိုက်ခင်းများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ မကြာသေးမီက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်ခဲ့သော အခါမဟုတ် မိုးသီးကြွေကျမှုများကြောင့် ခူးဆွတ်ခါနီး ဖရဲခင်းများ ပျက်စီးမှုဆိုလျှင် သက်ဆိုင်ရာတောင်သူများအတွက် အလွန်ထိခိုက်နစ်နာဆုံးရှုံးမှုကြီး ဖြစ်ပါသည်။ ထို့အတူ လေပြင်းများ တိုက်ခတ်မှုကြောင့် သရက်ခြံများမှ သရက်သီးများ ကြွေကျပျက်စီးရသည်မှာလည်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးရမှုများပင် ဖြစ်ပါသည်။

### ရောဂါဘေး

ယခုနှစ်ပိုင်းများအတွင်း ကြုံတွေ့နေရသော ပြောင်းခင်းများ၌ ငမြောင်တောင်ပိုးကျခြင်း၊ စပါးခင်းများတွင် ဆစ်ပိုးများကျရောက်ခြင်း၊ ပဲစိုက်ခင်းများတွင် ရွက်ဝါဗိုင်းရပ်စ်များ ကူးစက်ခြင်း စသည်တို့သည် ပိုးမွှားရောဂါများ ကျရောက်ခြင်းကြောင့် ကြုံတွေ့ရသည့် သီးနှံပျက်စီးခြင်းများ အထွက်နှုန်းထိခိုက်ရခြင်းများပင် ဖြစ်ပါသည်။

### သီးနှံပျက်စီးခြင်းများ

သဘာဝဘေး ပိုးမွှားရောဂါတို့နည်းတူ တိရစ္ဆာန်တို့၏ ဖျက်ဆီးမှုများသည်လည်း တောင်သူတို့၏ သီးနှံအထွက်တိုး အောင်မြင်ရေး မျှော်မှန်းချက်ကို ပျက်စီးစေတတ်ပါသည်။ ရေဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ် စသည့်ဒေသတို့တွင် စပါးစိုက်ခင်းများ၌ ရွှေခရုများ ကျရောက်ဖျက်ဆီးခြင်း၊ ဒေသအတော်များများ၌ မိုးစပါးစိုက်ပျိုးချိန် ကောက်ပင်များကို လယ်ပုစွန်များက ညှပ်ဖြတ်ဖျက်ဆီးခြင်း စသည်တို့ကြောင့် နှစ်စဉ် စပါးအထွက်နှုန်းကို ထိခိုက်နေရပါသည်။

### အဖျက်တိရစ္ဆာန်အန္တရာယ်

သိသာထင်ရှားသော အဖျက်တိရစ္ဆာန်မှာ ကြွက်ဖြစ်သည်။ ကြွက်သည် စပါးခင်းကိုလည်း ဖျက်သည်။ ပဲခင်းကိုလည်း ဖျက်သည်။ ပြောင်း၊ နေကြာ စသည့်လယ်ယာသီးနှံစုံကို သာမက စားဖိုဆောင်သီးနှံ၊ ကိုင်း၊ ကျွန်းခင်းများတွင်လည်း ဖျက်သည်။ စိုက်ခင်းတွင် ဖျက်ဆီးရုံသာမက ကျီ၊ ပုတ်၊ ဂိုဒေါင် သိုလှောင်ရုံစသည့် နေရာများတွင်ပါ ဖျက်ဆီးစားသောက်ရာ တောင်သူတို့အတွက် အလွန်ခေါင်းခဲရသော တိရစ္ဆာန်များ ဖြစ်သည်။

ယခုနှစ်များအတွင်း ပဲမျိုးစိုက်ခင်းများ အထွက်နှုန်း လျော့ကျနေရသည်မှာ ကြွက်ကြောင့်ဖြစ်သည်။ အသီးမဝင်ခင် အပင်ဘဝကတည်းက ကိုက်ဖြတ်မှုများရှိသကဲ့သို့ အသီးဝင်ချိန်၌ အကိုင်းများကို ဓားဖြင့် ချိုင်သကဲ့သို့ ကိုက်ဖြတ်ခြင်း၊ သီးတောင့်များကို ကိုက်ဖြတ်စားသောက်ခြင်းတို့ကြောင့် အထွက်နှုန်းကျဆင်းခြင်း၊ လုံးဝမရိတ်သိမ်းရဘဲ လက်လွှတ်လိုက်ရခြင်းများလည်း ရှိခဲ့သည်။

### မိုးလေဝသ အစဉ်ဂရုပြုရန်လို

ထိုသို့ အဖျက်အဆီး အဟန့်အတားများကို ကျော်လွှားနိုင်မှသာ တောင်သူများအတွက် သီးနှံအထွက်တိုး ဝင်ငွေတိုးနိုင်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်လျှင် ရှောင်လွှဲ၍ မရနိုင်သော်လည်း တတ်အားသရွေ့ ကြိုတင်ကာကွယ်သင့်ပါသည်။ စိုက်ခင်းများ၌ လေကာပင်များ စိုက်ပျိုးခြင်း၊ ချောင်း၊ မြောင်း၊ တမံနှင့် လယ်ကြားမြောင်းများကို တူးဖော်ခြင်း၊ တာ၊ ကန်သင်းများကို ဆယ်ဖို့ခြင်းများဖြင့် လေပြင်းနှင့် ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို တတ်နိုင်သမျှ ကာကွယ်ရမည်ဖြစ်သည်။ မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်၍ စိုက်ပျိုးချိန်၊ ခူးဆွတ်ရိတ်သိမ်းချိန်များကို ချိန်ဆလုပ်ဆောင်သင့်ပါသည်။

ပိုးမွှားရောဂါအတွက်မူ သဘာဝနည်းလမ်း၊ ဓာတုနည်းလမ်းတို့ဖြင့် ကာကွယ်ဆေး၊ ကုသဆေးပေါင်းများစွာရှိရာ သဘာဝဘေးနှင့်စာလျှင် ဖြေရှင်းရလွယ်ကူသည်ဟု ဆိုရမည်။ သို့သော် စနစ်တကျသုံးစွဲနိုင်ရန် လိုအပ်သလို အဖြေရှာမရသောရောဂါများ ရှိနေသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

တိရစ္ဆာန်တို့၏ ဖျက်ဆီးမှုကိုလည်း မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ကြွက်ဖျက်ဆီးမှုမှ ကာကွယ်ရန်ဆိုလျှင် သီးနှံများ မစိုက်ပျိုးမီ၊ မျိုးစေ့များ မကြဲပက်မီကာလကတည်းက ကြွက်များ ခိုအောင်းနိုင်သော ချုံများ၊ ရိုးဖြတ်များကို ရှင်းလင်းမီးရှို့ခြင်း၊ လူဖြင့် ရှာဖွေရှင်းလင်းသုတ်သင်ခြင်း၊ ဆေးဖြင့် သုတ်သင်ခြင်းတို့ကို ကြိုတင်ပြုလုပ်ထားသင့်ပါသည်။ ထို့အပြင် သဘာဝနည်းလမ်းဖြစ်သည့် ကြွက်လိုက်သတ္တဝါများကို မွေးမြူထိန်းသိမ်းခြင်းဖြင့်လည်း ကာကွယ်နိုင်ပါသည်။ လင်းမြွေကဲ့သို့သော ကြွက်လိုက်မြွေများ၊ လင်ကောင်ပိုးငှက်ကဲ့သို့သော ကြွက်လိုက်ငှက်များကို လယ်ကွင်းများအတွင်း ကျက်စားစေခြင်းအားဖြင့် ကြွက်ပွားများမှုကို လျှော့ချနိုင်မည် ဖြစ်သည်။

### ကြိုတင်ကာကွယ်ခြင်းဖြင့် ကျော်လွှား

သို့သော် မြန်မာတောင်သူများအနေဖြင့် ထိုမြွေများ၊ ငှက်များကို အကျိုးပြုသတ္တဝါများအဖြစ် သိရှိမှုအားနည်းနေသေးသည်။ လင်းမြွေများကို ဖမ်းဆီးသတ်ဖြတ် စားသောက်ကြပြီး လင်ကောင်ပိုးကဲ့သို့ ညငှက်များကို ငှက်ဆိုးများအဖြစ် အယူမှားကာ သတ်ဖြတ်သုတ်သင်ကြသည်များ ရှိနေဆဲဖြစ်သည်။ အချို့စိုက်ပျိုးရေးနိုင်ငံများတွင် လယ်ကွင်းထဲ၌ ထိုငှက်များ ကျက်စားစေရန် အသိုက်များ ဖန်တီးပေးထားသည်ဟု ကြားသိရပါသည်။ မြန်မာနိုင်ငံ၌လည်း ထိုမြွေများ၊ ငှက်များကို ထိန်းသိမ်းရန် ပညာပေးလုပ်ငန်းများ လိုအပ်နေသည်ဟု ထင်ပါသည်။

ဘေးအန္တရာယ်များ ကျရောက်လျှင် ဖြေရှင်းရခက်သည်ဖြစ်ရာ ကြိုတင်ကာကွယ်ခြင်းဖြင့် အထိုက်အလျောက် ကျော်လွှားနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

## မိုးရာသီတွင်စိုက်ပျိုးရန် အရိပ်ရပင် ၄၀၀၀၀ ကို ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနက ပျိုးထောင်ထား

**ပွင့်ဖြူ မေ ၅**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောပြုန်းတီးမှုကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချသွားနိုင်ရန် ရည်ရွယ်လျက် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက ယခုလာမည့် မိုးရာသီကာလတွင် မြို့နယ်အတွင်း၌ အရိပ်ရပင် ပျိုးပင်ပေါင်း ၄၀၀၀၀ ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကာ ပျိုးပင်များကို ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးအောင်မော်က ယခုနှစ် မိုးရာသီအတွက် စီစဉ်ထားရှိသည့် အရိပ်ရပျိုးပင်ပေါင်း ၄၀၀၀၀ တွင် ဒေသရာသီဥတုနှင့် ကိုက်ညီသော အရိပ်ရပင်များဖြစ်သည့် ယူကလစ်ပျိုးပင် ၂၀၀၀၀၊ ကျွန်းပင် ၈၀၀၀၊ ဝါး ၂၀၀၀၊ ခရေ ၁၀၀၀၊ ကံ့ကော် ၁၀၀၀ တို့ကို ပျိုးထောင်ထားကြောင်း၊ အဆိုပါ အရိပ်ရပင်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ ကျေးလက်လမ်းဘေးနေရာများနှင့် ကမ်းပြိုမှုများ လျော့နည်းကျဆင်းရေးအတွက် ရေဝတီမြစ်နှင့် မုန်းချောင်းကမ်းဘေးမှ ကျေးရွာများတွင် အဓိက ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ယခုနှစ် မိုးရာသီကာလတွင် ပွင့်ဖြူမြို့နယ် ဆင်လူကျေးရွာနှင့် လယ်မကျေးရွာတို့မှ ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးလုပ်ကိုင်နေသည့် မြောင်းဦးကြိုးဝိုင်းအတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၆၆၃ ဒသမ ၃၄ ဧကအတွင်း၌လည်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ယူကလစ် ၆၄၇၈၆ ပင်၊ ကျွန်း ၉၉၅၁ ပင်၊ လျှော်ဖြူ ၂၃၂၁၆ ပင်နှင့် ဝါး ၁၅၄၈ ပင်၊ စုစုပေါင်း ပျိုးပင် ၉၉၅၀၁ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ပျိုးထောင်ထားသည့် အရိပ်ရပင်များ။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် မိုးရာသီကာလတွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကို ကြိုတင်၍ စိုက်ပျိုးထားကာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများ၊ အခြေခံပညာကျောင်းများနှင့် ကမ်းပါးပြိုကျမှု ကာကွယ်ရေးအတွက် စိုက်ပျိုးရန်နေရာများကို ဖြန့်ဝေစိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ခိုင်းကျွဲ၊ ခိုင်းနွားများကို လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်ခွင့်ရစေရန် ဆောင်ရွက်နေ

**မကွေး မေ ၅**

တောင်သူများ ၎င်းတို့၏ ခိုင်းကျွဲ၊ ခိုင်းနွားများကို သယ်ဆောင်ရောင်းဝယ်ရာတွင် သတ်မှတ်ထောက်ခံချက်များ မပြနိုင်ပါက ရဲအရေးပိုင်သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြင့် ဖမ်းဆီးအရေးယူခံရခြင်းများ ရှိနေသည့်အတွက် အရေးကြီးကုန်စည်တွင် လယ်ယာသုံးကျွဲ၊ နွားများ ပါဝင်နေခြင်းကို ပယ်ဖျက်နိုင်ရန် ကြိုးစားနေကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်စိုးဦးထံမှ သိရသည်။

“ပယ်ဖျက်နိုင်ဖို့ လုပ်နေတယ်။ ရှေ့နေချုပ်ရုံးကိုတော့ တင်ထားတယ်။ မလိုအပ်လို့ရှိရင် ဌာနတစ်ခုခုက တာဝန်ယူပြီး ပယ်ဖျက်လို့ရပါတယ်။ ဒီဥပဒေအရပဲ တောင်သူတွေက ဒုက္ခရောက်နေရတာ။ တောင်သူဆိုတာက ဆင်းရဲကြတော့ ဈေးကောင်းရရင် အကောင်ကြီးတွေဆို ရောင်းလိုက်မှာပဲ။ နောက်ပြီး နွားငယ်တာ ပြန်ဝယ်ကြတယ်။ နွားပေါင်လိုးတယ်လို့ ခေါ်ကြတာပေါ့၊ အဲဒီမှာ ပြန်ဝယ်တဲ့အချိန် ပြဿနာတက်တော့တာပဲ၊ တစ်နေရာက သယ်လည်းလာရော ဟိုကဖမ်း၊ ဒီကဖမ်းနဲ့၊ သတင်းပေးတဲ့သူကပေးနဲ့၊ တောင်သူတွေ ထောင်တွေကျကုန်ရော” ဟု တိုင်းဒေသကြီးဦးစီးမှူးက တောင်သူများ၏ ဘဝအခြေအနေနှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲကို ပြောသည်။

ကျွဲ၊ နွားများကို နိုင်ငံခြားပို့ဆောင်သည့်လုပ်ငန်းတွင် ကုမ္ပဏီများ တရားဝင်ထူထောင်ပြီး လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များရှိပြီး ထောက်ခံချက်အဆင့်ဆင့်ဖြင့် သွားရသောကြောင့် သယ်ဆောင်သူများ အဆင်ပြေကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ဒေသခံတောင်သူများအတွက် တိုင်းဒေသကြီးအတွင်း သယ်ဆောင်ရောင်းဝယ်မှုပြုရာတွင် ထောက်ခံချက် သုံးမျိုးပါရှိပါက ခရိုင်နယ်နိမိတ်များကို ကျော်၍ ကျွဲ၊ နွားများ သယ်ဆောင်ခွင့်ပြုထားပြီး ခရိုင်အုပ်ချုပ်ရေးမှူးများ၏ထောက်ခံချက် မလိုကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားထားကြောင်းလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

တောင်သူများ ၎င်းတို့၏ လယ်ယာလုပ်ငန်းများတွင် သုံးရန် ခိုင်းကျွဲ၊ ခိုင်းနွားများကို လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်ခွင့်ရှိစေရေးနှင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြင့် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရုံးချုပ်) မှလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု (မကွေး)**

## ဖျာပုံမြို့၌ စီးပွားဖြစ်မှို စိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်

**ဖျာပုံ မေ ၅** - ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မှိုစိုက်ပျိုးနည်းသင်တန်းကို မေ ၄ ရက်က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ စတင်ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးကြူက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ ပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းကာ သင်တန်းကို စတင်ခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလ ၁၅ ရက်တွင် စိုက်ပျိုးရေးမှို စီးပွားဖြစ် စိုက်ပျိုးနည်း၊ ကောက်ရိုးမှို စိုက်ပျိုးနည်း၊ ဈေးကွက်သို့တင်ပို့ရမည့် နည်းလမ်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## မြေဆီလွှာနှင့် မြေသြဇာမျိုးစေ့သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများ ဖွင့်ပွဲကျင်းပ


မြေဆီလွှာနှင့် မြေသြဇာမျိုးစေ့သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများဖွင့်ပွဲကျင်းပစဉ်။

**ပုသိမ် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာနှင့် မြေသြဇာမျိုးစေ့သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများ ဖွင့်ပွဲကို အမှတ် (၁၄) နယ်မြေ မြက်တိုရပ်၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က ဓာတ်ခွဲခန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်က ဓာတ်ခွဲခန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ မြေဆီလွှာနှင့် မြေသြဇာ မျိုးစေ့သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဓာတ်ခွဲခန်းအတွင်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လိုင်လင်းပီမြို့၌ လေယာဉ်ကွင်း ပန္နက်တင် အခမ်းအနား ကျင်းပ

**လိုင်လင်းပီ မေ ၅**

ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ လေယာဉ်ကွင်းပန္နက်တင်ခြင်းအခမ်းအနားနှင့် လူထုတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါလေယာဉ်ကွင်းစီမံကိန်းမြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ လိုင်လင်းပီမြို့ လေယာဉ်ကွင်းလုပ်ငန်းစတင်အကောင်အထည်ဖော်ခြင်းအထိမ်းအမှတ်အဖြစ် ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးဝီကော၊ လူမှုရေးဝန်ကြီးဦးပေါင်လွန်းမင်ထန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ စင်ကာပူနိုင်ငံ MAF လေကြောင်းဥက္ကဋ္ဌ Mr. Alan Chan၊ Health & Hope Foundation Myanmar မှ ဒေါက်တာဆာဆာနှင့် လိုင်လင်းပီလေယာဉ်ကွင်းတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ Mr.Terry တို့က ပန္နက်တင်ခဲ့ကြသည်။

အဆိုပါလေယာဉ်ကွင်းစီမံကိန်းကို MAF က တာဝန်ယူ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မေလတွင် အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားပြီး အမေရိကန်ဒေါ်လာ ၂ သန်း ကုန်ကျမည်ဖြစ်ကာ ဂျက်လေယာဉ်အမျိုးအစား ဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြို့တွင်းသန့်ရှင်းလှပမှုရှိစေရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး


မြို့တွင်းလမ်းများ အဆင့်မြှင့်တင်မှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် ကြည့်ရှုစစ်ဆေးစဉ်။

**မြစ်ကြီးနား မေ ၅**

ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့ပေါ်ရှိ အဓိကလမ်းမကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လမ်းလယ်ကျွန်းများနှင့် လမ်းဘေးဝဲ/ယာများတွင် သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ဈေးကြီးလမ်းတစ်လျှောက် လမ်းလယ်ကျွန်းအလှပန်းပင်များ ဆောင်ရွက်နေမှုအခြေအနေနှင့် ဈေးကြီးလမ်းနှင့် ဧရာလမ်းဆုံ မီးရထားသံလမ်း ကူးနေရာ၌ ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေကို စီမံဆောင်ရွက်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပင်ရွှေထီးလမ်းနှင့် အောင်ပင်လယ်လမ်းတစ်လျှောက် စည်ပင်သာယာရေးအဖွဲ့မှ လမ်းလယ်ကျွန်းအလှပန်းပင်များ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် လမ်းဘေးရေနုတ်မြောင်း ပြုပြင်ဆောင်ရွက်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာလှပလာစေရေး ဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်မီးတိုင်၊ ဖုန်းကြိုးတိုင်များကို စနစ်တကျရွှေ့ပြောင်းစိုက်ထူရေး ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုလမ်းမကြီးနှင့် မြေမြင့်လမ်းဆုံ နေရာတွင် Asia Energy ကုမ္ပဏီမှ စက်သုံးဆီဆိုင် ဖွင့်လှစ်ရန် လျာထားသည့် မြေနေရာ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ထောက်ပံ့ငွေများ ပေးအပ်

**တောင်ကြီး မေ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို မေ ၃ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က လူမှုဝန်ထမ်းလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ အားတစ်ခုတည်း ဖြင့်ဆောင်ရွက်ရန် မရနိုင်သလို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အပါအဝင် တက်ရောက်လာသော လူမှုဝန်ထမ်း၊ စေတနာ့ဝန်ထမ်းသမားများအပြင် ပြည်သူတစ်ရပ်လုံးကပါ လူမှုဝန်ထမ်း အသိစိတ်ဓာတ်မြင့်မြင့်မားမားနှင့် အတူတကွ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၂၄၁ ဒသမ ၇၂ သိန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၄၅၈ ဒသမ ၆ သိန်း ထောက်ပံ့ပေးအပ်မည်ဖြစ်၍ ယခင်နှစ်ကထက် ကျပ်သိန်းပေါင်း ၂၂၁၆ ဒသမ ၈၈ ခန့် ပိုမိုတိုးမြှင့် ထောက်ပံ့ပေးနိုင်မည်ဖြစ်သဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ယူဝမ်းမြောက်ပြီး လူမှုဝန်ထမ်း၊ ဌာနကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေ ခွင့်ပြုရန်ပံ့ငွေစုစုပေါင်း ငွေကျပ် ၅၄၅၈ ဒသမ ၆ သိန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်ထံ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးထွန်းဦးကပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူသည်။

ထို့နောက် တက်ရောက်လာသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ ကိုယ်စား တောင်ကြီးမြို့ ရှမ်းရိုးမ ရိပ်သာကြီးကြပ်ရေးကော်မတီဝင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၃၉၂၀ ဒသမ ၀၇သိန်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ထောက်ပံ့ငွေကျပ် ၉၀၆ ဒသမ ၂၇ သိန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ ထောက်ပံ့ငွေကျပ် ၆၃၂ ဒသမ ၂၆ သိန်း၊ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**


ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကျင်းပစဉ်။

## ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှိ မယ်စဲ့မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေး

**မယ်စဲ့ မေ ၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်း၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီက မယ်စဲ့မြို့ ဧည့်ရိပ်သာ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာန ဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က မယ်စဲ့မြို့နယ်သည် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်ဘက်ပေါင်းစုံမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များ၊ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ပြည်နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဝန်ကြီးများအား သက်ဆိုင်ရာမြို့နယ်များအလိုက် တာဝန်ခွဲဝေ၍ ကြီးကြပ်စေခဲ့ကြောင်း၊ တရားမဝင် စက်သုံးဆီများ မြို့တွင်းတွင် ရောင်းချမှုမရှိစေရေး စစ်ဆေးဆောင်ရွက်ရန်နှင့် မြေနေရာများသတ်မှတ်ပေးထားသော်လည်း မြို့တွင်းတွင်ဆက်လက် ရောင်းချနေသောဆိုင်များကို တစ်လအတွင်းပြောင်းရွှေ့ဆောင်ရွက်ရန်၊ ဌာနများအနေဖြင့် အကျိုးအကြောင်းများကို ချင့်ချိန်ပြီး နိုင်ငံ့ကောင်းကျိုးအတွက် ပြည်သူများအပေါ် စေတနာ၊ မေတ္တာထားကာ ကျောသားရင်သားမခွဲခြားဘဲ ပြုမူဆက်ဆံကြရန်၊ ဌာနများ၏မူဝါဒများ၊ ရည်မှန်းချက်များကို အလေးထားလိုက်နာပြီး ဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဌာနများကမှန်မှန်ကန်ကန် အကြံပြုတင်ပြကြရန် တိုက်တွန်းလိုကြောင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ကောင်းမွန်သောလုပ်ငန်းများဖြစ်စေရေး ကြပ်မတ်စေလိုကြောင်း မှာကြားဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာန အလိုက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းကဏ္ဍ များကိုတင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ကုမ္ပဏီ၊ ဌာနပူးပေါင်း၍ အဆင်ပြေအောင်ဆောင်ရွက်ကြရန်၊ ထိုင်းနိုင်ငံမှ လုပ်ငန်းသုံးယာဉ် များ တင်သွင်းခွင့်ရရှိရေး၊ ဘီပီ(၁၃)နယ်စပ်ဂိတ်သည် ပြည်နယ်၏ အဓိကဝင်ပေါက်ဖြစ်ရာ ပြည်သူများ၏လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန့်သတ်မှုများဖြေလျှော့နိုင်စေရန် သက်ဆိုင်ရာဌာနမှ တင်ပြဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# အချိန်ဆိုသည့် အရင်းအမြစ်ကို အကောင်းဆုံး အသုံးချရေး

**ကောင်းမွန်**

**“အချိန်” သည် ကျွန်ုပ်တို့အတွက် တန်ဖိုးရှိလှသည့်၊ ကြီးမားသည့် အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ ရှေးယခင်ကလည်း အချိန်သည် လူအများစုအတွက် ကြီးမားသည့် အရင်းအမြစ်တစ်ခုဖြစ်ခဲ့သလို ယနေ့လို သတင်းအချက်အလက်နည်းပညာကာလတွင်လည်း အချိန်သည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံး အရင်းအမြစ်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ အချိန်သည် အထူးတလည် ကြိုးပမ်းအားထုတ်ရှာဖွေရန် မလိုသကဲ့သို့ ငွေကြေးဖြင့် ဝယ်ယူရန်လည်း မလိုသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ “အချိန်လည်း မရှိတော့ဘူး”၊ “အချိန်လည်း နည်းနေပြီ”၊ “အချိန်ကလည်း မလောက်နိုင်ဘူး” စသည်ဖြင့် မကြာခဏကြားနေရသည့် ညည်းတွားမှုများကို ကြားနေရတတ်သည်။ “အချိန်နှင့် ဒီရေသည် လူကိုမစောင့်” ဟူသည့် စကားပုံနှင့်အညီ အချိန်သည် လျင်မြန်စွာ ကုန်ဆုံးတတ်သဖြင့် မိမိတို့အတွက် အချိန်သည် မည်သည့်အခါမျှ လုံလောက်မှု မရှိဟုလည်း ထင်မြင်ယူဆတတ်ကြသည်။ သို့ဖြစ်၍ မိမိတို့လက်ဝယ်ရှိပြီး “အချိန်” ဆိုသည့် အရင်းအမြစ်နှင့် ပတ်သက်၍ အတတ်နိုင်ဆုံး လုပ်ဆောင်နိုင်သည်မှာ ယင်းအရင်းအမြစ်ကို အကောင်းဆုံး၊ အထိရောက်ဆုံး စီမံအသုံးချရေးပင်ဖြစ်ပါသည်။**

မိမိတို့၏ နေ့စဉ်အချိန်ကို အကောင်းဆုံး ထိရောက်စွာ စီမံ အသုံးပြုနိုင်ရေးအတွက် အောက်ဖော်ပြပါ အချက်များကို မှတ်သားနိုင်ရန် ဖော်ပြအပ်ပါသည်-

**(က) မိမိတို့၏ တစ်နေ့တာကိစ္စရပ်များကို ယင်းမတိုင်မီ ညကတည်းက ကြိုတင်စီစဉ်ထားပါ။**

မိမိတို့၏ တစ်နေ့တာလုပ်ဆောင်ရန် ကိစ္စအဝဝကို လုပ်ဆောင်ပြီးသည်နှင့် မိမိရည်မှန်းထားချက်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် နောက်တစ်နေ့တွင် လုပ်ဆောင်ရမည့် ကိစ္စရပ်အားလုံးကို စာရွက်၊ စာအုပ်တစ်ခုခု၌ ရေးချထားရပါမည်။ တယ်လီဖုန်းနံပါတ်၊ လိပ်စာ၊ လိုအပ်မည့် စာရွက်စာတမ်း စသည့် သတင်းအချက်အလက်အားလုံးကိုလည်း စုစည်းထားရှိပါ။

**(ခ) မိမိဆောင်ရွက်ဖွယ်ရာများအနက် ဦးစားပေးရမည့် ကိစ္စရပ် များကို စာရင်းပြုထားပါ။**

မိမိလုပ်ဆောင်ရမည့် ကိစ္စရပ်အားလုံးကို တစ်ခုချင်းစီ အမှတ်စဉ်တပ်ပါ။ အခက်ဆုံးကိစ္စကို ပထမဆုံး လုပ်ဆောင်ပါ။ လူ့သဘောသဘာဝအလျောက် များသောအားဖြင့် အလွယ်ကူဆုံးကိစ္စကို ပထမဆုံး လုပ်ဆောင်လိုစိတ် ရှိတတ်ပါသည်။ သို့ရာတွင် လွယ်ကူသည့် ဆောင်ရွက်ဖွယ်ရာတို့ကို ပြုလုပ်နေစဉ်မှာပင် ခက်ခဲသည့် ကိစ္စရပ်ကို လုပ်ဆောင်ရန် ကျန်နေသေးသည်ဟု စိတ်တွင် ထင်ဟပ်လာမည်ဆိုပါက ခက်ခဲသည့်ကိစ္စ၌ အာရုံစူးစိုက်မှု လျော့နည်းသွားနိုင်ပါသည်။ အခြားတစ်ဖက်၌ ခက်ခဲသည့် အလုပ်အားလုံးကို ဆောင်ရွက်ပြီးစီးသွားပါက နောင်ဆောင်ရွက်ရမည့် လွယ်ကူသောကိစ္စများ လုပ်ဆောင်ရန် စိတ်ပါလက်ပါ လုပ်ဆောင်လိုစိတ်ဖြစ်ပေါ်လာတတ်ကြောင်း တွေ့ရှိရပါမည်။

**(ဂ) ပြုစုထားသည့် ဦးစားပေးကိစ္စရပ်များစာရင်းကို အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်ပါ။**

ကိစ္စရပ်တစ်ခုကို ဆောင်ရွက်ပြီးသွားတိုင်း မိမိမှတ်သားထားသည့် စာရင်းမှ မမေ့မလျော့ပယ်ဖျက်လိုက်ပါ။ ယင်းအချိန်တွင် မိမိ၏အာရုံကို မလွင့်ပါးစေရန် ထိန်းချုပ်ပါ။ ဖြစ်တတ်သည်မှာ တယ်လီဖုန်း ပြောဆိုလိုစိတ်၊ အင်တာနက်မှ ရောက်ရှိလာသည့် အီးမေးလ်များကို ပြန်လည်ဖြေကြားလိုစိတ် ဖြစ်ပေါ်တတ်သည်။ တယ်လီဖုန်းသံကို လျစ်လျူရှုရန် ခက်ခဲသည်မှာ မှန်သော်လည်း “အသံတိတ်” အနေအထား (Silent Mode) ထားရှိခြင်း၊ သို့တည်းမဟုတ် အလိုအလျောက် ဖြေကြားခြင်း ပြုလုပ်နိုင်ပါသည်။ အီးမေးလ်များကို တစ်ချိန်လုံး ဝင်ရောက်ကြည့်ရှု၊ ဖြေကြားခြင်းမှ ရပ်ဆိုင်းပါ၊ နှစ်နာရီလျှင် တစ်ကြိမ်၊ သို့မဟုတ် သုံးနာရီလျှင် တစ်ကြိမ် စသည်ဖြင့် အီးမေးလ်များ စစ်ဆေးခြင်းပြုလုပ်နိုင်သည်။

**(ဃ) အလုပ်ကို အချိန်ဆွဲ၍ လုပ်ဆောင်ခြင်း မပြုပါနှင့်။**

အလုပ်ကို အချိန်ဆွဲလုပ်ကိုင်ခြင်းမှာ အမှန်စင်စစ် တန်ဖိုးရှိသည့်အချိန်များကို အချည်းနှီးကုန်ဆုံးစေခြင်းပင်ဖြစ်သည်။ လုပ်ကိုင်ရန်ရှိသည့် အလုပ်တစ်ခုကို အချိန်ဆွဲခြင်း၊ ရွှေ့ဆိုင်းထားခြင်းမှာ လွယ်ကူသော်လည်း ယင်းသို့ အချိန်ဆွဲလုပ်ကိုင်နေခြင်းဖြင့် ရံဖန်ရံခါလုပ်ဆောင်ရမည့် အလုပ်ကို လက်တွေ့အကောင်အထည်ဖော်ရေးအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စဉ်းစားမိခြင်း ဖြစ်ပေါ်တတ်သည်။ ထိုမှတစ်ဆင့် အမှန်တကယ် လုပ်ဆောင်ရမည့် ကိစ္စကို လုံးလုံးလျားလျား မဆောင်ရွက်သည့် အခြေအနေသို့ပင် ရောက်ရှိတတ်သည်။ ယင်းကဲ့သို့ အခြေအနေမျိုးကို ရှောင်ရှားနိုင်ရန် လုပ်ကိုင်ရမည့်အလုပ်နှင့် ပတ်သက်၍ မည်သို့သော အလုပ်ဖြစ်စေကာမူ လွယ်ကူသည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ **“ချက်ချင်းလုပ်ဆောင်ရမည်”** ဟု အစဉ်နှလုံးသွင်းသင့်သည်။ **“ချက်ချင်းလုပ်ပါ”** (Do it now.) ဆိုသည့် စကားစုမှာ ကမ္ဘာ့ခေါင်းဆောင်အချို့ကိုယ်တိုင် ပြောဆိုကျင့်သုံးကြကြောင်း တွေ့ရှိနိုင်သည်။

**(င)မိမိ၏ အားလပ်ချိန်အား ကြိုတင်ပြင်ဆင်စီစဉ်ထားပါ။**

မိမိအားလပ်ချိန်အတွင်း သင့်လျော်သည့်အချိန်တွင် သင့်လျော်သည့် နေရာသို့ ရောက်ရှိနေရမည့် လှုပ်ရှားဆောင်ရွက်ချက်များကို ရွေးချယ်လုပ်ဆောင်ပါ။ ဥပမာဆိုရသော် ကျန်းမာရေးလေ့ကျင့်ခန်းကို မိမိ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းထက် အားကစားရုံ၌ စနစ်တကျ လေ့ကျင့်သင်ကြားပေးမည့် ကာယဆရာနှင့် ညှိနှိုင်းလေ့ကျင့်ခြင်း သို့မဟုတ် လေ့ကျင့်မှုသင်တန်းသို့ တက်ရောက်ခြင်းက ပိုမိုထိရောက်မှု ရှိစေမည်ဖြစ်ပါသည်။ သို့မှသာ လေ့ကျင့်ခန်းသို့ သွားရောက်ရမည့် အစီအစဉ်ကို မပျက်မကွက်လိုက်နာရန် တွန်းအားဖြစ်စေမည့်အပြင် ကျွမ်းကျင်သူတို့၏ အကူအညီကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

**(စ) မိမိ၏ လုပ်ရပ်များနှင့် ပတ်သက်၍ ရိုးသားပွင့်လင်းမှု ရှိပါ။**

မိမိ၏ လုပ်ရပ်တိုင်းနှင့် ပတ်သက်၍ “ယခု လုပ်ဆောင်လျက်ရှိသည့် အရာမှာ မိမိ၏ရည်မှန်းချက် ပြည့်ဝစေရေးအတွက် အထောက်အကူပြု- မပြု” ဟူသည့် မေးခွန်းကို အစဉ်မေးခွန်း ထုတ်သင့်သည်။ အကယ်၍ အဖြေမှာ “အထောက်အကူ မပြု” ဟုဆိုပါက လုပ်ဆောင်နေသည့် အရာကို ပြောင်းလဲရန် လိုမည်ဖြစ်သည်။

**(ဆ) အချက်သုံးချက်ကို အစဉ်အမှတ်ရပါ။**

“ပြုလုပ်ပါ”၊ “တာဝန်ခွဲပေးပါ” သို့မဟုတ် “စွန့်ပစ်ပါ” ဟူသည့် အချက်သုံးချက်ကို အစဉ်အမှတ် ရနေသင့်ပါသည်။ လုပ်ဆောင်ရန် ရှိသည်တို့ကို မိမိကိုယ်တိုင် ပြုလုပ်နိုင်ပါက ချက်ချင်းပြုလုပ်ပါ။ သို့မဟုတ်ပါက မိမိကိုယ်စား လုပ်ဆောင်နိုင်သူ အခြားသူတစ်ဦးကို တာဝန်ပေးအပ်ပါ။ မိမိကိုယ်တိုင်လည်း ပြုလုပ်ရန်မလို၊ အခြားသူတစ်ဦးတစ်ယောက်ကိုလည်း တာဝန်ပေးရန် မလိုသည့် အရာများကို စွန့်ပစ်လိုက်ပါ။ “သင်လုပ်ဆောင်နိုင်သည့် အရာများကိုသာ ပြုလုပ်ပါ” ဟူသည့် အချက်ကို အစဉ်အမှတ်ရနေသင့်ပါသည်။

စာဖတ်သူတို့အနေဖြင့် အထက်ဖော်ပြပါ အချက်ခုနစ်ချက် ကို မိမိဘဝ နေထိုင်ရေးပုံစံအဖြစ် အစဉ်အမှတ်ရ၍ လိုက်နာ လုပ်ဆောင်မည်ဆိုပါက နိစ္စဓူဝ ဆောင်ရွက်နေရသည့် ကိစ္စရပ်များ၊ နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများထဲမှ အချိန်ဆိုသည့် အရင်းအမြစ်ကို ပိုမိုထိရောက်စွာ အသုံးချနိုင်မည် ဖြစ်သည်။ ။

**“ကျွန်ုပ် တို့ပတ်ဝန်းကျင်၌ “အချိန်လည်း မရှိတော့ဘူး”၊ “အချိန်လည်း နည်းနေပြီ”၊ “အချိန်ကလည်း မလောက်နိုင်ဘူး” စသည်ဖြင့် မကြာခဏကြားနေရသည့် ညည်းတွားမှုများကို ကြားနေရတတ်သည်။ “အချိန်နှင့် ဒီရေသည် လူကိုမစောင့်” ဟူသည့် စကားပုံနှင့်အညီ အချိန်သည် လျင်မြန်စွာ ကုန်ဆုံးတတ်သဖြင့် မိမိတို့အတွက် အချိန်သည် မည်သည့်အခါမျှ လုံလောက်မှု မရှိဟုလည်း ထင်မြင်ယူဆတတ်ကြသည်။ သို့ဖြစ်၍ မိမိတို့လက်ဝယ်ရှိပြီး “အချိန်” ဆိုသည့် အရင်းအမြစ်နှင့် ပတ်သက်၍ အတတ်နိုင်ဆုံး လုပ်ဆောင်နိုင်သည်မှာ ယင်းအရင်းအမြစ်ကို အကောင်းဆုံး၊ အထိရောက်ဆုံး စီမံအသုံးချရေးပင်ဖြစ်”**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့နှင့် မီးသတ်စွမ်းရည်ပြိုင်ပွဲဆုရ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**မြစ်ကြီးနား မေ ၅**

(၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် မီးသတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက် ၇ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။



ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များကို သရုပ်ပြသကြသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို အေးမြသီတာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် ပါဝင်ကူညီပံ့ပိုးပေးသူများနှင့် အရန်မီးသတ် လုပ်သက် ၂၅ နှစ်နှင့်အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ဖွင့်လှစ်သောသင်တန်းများ၌ ပထမဆုရတပ်ဖွဲ့ဝင်များ၊ မီးသတ်စွမ်းရည်ပြိုင်ပွဲအသီးသီးတွင် ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ရာထူးတိုးတပ်ဖွဲ့ဝင် သုံးဦးတို့အား ရာထူးတိုးအဆင့်တံဆိပ်တပ်ဆင်ပေးခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

**ဆက်သွယ်စုံစမ်းနိုင်**

**သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၉၉၂၇၇



**ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသရှိ နေရပ်စွန့်ခွာသူ ၅၂၇၁ ဦး၊ အိမ်ထောင်စု ၈၇၀ အတွက် ဆန်အိတ် ၁၇၇၀၊ ဆီ ၇၅ ပုံး၊ ကြက်သွန်နီပိဿာ ၁၀၅၀၊ အာလူး ၁၂၂၅ ပိဿာ ၊အသားတု ပိဿာ ၁၀၅၀၊ ငရုတ်သီးတောင့်ပိဿာ ၁၈၀၊ ပဲ ၇၅ အိတ်၊ အချိုမှုန့် ၃၂၄ ထုပ် ၊ ဆားအထုပ်ကြီး သုံးအိတ်တို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ လှိုင်းဘွဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းက မေ ၅ ရက် က သွားရောက်၍ ထောက်ပံ့ပေးအပ်စဉ်။**

ခင်စန်းမြင့်( ပြန်/ဆက်)

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား သီပေါနှင့် ကျောက်မဲမြို့နယ်တို့၌ကျင်းပ

**သီပေါ မေ ၅**

(၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို မေ ၅ ရက် နံနက်ပိုင်းက သီပေါမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့တွင် လုပ်သက် ၅၀ နှစ်အတွင်း စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ ဆောင်ရွက်ခဲ့သည့်အရန်မီးသတ်တပ်ဖွဲ့ဒုတပ်ရင်းမှူး ဦးအုန်းညွန့်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက လည်းကောင်း၊ ခရိုင်အကြပ်အဆင့်ကျင့်ဝတ်ဖြေဆိုမှု ပထမဆုရရှိသည့် တပ်ကြပ်စောပြည့်စုံကို အကျဉ်းဦးစီးဌာနထောင်ပိုင်ကြီး ဦးအောင်ဇော်လင်းကလည်းကောင်း၊ ပြည်နယ်တပ်သားအဆင့် ကျင့်ဝတ်ဖြေဆိုမှု ပထမဆုရရှိသည့် တပ်သားရဲရင့်အောင်ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းက လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မီးသတ်ရဲဘော်များက မီးသတ်စွမ်းရည်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြကြသည်။

အလားတူမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ကျောက်မဲမြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# စက်မှုဇုန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၆၁။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်သည့် ရန်ပုံငွေ ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊ မိမိပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မပြုရ။

၆၂။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဇုန်အလိုက်သတ်မှတ်ထားသော ခွင့်ပြုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း မပြုရ။

၆၃။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စုပေါင်းစနစ်ဖြင့် သန့်စင်စွန့်ပစ်ခြင်းမရှိသော စက်မှုဇုန်များ၌ မိမိအစီအစဉ်ဖြင့် သန့်စင်စွန့်ပစ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၆၄။ မည်သူမျှ စက်မှုဇုန်နယ်နိမိတ်အတွင်း လုပ်ကိုင်ခွင့်ရ ရင်းနှီးမြှုပ်နှံသူ၏ အကျိုးစီးပွားကိုလည်းကောင်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်းကောင်း ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုရ။

၆၅။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ နိုင်ငံခြားသား ကျွမ်းကျင်အလုပ်သမားနှင့် ပညာရှင်များ ခန့်ထားရေးဆိုင်ရာ အထောက်အထားများကို သက်ဆိုင်ရာဌာနများသို့ တင်ပြရာတွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ခြင်း မပြုရ။

**အခန်း (၁၉)**

**ပြစ်ဒဏ်များ**

၆၆။ ပုဒ်မ ၃၇ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ငွေဒဏ် ကျပ် သိန်းနှစ်ဆယ် ချမှတ်ရမည့်အပြင် ခြောက်လထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၆၇။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ငွေဒဏ် ကျပ် သိန်းနှစ်ဆယ် ချမှတ်ရမည့်အပြင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၀၊ ၆၁ နှင့် ၆၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။

၇၀။ ပုဒ်မ ၆၂ နှင့် ၆၃ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် သိန်းနှစ်ဆယ် ချမှတ်ရမည့်အပြင် ခြောက်လထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ် နှစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။

**အခန်း (၂၀)**

**အထွေထွေ**

၇၂။ ဤဥပဒေပါ ပုဒ်မ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀ နှင့် ၇၁ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၃။ ဗဟိုကော်မတီသည် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ ပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြားအခွင့်အရေးများကို တည်ဆဲဥပဒေများနှင့်အညီ အသိအမှတ်ပြု အကာအကွယ်ပေးရမည်။

၇၄။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ရာဇဝတ်ကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၇၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဤဥပဒေအရဖွဲ့စည်းသော သက်ဆိုင်ရာကော်မတီဝင်များကို ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၆။ ဗဟိုကော်မတီသည် စက်မှုဇုန်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမှ အကာအကွယ်ပေးရမည်။

၇၇။ တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျခံရမည်။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) စီမံခန့်ခွဲရေးကော်မတီသည် လိုအပ်သော စည်းကမ်းများကို ဒေသဆိုင်ရာကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၉။ ဤဥပဒေအာဏာမတည်မီက တည်ထောင်ခဲ့သည့် စက်မှုဇုန်များသည် ဤဥပဒေအရ စက်မှုဇုန်အဖြစ် သတ်မှတ်ကြေညာနိုင်ရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈၀။ ဤဥပဒေအာဏာမတည်မီက ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

---

## ဟားခါးမြို့ လမ်းဆုံနေရာများတွင် စီစီတီဗွီကင်မရာနှင့် မှန်ခုံးများတပ်ဆင်

**ဟားခါး မေ ၅**

ဟားခါးမြို့ အမှတ်(၁၆)ယာဉ်ထိန်းရဲတပ်ဖွဲ့က ချင်းပြည်နယ် ဟားခါးမြို့အတွင်း မောင်းနှင်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ လုံခြုံစိတ်ချမှုရရှိစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် လမ်းဆုံနေရာများတွင် စီစီတီဗွီကင်မရာများနှင့် မှန်ခုံးများ တပ်ဆင်လျက်ရှိသည်။


စီစီတီဗွီကင်မရာတပ်ဆင်နေသော ဟားခါးမြို့လမ်းဆုံတစ်နေရာ။

"မော်တော်ဆိုင်ကယ်နဲ့ မော်တော်ယာဉ်အသုံးပြုနေတဲ့ သူတွေအတွက် လုံခြုံစိတ်ချရဖို့၊ ယာဉ်မတော်တဆဖြစ်ပြီး ထွက်ပြေးသွားတာတွေ မရှိစေဖို့နဲ့ ခရီးသွားပြည်သူတွေအတွက် လုံခြုံစိတ်ချရဖို့ စီစီတီဗွီနဲ့ မှန်ခုံးတွေကို တပ်ဆင်အသုံးပြုရတာ ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်လမ်းဆုံ နှစ်နေရာမှာ စီစီတီဗွီတပ်ဆင်ထားရှိပြီး ကျန်တဲ့လမ်းဆုံတွေမှာလည်း ဆက်လက် တပ်ဆင်သွားပါမယ်။ မှန်ခုံးကတော့ လက်ရှိ သုံးနေရာ တပ်ဆင်ထားပြီးပါပြီ"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ ရဲအုပ်ကိုကိုမောင်က ပြောသည်။

မြို့တွင်းမောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်များကို ရောင်ပြန်စတစ်ကာကပ်ပေးခြင်း၊ ယာဉ်များစနစ်တကျ မောင်းနှင်ရေးပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းရေးဌာန ဦးစီးမှူး ဦးစောမြင့်လွင်ထံမှ သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

---

## မေတ္တာမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**မေတ္တာ မေ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် အသိပညာပေးဇာတ်လမ်းတိုများ ပြသပေးခြင်းကို ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး အသိပညာပေးဗီဒီယိုဇာတ်လမ်းတိုများကို ပြသပေးခဲ့ပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းခလိုက်ရှုက အပူရှိန်မြင့်တက်မှုကြောင့်ဖြစ်ပေါ်နိုင်သည့် မီးဘေး၊ ရေရှားပါးမှု၊ လေပြင်းဘေး၊ မုန်တိုင်းဘေး၊ ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ် သိကောင်းစရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ရမည်းသင်းမြို့နယ်အတွင်း ပြည်သူများအတွက် အပူရှောင်စခန်းနှစ်ခု ဖွင့်လှစ်ထား

**ရမည်းသင်း မေ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ရာသီဥတု အပူချိန်များ မြင့်မားလာလျက်ရှိသဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အပူရှောင်စခန်းနှစ်ခုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီမံမှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မေ ၃ ရက်က စတင်စီစဉ်ဖွင့်လှစ်ထားသည်။

ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စီစဉ်၍ အပူရှောင်စခန်း(၁)ကို ခရိုင်ပြည်သူ့ကျန်းမာရေးရုံး လေးထပ်ဆောင် အစည်းအဝေးခန်းမတွင်လည်းကောင်း၊ အပူရှောင်စခန်း(၂)ကို သီလဝလမ်းရှိ ရန်အောင်မြင် သာသနာ့ဗိမာန်တွင်လည်းကောင်း ဖွင့်လှစ်ထားပြီး စခန်းနှစ်ခုလုံးကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အပူရှောင်စခန်းများသို့ လာရောက်သည့် ပြည်သူများအား မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သောက်သုံးရေနှင့် ဓာတ်ဆားရည်များ ထောက်ပံ့ပေးခြင်းနှင့် ဆေးဝါးအခမဲ့ကုသပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်၍ ရမည်းသင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ပရဟိတအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများက မိမိတို့ရပ်ရွာအတွင်းရှိ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ စသည်ဖြင့် အပူဒဏ်အန္တရာယ်ကာကွယ်ရန် လိုအပ်သူများအား အပူရှောင်စခန်းသို့ ပို့ဆောင်ပေးနိုင်ရန်လည်း နှိုးဆော်ထားကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**






## ရေဘေးအသိပညာပေး

### ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

### ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင် များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်း ကြားပြီး ကူညီ ရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင် သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



### ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်း အမြစ်များကို မသုံးစွဲပါနှင့်။



၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစား အစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက် ပါနှင့်။

# သီပေါမြို့နယ်၌ သစ်ပင်ပေါင်း ငါးသောင်းကျော် လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးမည်

**သီပေါ မေ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ယခုနှစ်နွေရာသီကာလ၌ အပူရှိန်လွန်ကဲမှုကြောင့် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်က ရှမ်းပြည်နယ်တွင် ယခုနှစ်နွေရာသီကာလ၌ အပူရှိန်လွန်ကဲမှုကြောင့် သစ်တောသစ်ပင်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စိုက်ပျိုးကြရန် ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက သစ်ပင်စိုက်ပျိုးမည့် နေရာများ၊ စိုက်ပျိုးမည့် သစ်ပင်အမျိုးအစားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လာမည့် မိုးရာသီသစ်ပင်စိုက်ပျိုးကာလတွင် သီပေါမြို့နယ် သစ်တောဦးစီးဌာနက ရတနာတန်းဝင် ကျွန်း၊ ယမနေ၊ မဲဇလီနှင့် ရေသင်းဝင် စသည့်ပျိုးပင်ပေါင်း ငါးသောင်းကျော်ကို ပျိုးထောင်ထားရှိပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အထိမ်းအမှတ် မြို့နယ်သူနာပြုအဆင့်(၁) ဘက်စုံသားဖွားဆရာမများ တွေ့ဆုံဆွေးနွေး

**ပုဗ္ဗသီရိ မေ ၅**

မေ ၅ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့အထိမ်းအမှတ် နေပြည်တော် ရှစ်မြို့နယ်မှ မြို့နယ်သူနာပြုအဆင့်(၁)ဘက်စုံသားဖွားဆရာမများ




အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ အထိမ်းအမှတ် ဘက်စုံသားဖွားဆရာမများ တွေ့ဆုံကြစဉ်။

တွေ့ဆုံပွဲကို ယနေ့နံနက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံလုရပ်ကွက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက အမှာစကားပြောကြားပြီး နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယကုသရေးဦးစီးမှူး ဒေါက်တာဆွေဇင်ဝင်းက ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်မှုပေးနိုင်စေရန်နှင့် အရည်အချင်းပြည့်ဝသော ဘက်စုံသားဖွားဆရာမများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် "အမျိုးသမီးအခွင့်အရေး၊ အလေးထားကာကွယ်သူများ တို့သားဖွား" စသည့်အကြောင်းအရာများနှင့် ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် လိုအပ်သောအချက်များကို ဆွေးနွေးခဲ့ကြပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အေးအေးမြတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ကမ္ဘာ့သွေးမတိတ်ရောဂါနေ့ အခမ်းအနားကျင်းပ

**မန္တလေး မေ ၅**

ကမ္ဘာ့သွေးမတိတ်ရောဂါနေ့ အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆာကူယာဟိုတယ်တွင် ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၊ သွေးရောဂါဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမိုးဟိန်းက အမှတ်တရစကားပြောကြားပြီး သွေးမတိတ်သောရောဂါအကြောင်း အသိပညာပေးဟောပြောသည်။

"ကမ္ဘာ့သွေးမတိတ်သော ရောဂါနေ့က ဧပြီ ၁၇ ရက်ပါ။ အဲဒီနေ့က မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်နေလို့ အခု မေ ၅ ရက်မှာ ကျင်းပတာပါ။ သွေးမတိတ်တဲ့ရောဂါက ယောကျ်ားလေးတွေမှာ အဖြစ်များပါတယ်။ မိန်းကလေးတွေမှာ ဖြစ်ပွားမှုနှုန်းနည်းပါတယ်။ မန္တလေးတိုင်းဒေသကြီး စာရင်းဇယားများအရ သွေးမတိတ်ဝေဒနာရှင် ၁၆၀ ရှိတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ မသိတဲ့ ဝေဒနာရှင်တွေလည်း ရှိသေးတဲ့အတွက် ဒီထက်လည်းပိုရှိနိုင်ပါတယ်" ဟု မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးရောဂါဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမိုးဟိန်းက ပြောသည်။

သွေးမတိတ်ရောဂါ (Haemophilia) ဆိုသည်မှာ မွေးရာပါသွေးမတိတ်ရောဂါဖြစ်သည်။ ထိုရောဂါရှိသူများတွင် ဒဏ်ရာရသည့်အခါ သွေးထွက်ချိန်သည် သာမန်လူများထက် ပို၍ကြာသည်။ (သွေးထွက်မြန်ခြင်းမဟုတ်ပါ) ယေဘုယျအားဖြင့် သွေးမတိတ်ရောဂါ အမျိုးအစား နှစ်မျိုးရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်အထိ ကောက်ယူရရှိသော စာရင်းများအရ သွေးမတိတ်ရောဂါရှိသူ ၇၀၀ ခန့်ရှိကြောင်း၊ သွေးမတိတ်သောရောဂါသည် လူတစ်သောင်းလျှင် တစ်ဦးရှိနိုင်သောကြောင့် မြန်မာနိုင်ငံတွင် သွေးမတိတ်ရောဂါရှိသူ ခန့်မှန်း ၅၅၀၀ ခန့် ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ သွေးရောဂါဌာနမှ ပါမောက္ခဌာနမှူး၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သွေးမတိတ်ဝေဒနာရှင်များအသင်းမှ တာဝန်ရှိသူ များ၊ သွေးမတိတ်ရောဂါဝေဒနာရှင်များနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



ကမ္ဘာ့သွေးမတိတ်ရောဂါနေ့အခမ်းအနားကို မန္တလေးမြို့၌ မေ ၅ ရက်က ကျင်းပစဉ်။

**သန်းဇော်မင်း(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် မေ ၅ ရက် နံနက်က ဆရာမ ဒေါ်မြလေး ဘော်ဒါကျောင်းဆောင်ရှိ ကျောင်းသား ကျောင်းသူများနှင့် ပရဟိတလူငယ်များ စုပေါင်း၍ ပြတိုက်အောက်ထပ်တွင် သဲများဖြန့်ခင်းခြင်းနှင့် ပြတိုက်အတွင်း သန့်ရှင်းရေးများ ပြုလုပ်ကြစဉ်။

**လှဝင်း(နတ်မောက်)**

# ရေစကြိုမြို့နယ်၌ ဘုရားစေတီများသို့ သွားရောက်အပူရှောင်သူ များပြားလျက်ရှိ

**ရေစကြို မေ ၅**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း နေ့အပူချိန်များ မြင့်တက်နေသဖြင့် မြို့နေပြည်သူများအနေဖြင့် ရပ်ကွက်များအတွင်းရှိ နီးစပ်ရာ ဘုရားစေတီများသို့ သွားရောက်ကာ ဘုရားများ၏ စောင်းတန်းများနှင့် ဘုရားအရုဏ်ခံများအတွင်း ဝင်ရောက်နေထိုင်၍ အပူရှောင်လျက်ရှိကြောင်း သိရသည်။

"နေ့ခင်းဆိုရင် အိမ်မှာ မနေနိုင်ဘူး၊ ပူလွန်းလို့ ဘုရားထဲမှာပဲ လာနေဖြစ်တယ်၊ ဘုရားနဲ့ဝေးတဲ့သူတွေကလည်း ထမင်းချိုင့်တို့၊ ရေဘူးတို့ ထည့်ယူလာပြီး လာနေကြတာပေါ့၊ ဘုရားက ရှေးဟောင်းဘုရားတွေဆိုတော့ ဘုရားအရုဏ်ခံဆောက်ထားတဲ့ အဆောက်အအုံက ထုထည်ထူတော့ တော်တော်အေးတယ်"ဟု လေးမျက်နှာဘုရားအရုဏ်ခံအတွင်း အပူရှောင်လာနေသူ ဒေါ်ခင်မြင့်က ပြောသည်။ ဘုရားများသို့ လာရောက်အပူရှောင်ကြသူများသည် အပူချိန်မြင့်သည့် နံနက် ၁၁ နာရီမှ နေ့လယ် ၃ နာရီခန့်အထိ လာရောက်နေထိုင်ကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဖြစ်သော ရေစကြိုမြို့နယ်တွင် ဧပြီလနှင့် မေလအတွင်း အပူချိန်များ အလွန်မြင့်တက်လာသည်မှာ ယခုနှစ်အပါအဝင် ခြောက်နှစ်ခန့်ရှိပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။ "ဒေါ်လေးတို့ ငယ်ငယ်ကတော့ ခုလိုအချိန် ပူရင် အဘွားက ဘုရားထဲလာနေတော့လိုက်လိုက်လာတာပေါ့၊ အဲဒီတုန်းကတော့ အသက်ကြီးတဲ့သူတွေနဲ့ ကလေးတွေပဲ အပူရှောင်ကြတာ၊ အခုကတော့ ပူလွန်းလို့ လူလတ်ပိုင်းတွေရော အိမ်မှာ မနေနိုင်ဘူး၊ ဘုရားထဲမှာပဲ လာနေကြတော့တာ"ဟု ဘုရားသို့လာ၍ အပူရှောင်နေသူ အသက် ၅၀ အရွယ်ခန့် အမျိုးသမီးတစ်ဦးက ပြောသည်။

ရေစကြိုမြို့နယ်၌ ၂၀၁၃ ခုနှစ်က အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ် ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၃၉ ဒီဂရီစင်တီဂရိတ်၊ ၂၀၁၅ ခုနှစ်တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ ၂၀၁၆ ခုနှစ်တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ၂၀၁၇ ခုနှစ်တွင် ၄၅ ဒီဂရီစင်တီဂရိတ် စသည်ဖြင့် အပူချိန်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာခဲ့ကြောင်း ရေစကြိုမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်ပြဒေတာများမှ သိရသည်။ ယခုနှစ်တွင်လည်း ဧပြီလ စတုတ္ထပတ်အတွင်းက မြို့အဝင်ရှိ အပူချိန်ပြ LED ဆိုင်းဘုတ်တွင် ဖော်ပြချက်အရ ၄၇ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်တက်ခဲ့ကြောင်းနှင့် လူနေအိမ်များအတွင်း အပူချိန်တိုင်းတာချက်မှာ ၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆိုင်ကလုန်းမုန်တိုင်း ဖနီ၏ အရှိန်ကြောင့် မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် မိုးရွာသွန်းလျက်ရှိသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မကွေးတိုင်းဒေသကြီးမှ ရေစကြိုမြို့နယ်တွင်မူ မိုးရွာသွန်းခြင်းမရှိသလို အပူချိန်မှာလည်း လျော့ကျသွားခြင်းမရှိသေးသည့်အတွက် ဘုရားများ၌ လာရောက်အပူရှောင်သူ အရေအတွက်မှာ များပြားနေဆဲဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ကလေးမြို့၌ လယ်ယာသုံးထွန်စက်နှင့် လုပ်ငန်းသုံးကားများ မိတ်ဆက်ပွဲနှင့် အသေးစားကုန်စည်ပြပွဲကျင်းပ

**ကလေး မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သရဖူစိုးမြင့် ကုမ္ပဏီနှင့် နှင်းသဇင်-ကလေး ကုမ္ပဏီ လီမိတက်တို့ပူးပေါင်းပြီး ကင်းလုံတံဆိပ် မီနီဗင်ကားများ ပထမအကြိမ် မိတ်ဆက်ပြသပွဲနှင့်အတူ လုပ်ငန်းသုံး လိုက်ထရပ်ကားများ၊ လယ်ယာသုံးထွန်စက်များ၊ စက်ကိရိယာများ မိတ်ဆက်ပွဲနှင့် အသေးစားကုန်စည်ပြပွဲကို မေ ၄ ရက်နှင့် ၅ ရက်က လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ကျင်းပခဲ့သည်။

"ကလေးမြို့က လုပ်ငန်းရှင်တွေနဲ့ တောင်သူလယ်သမားတွေ သုံးလိုတဲ့ စက်ပစ္စည်းကိရိယာတွေကို လက်ငင်းနဲ့အရစ်ကျစနစ်တွေနဲ့ ရောင်းချပေးတာဖြစ်ပါတယ်၊ အဓိကရည်ရွယ်ချက်ကတော့ ကလေးမြို့က တောင်သူလယ်သမားတွေ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ပြောင်းနေတဲ့အချိန်မှာ အဆင်ပြေအောင်နဲ့ အလုပ်သမားရှားပါးတဲ့ပြဿနာကို ဖြေရှင်းနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု နှင်းသဇင်-ကလေး ကုမ္ပဏီလီမိတက်မှ ကိုဇင်မင်းမောင်က ပြောသည်။

အဆိုပါကုမ္ပဏီအနေဖြင့် လယ်ယာသုံးစက်ကိရိယာများပြပွဲကို ၂၀၁၇ ခုနှစ်ကပင် ကျင်းပခဲ့သော်လည်း ကင်းလုံတံဆိပ် မီနီဗင်ကားများကိုမူ ယခုနှစ်တွင်မှ ပထမဆုံး စတင်မိတ်ဆက်ခြင်းဖြစ်ကြောင်း၊ လယ်ယာသုံးထွန်စက်များကို အရစ်ကျ ရောင်းချပေးရာတွင် ကနဦးသွင်းငွေ ၃၀ ရာခိုင်နှုန်းနှင့် ကျန်ငွေကို ခြောက်လတစ်ကြိမ်သွင်းအဖြစ် တစ်နှစ်ဆိုင်း၊ နှစ်နှစ်ဆိုင်း၊ သုံးနှစ်ဆိုင်းအထိ ရောင်းချပေးကြောင်း၊ ရောင်းချပေးပြီးနောက်တွင်လည်း ပြုပြင်မှုများကို ဝယ်ယူသည့်နေရာအရောက် လိုက်လံပြုပြင်ခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**



# တောဆင်ရိုင်းထိန်းသိမ်းရေးနှင့် လူနှင့်ဆင်ပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေး အလုပ်ရုံဆွေးနွေး

**ဘုတ်ပြင်း မေ ၅**
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်း တောရိုင်းဆင်ထိန်းသိမ်းရေးနှင့် လူနှင့်ဆင်ပဋိပက္ခ ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေ ၄ ရက်က ဘုတ်ပြင်းမြို့ သပြေခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းနိုင်နှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းရေးအဖွဲ့(FFI)မန်နေဂျာ ဦးနေမျိုးရွှေတို့က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာများမှ အုပ်ချုပ်ရေးတာဝန်ခံများ NGO/INGO အဖွဲ့ဝင်များ၊ FFIမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့သည်။

တောရိုင်းဆင်များ ပျံ့နှံ့ကျက်စားသည့် ဧရိယာနှင့်ကျရောက်လျက်ရှိသော အန္တရာယ်များကို ပိုမိုရှိနိုင်ရန်၊ လူနှင့်ဆင် ပဋိပက္ခဖြစ်ရပ်များကို သိရှိနိုင်ရန်နှင့် ကြိုတင်ရှောင်ရှားနိုင်ရန်၊ သင့်လျော်သောနည်းစနစ်များကို ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ တောရိုင်းဆင်များအပေါ် ကျရောက်နေသည့် အန္တရာယ်များမှ ကာကွယ်ရန်၊ လူနှင့်ဆင် ပဋိပက္ခဆိုင်ရာ သတင်းအချက်အလက်များကို ဆွေးနွေးပွဲမှတစ်ဆင့် သိရှိပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တည်ဆဲဥပဒေ မူဘောင်များနှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်း၍ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများ မြို့နယ်အသီးသီး၌ကျင်းပ

**(၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မြို့နယ်အသီးသီး၌ ကျင်းပခဲ့ကြပြီး မီးသတ်တပ်ဖွဲ့၏ မီးသတ်နှင့် ကယ်ဆယ်ရေးစွမ်းရည်များ သရုပ်ပြခြင်း၊ မီးဘေးအန္တရာယ်အကြောင်း ပြည်သူများအား အသိပညာပေးဟောပြောခြင်းနှင့် ထူးချွန်မီးသတ်တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်း အစီအစဉ်များ ပြုလုပ်ခဲ့သည်။**

**လားရှိုး**
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ ခရိုင်မီးသတ်စခန်းသစ်၌ ကျင်းပသည့် အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အတွက် မိန့်ခွန်းပြောကြားပြီး သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီ မီးသတ်ယာဉ်များဖြင့် အထပ်မြင့် အဆောက်အအုံများပေါ်တွင် ကယ်ဆယ်ရေးဆောင်ရွက်ပုံနှင့် မီးလောင်မှုအမျိုးမျိုးတွင် မီးငြိမ်းသတ်ရသည့်ပုံစံများကို သရုပ်ပြခဲ့သည်။ လားရှိုးခရိုင်၌ ၂၀၁၈ခုနှစ်က မီးလောင်မှု ၁၆ ကြိမ်ရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁၄ ဒသမ ၉၅ သန်းရှိကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**



**ဟားခါး**
ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်မီးသတ်ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုစွမ်းရည် သရုပ်ပြပွဲတွင် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်က မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသည့်အနေဖြင့် အခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးရည် ဖြည့်သည့်စက်များကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တက်ရောက်လာသူများက လိုက်လံကြည့်ရှုလေ့လာသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုစွမ်းရည်သရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ အရေးပေါ်ကူညီရေး အစီအစဉ်များနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ထားရှိမှု၊ မီးငြိမ်းသတ်နည်းမျိုးစုံဖြင့် မီးငြိမ်းသတ်ခြင်း၊ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ် ရှာဖွေကယ်ဆယ်ရေး၊ အသက်ကယ်ကြိုးအသုံးပြု၍ လူနာ

ကယ်ဆယ်ရေး စွမ်းရည်များကို ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သရုပ်ပြခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**ဗန်းမော်**
ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည့် အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က မီးသတ်တပ်ဖွဲ့နေ့အတွက် မိန့်ခွန်းပြောကြားကာ အငြိမ်းစားမီးသတ်ဝန်ထမ်းများအား ဂါရဝပြု လက်ဆောင်ပစ္စည်းများနှင့် စက်ပြင်သင်တန်း အမှတ်(၂၃/၂၀၁၉)(ရန်ကုန်)တွင် ပထမဆုရရှိခဲ့သော ဒုတပ်ကြပ်မင်းဟိန်းအား ထူးချွန်ဆုကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမင်းခိုင်တို့က ပေးအပ်သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု ငြိမ်းသတ်နည်း၊ ယာဉ်မတော်တဆဖြစ်မှုတွင် ကယ်ဆယ်နည်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်စဉ် အရေးပေါ်လူနာများအတွက် ယာယီအဆောက်အအုံများဆောက်လုပ်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့သည်။

**သျှမ်းကလေး(ဗန်းမော်)**




**မြောက်ဦး**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင်၌ ကျင်းပသည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက သံဃာတော်များအား ဆွမ်းကပ်လှူပြီးနောက် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူသည်။ ထို့နောက် ရာထူးတိုးမြှင့်ခြင်းခံရသူများအား ရာထူးအဆင့် တံဆိပ်တပ်ဆင်ပေးခြင်းနှင့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ရ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကို ဆက်လက်ကျင်းပကာ အခမ်းအနားသို့ တက်ရောက်လာသော မီးသတ်တပ်ဖွဲ့မိသားစုဝင်များအား ဗလာမပါ ကံစမ်းမဲဖောက်ပေးသည့် အစီအစဉ်များလည်း ပြုလုပ်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

**လွိုင်လင်**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ ခရိုင်မီးသတ်စခန်း၌ ကျင်းပသည့် အခမ်းအနားတွင် လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က မီးသတ် တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် အသက်ကယ် နည်းစနစ်များ သရုပ်ပြခြင်း၊ အလိုအလျောက်ရေဖြန်းစနစ် သရုပ်ပြခြင်း၊ မီးငြိမ်းသတ်ရေးဆိုင်ရာ နည်းစနစ်များ သရုပ်ပြခြင်းများ ပြုလုပ်ပြီး ဆီသယ်ယာဉ် မတော်တဆမှုတွင် အသက်ကယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းကို ဇာတ်တိုက်သရုပ်ပြခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို ရေကန့်လန့်ကာ၊ ရေရောင်စုံ၊ ရေပန်းအလှများဖြင့် ဂုဏ်ပြုတင်ဆက်ခဲ့သည်။ **လွိုင်လင်မိုး(ပြန်/ဆက်)**



**ဟုမ္မလင်း**
ဟုမ္မလင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည့် အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့၏ သစ္စာ အဓိဋ္ဌာန်လေးချက်ကို ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်နိုင်စိုးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်ကြိုးအသုံးပြု၍ အသက်ကယ်နည်းနှင့် ကြိုးကူးနည်း စွမ်းရည်များကိုလည်းကောင်း၊ မီးလောင်မှုအမျိုးမျိုးအတွက် အရေးပေါ် မီးသတ်နည်းနှင့် မီးသတ်ရေယာဉ်ဖြင့် မီးငြိမ်းသတ်ပုံများကိုလည်းကောင်း၊ အထပ်မြင့် အဆောက်အအုံများတွင် ပိတ်မိနေသူများအား ကယ်တင်ပုံကိုလည်း ကောင်း သရုပ်ပြခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကော့သောင်း**
ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာန ခန်းမ၌ ကျင်းပသည့် အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမျိုးထွန်းဦးက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ငြိမ်းဦးက ခရိုင်အတွင်းမှ မီးသတ်သင်တန်းများတွင် ထူးချွန်ဆုရသူ မီးသတ်ဝန်ထမ်းများအား ထပ်ဆင့်ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီ မီးသတ်ကိရိယာပစ္စည်းများကို ခင်းကျင်းပြသခဲ့ပြီး အခမ်းအနားသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ကော့သောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**

## ကလေး-ဟားခါးလမ်း အဆင့်မြှင့်တင်ခြင်းအတွက် ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုဆိုင်ရာများ ဆွေးနွေး

**ဟားခါး မေ ၅**

ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် ချင်းပြည်နယ် ကလေး-ဟားခါးလမ်း အဆင့်မြှင့်တင်ခြင်းအတွက် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှု စစ်တမ်းကောက်ယူခြင်း၏ ဒုတိယအကြိမ် လုပ်ငန်းစဉ်ရှင်းလင်းပွဲကို မေ ၃ ရက်က ဟားခါးမြို့ Carson ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းစဉ်ရှင်းလင်းပွဲတွင် ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်းဟင်းဒါလ်က အမှာစကားပြောကြားပြီး ပြည်နယ် လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတာပန်းက လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားသည်။

ကမ္ဘာ့ဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့် အဆိုပါလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းကို ၂၀၁၅ ခုနှစ် ကိုမန်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကြောင့် မပျက်စီးမီအခြေအနေထက် ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ လမ်းလုပ်ငန်းဆောင်ရွက်မှုကြောင့် သဘာဝနှင့် လူမှုရေးရာ ပျက်စီးထိခိုက်မှု၊ အထူးသဖြင့် လူမှုရေးရာ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးထုတ်ပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့ထံ ရန်ပုံငွေ တင်ပြတောင်းခံရာ ၂၀၁၈ ခုနှစ်အတွင်း ကျပ် ၂၂၁ ဒသမ ၄၀၄ သန်း ခွဲဝေချထားပေးခဲ့၍ ထိုရန်ပုံငွေဖြင့် ထိခိုက်နစ်နာခဲ့သူများအား လျော်ကြေးပေးအပ်ပြီးဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

ထို့နောက် ကလေး-ဟားခါးလမ်း စီမံကိန်း အကောင်အထည်မဖော်မီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှု စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် Cardno အဖွဲ့အစည်းမှ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်မည့် လမ်းတစ်လျှောက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုစစ်တမ်းများ ကောက်ယူထားရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

## ထိခိုက်ဒဏ်ရာရသူများအား ထိရောက်စွာ စီမံကုသပေးနိုင်ရန် အလုပ်ရုံဆွေးနွေး

**မန္တလေး မေ ၅**

ဘေးအန္တရာယ်တစ်ခုခုကြောင့် ထိခိုက်ဒဏ်ရာရသူ အများအပြားရှိသည့် ဖြစ်စဉ်များအတွက် ထိရောက်စွာ စီမံကုသပေးနိုင်ရန် လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ (Hospital Incident Command and Control Workshop) ကို ဧပြီ ၃၀ ရက်မှ မေ ၃ ရက်အထိ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး ကိုးထပ်ဆောင်ရှိ မန်းတောင်ရိပ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲကို နိုင်ငံတကာအဖွဲ့အစည်း တစ်ခုဖြစ်သော Humanity & Inclusion နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ MOU စာချုပ်ပါ ခွင့်ပြုချက်အရ အင်္ဂလန်နိုင်ငံရှိ Emergency Medical Team(EMT)အဖွဲ့နှင့် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးတို့ ပူးပေါင်း၍ ပြုလုပ်ခြင်း ဖြစ်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက ပြောသည်။

"မန္တလေးတိုင်းဒေသကြီးက ငလျင်ဗဟိုချက်နဲ့ နီးကပ်နေတဲ့အပြင် မော်တော်ကားနဲ့ ဆိုင်ကယ်အများဆုံး အသုံးပြုနေတဲ့ မြို့လည်းဖြစ်တဲ့အတွက် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပေါ်နေတယ်။ ဒါကြောင့် ယာဉ်မတော်တဆမှုတွေ၊ ငလျင်ဘေးအန္တရာယ်တွေသာမက အခြား မီးဘေး၊ ရေဘေးစတဲ့ ဘေးအန္တရာယ်အမျိုးမျိုးကြောင့် အစုလိုက်အပြုံလိုက် ရောက်ရှိလာတဲ့ ထိခိုက်ဒဏ်ရာရရှိသူတွေကို စနစ်တကျ ကုသပြီး လူနာတွေရဲ့အသက်ကို ကယ်တင်နိုင်ဖို့ ကျွန်မတို့ဆေးရုံကြီးမှာ ရေးဆွဲထားတဲ့ အစုလိုက် အပြုံလိုက် ထိခိုက်ဒဏ်ရာရရှိသူများအား ကုသမှုစီမံချက်(Mass Casualty Management Plan)ပါ လုပ်ငန်းစဉ်တွေကို ပိုမိုကောင်းမွန် ထိရောက်တဲ့ နိုင်ငံတကာ နည်းပညာရပ်တွေ၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ အင်္ဂလန်နိုင်ငံက EMT အဖွဲ့နဲ့ ပူးပေါင်းပြီး အခုလို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတွေကို သုံးရက်တိုင်တိုင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကို တက်ရောက်သူတွေအနေနဲ့ ကျွန်မတို့ ရေးဆွဲထားတဲ့ Mass Casualty စီမံချက်မှာပါတဲ့ လုပ်ငန်းစဉ်အားလုံးကို သိရှိဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။


ထိခိုက်ဒဏ်ရာရသူများအား ထိရောက်စွာ စီမံကုသပေးနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနေစဉ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ သင်တန်းသို့ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ အထောက်အကူပြုဌာနများမှ ဝန်ထမ်းများနှင့် ဆေးရုံအုပ်ချုပ်ရေးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ၌ မန္တလေးနှင့် ရန်ကုန် ဆေးရုံကြီးများတွင်သာ ပြုလုပ်ခွင့်ရရှိကြောင်းနှင့် မကြာမီ ရန်ကုန်မြို့တွင် ဆွေးနွေးပွဲတစ်ခု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေမှုအခြေအနေများကို မီဒီယာရှင်းလင်း

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ လျှပ်စစ်ဝန်အားလျှော့မှုများ လုပ်ဆောင်နေပြီး အလှည့်ကျစနစ်ဖြင့် အုပ်စုများခွဲကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ထိုအခြေအနေများနှင့်စပ်လျဉ်း၍ မကွေးဒေသခံမီဒီယာများနှင့် မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာတို့ မေလ ၄ ရက် နံနက်ပိုင်းက တွေ့ဆုံ၍ မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်က လတ်တလောအခြေအနေများနှင့်ပတ်သက်၍ "မေ ၃ ရက်ကစပြီး မီးပြတ်ချိန်တွေ တိုးသွားပါတယ်။ ဒါကိုလည်း လူမှုကွန်ရက်စာမျက်နှာတွေကနေ ပြည်သူတွေကို အသိပေးတင်ပြထားပါတယ်။ ရုံးချုပ်က ၁ နာရီကနေ ၂၄ နာရီအထိ အချိန်အပိုင်းအခြားနဲ့ လျှော့ရမယ့်မဂ္ဂါဝပ်တွေ ပေးထားပါတယ်။ ပေးထားတာနဲ့ လိုက်လျောညီထွေဖြစ်အောင် မကွေးတိုင်းအတွင်းမှာ အုပ်စုသုံးစုခွဲပြီး ပိတ်ရမယ့်ဖီဒါတွေကို ပြုစုပြီး မြို့နယ်တွေကို ဖြန့်ဝေပါတယ်။ မြို့နယ်ရုံးတွေက တစ်ဆင့် ဘယ်ဖီဒါ၊ ဘယ်အပိုင်းတွေ မီးပြတ်မယ်၊ ဘယ်အချိန်တွေ လာမယ်ဆိုပြီးတော့ အသိပေးကြေညာပေးနေပါတယ်"ဟု ရှင်းပြသည်။

နွေရာသီကာလတွင် ဆည်ရေဝင်ရောက်မှု မရှိခြင်းကြောင့် လက်ကျန်ရေဖြင့် ဓာတ်အားထုတ်လုပ်သည့်အခါ ဆည်ရေပြည့်စဉ်က ထုတ်လုပ်နိုင်သည့်အင်အားနှင့် နှိုင်းယှဉ်လျှင် ရေအားအမြင့်ပေလျော့နေသည့် အခြေအနေတွင် စက်ရုံများမှာ စွမ်းအားပြည့်လည်ပတ်နိုင်မှု လျော့ကျသွားကြောင်း၊ ဆည်ဝင်ရေမရှိသည့်အတွက် ထုတ်လုပ်မှုကို ထိန်းညှိပြီး လုံးဝပြတ်လပ်ကာ စက်ရပ်သွားမည့်အဖြစ်မျိုး မဖြစ်အောင် လုပ်ဆောင်ရကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်အောင်လည်း ထုတ်လုပ်မှုများ လုပ်ဆောင်ရကြောင်း သိရသည်။

"နွေရာသီမှာ ထုတ်လုပ်မှုက ကျတယ်။ တစ်ဘက်မှာ ရာသီဥတုပူတဲ့အတွက် အဲကွန်း သုံးစွဲမှုက တက်တယ်။ ထုတ်လုပ်မှုနဲ့ သုံးစွဲမှုက မမျှတတဲ့အတွက်ကြောင့် ဝန်အားလျှော့ရတဲ့ အခြေအနေတွေ ဖြစ်လာပါတယ်။ ဆည်ရေတွေ ပြည့်ပြည့်ဝဝ ဝင်ရောက်လာ၊ ရာသီဥတုကလည်း အေးလာတဲ့အချိန်ကျရင် ထုတ်လုပ်မှုကလည်း တိုးလာတယ်၊ အသုံးကလည်း လျော့လာတဲ့အချိန်မှာ ပုံမှန်လည်ပတ်မယ်လို့ သုံးသပ်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ ပြည်သူများ သုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားမှာ နာရီစဉ် အပြောင်းအလဲအလိုက် အမြင့်ဆုံး ပျမ်းမျှ ၈၅ မဂ္ဂါဝပ်ရှိပြီး အနိမ့်ဆုံး ၃၅ မဂ္ဂါဝပ်ခန့်ရှိကြောင်း၊ ကပစစက်ရုံများ၊ ရေနံမြေများ၊ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများ၏ သုံးစွဲမှုကိုပါ ထည့်ပေါင်းပါက ၁၀၇ မဂ္ဂါဝပ်ခန့် ရှိကြောင်း၊ လက်ရှိ လျှပ်စစ်ဝန်အားလျှော့ချမှုမှာ ၈၅ မဂ္ဂါဝပ်ထဲမှ တစ်ဝက် လျှော့ချခြင်းဖြစ်ကြောင်း သိရှိရသည်။ "ရေနံမြေ၊ ကပစနဲ့ နိုင်ငံပိုင်စက်ရုံတွေမှာရှိတဲ့ ဝန်ထမ်းအိမ်သုံးလျှပ်စစ်တွေကို တတ်နိုင်သလောက် လျှော့ပေးပါ။ စက်ရုံ၊ အလုပ်ရုံတွေ လည်ပတ်အောင်ပဲ လုပ်ပါဆိုပြီး မေတ္တာရပ်ခံထားပါတယ်။ ကျွန်တော်တို့က ရေနံမြေလိုင်းသီးသန့်ကို ပိတ်ချလိုက်လို့တော့ မရဘူး။ ရေနံထုတ်လုပ်မှု လျော့ကျသွားရင် လောင်စာဆီဈေးနှုန်းမှာ အပြောင်းအလဲဖြစ်သွားရင် အခြား ဆက်စပ်မှုတွေက ရှိနေပါတယ်"ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

မကွေးမြို့အပါအဝင် မြို့နယ်အသီးသီး၌ လျှပ်စစ်ဝန်အားလျှော့ချ၍ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို အမျှတဆုံးဖြစ်အောင် အချိန်ဇယားများဆွဲ၍လုပ်ဆောင်နေကြောင်း၊ ရုံးဌာနများကိုပါ လျှပ်စစ်ဓာတ်အားဖြတ်တောက်သည့် Group ဇယားများတွင် ထည့်သွင်းဖြတ်တောက်ကြောင်း သိရသည်။ "ညွှန်ကြားချက်အရတော့ ဆေးရုံ၊ အကျဉ်းထောင်၊ ရဲစခန်း၊ ရဲတပ်ရင်းနဲ့ အစိုးရအဖွဲ့ရုံးတွေကိုတော့ ဦးစားပေးပြီး ပေးရမယ်လို့ ရှိပါတယ်။ ဒါပေမယ့် မကွေးမှာဆိုရင် 11KV လိုင်းအောက်မှာ ထရန်စဖော်မာပေါင်း အလုံး ၆၀ လောက် ရှိတယ်။ ဦးစားပေးရမှာက ခုနစ်လုံးလောက်ရှိတယ်။ သူတို့ကို ဦးစားပေးဖို့အတွက် အလုံး ၃၀ လောက် ပိတ်ရမယ်။ ဝန်ထမ်းအင်အားကလည်း လိုအပ်နေတဲ့အတွက် အားလုံးနဲ့ တစ်ပြေးညီပဲ ဓာတ်အားဖြန့်ဖြူးမှုကို လုပ်ဆောင်နေပါတယ်"ဟု လျှပ်စစ်အင်ဂျင်နီယာက ၎င်း၏လုပ်ဆောင်မှုကို ရှင်းပြသည်။

၁၉၅၀ နောက်ပိုင်းမှစ၍ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့သည့် မကွေးမြို့သည် တစ်စထက် တစ်စ ကြီးမားကျယ်ပြန့်လာပြီး လျှပ်စစ်သုံးစွဲမှုများပြားလာလျက် ရှိသော်လည်း ဝန်ထမ်းအင်အားမှာ များစွာ ပြည့်စုံပြောင်းလဲလာခြင်း မရှိသေးကြောင်း၊ နေ့စားဝန်ထမ်းများနှင့် တတ်နိုင်သမျှ ဖြည့်ဆည်းလုပ်ဆောင်နေရပြီး လိုအပ်ချက်များလည်း ရှိနေဦးမည်ဖြစ်၍ အားနာပါကြောင်း၊ ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်နေကြောင်း လျှပ်စစ်အင်ဂျင်နီယာက ဆက်ပြောသည်။

ယမန်နှစ်က မိုးဦးစောသည့်အတွက် ခဏတဖြုတ် ဝန်အားလျှော့ချမှုသာရှိခဲ့ပြီး ယခုနှစ်တွင်မူ မိုးဦးနောက်ကျကာ မုန်တိုင်းကြောင့် ဖြစ်ခဲ့သည့် မိုးရွာသွန်းမှုလည်း နည်းပါးခဲ့ခြင်း၊ ဆည်ရေမှလျှပ်စစ်ထုတ်လုပ်နိုင်မှုပမာဏ လျော့ကျခဲ့ခြင်းတို့ကြောင့် ဝန်အားလျှော့ချမှုများ ဆက်တိုက် လုပ်ဆောင်နေရခြင်းဖြစ်ကြောင်း သိရသည်။ "ပြည်သူများကို တင်ပြချင်တာက ခုဖြစ်နေတာတွေက ဓာတ်အားထုတ်လုပ်တဲ့အခက်အခဲကြောင့် ဖြစ်နေတဲ့ကိစ္စတွေပါ။ သူများတွေနိုင်ငံမှာက ခုလို ပုံသေသုံးနေတဲ့ဝန်အား(Base load)အတွက်ကို သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးတို့နဲ့ လုပ်ကြတယ်။ နိုင်ငံကြီးတွေဆိုရင် နျူကလီးယားကိုပါ သုံးကြပါတယ်။ ဓာတ်အားအနိမ့်အမြင့်တွေအတွက်ဆို ရေအားလျှပ်စစ်စက်ရုံတို့၊ ဆိုလာတို့၊ လေအားတို့လုပ်ကြတာပေါ့။


မကွေးတိုင်းဒေသကြီးအတွင်းမှ ဓာတ်အားခွဲရုံကြီးတစ်ခု။

ဆိုလာနဲ့ လေအားက Base load ကို မကူညီနိုင်ပါဘူး။ ဆိုလာကလည်း ဘက်ထရီနဲ့ ကုန်ကျစရိတ်အရမ်းများပါတယ်။ ဆိုလာနဲ့ လေအားကို ထောက်ခံပါတယ်။ သို့သော် ဒါလုပ်ရုံနဲ့ ပြေလည်သွားမယ်လို့ မထင်စေချင်ပါဘူး။ တိုးတက်တဲ့ နိုင်ငံတွေမှာ ကျောက်မီးသွေးကိုလည်း သုံးကြပါတယ်"ဟု ၎င်းက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံ၏ လက်ရှိ လျှပ်စစ်ထုတ်လုပ်မှုတွင် ရေအားလျှပ်စစ်ကို ၆၀ ရာခိုင်နှုန်း မှီခိုနေရပြီး ကျန် ၄၀ ရာခိုင်နှုန်းခန့်ကို သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစက်ရုံတို့မှ ထုတ်လုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏သမိုင်းတွင် ပထမဆုံးတည်ခဲ့သည့် လောပိတရေအားလျှပ်စစ်သည် မိုးဗြဲရေလှောင်တမံမှ တစ်ဆင့်ဆက်ပြီး သုံးစွဲနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မြစ်ဆုံကို မထောက်ခံသည့်တိုင် အခြားရေလှောင်တမံအားလုံးကို မလုပ်သင့်ဟု မယူဆသင့်ကြောင်း ၎င်းက ဆက်လက် ရှင်းပြသည်။

"အခု လျှပ်စစ်ဓာတ်အားပေးတယ်ဆိုတာက ထုတ်လုပ်မှုရှိသလောက်ကိုပဲ ဝန်အားအလှည့်ကျ လုပ်ပြီး ပေးနေတာပါ၊ ဒီကြားထဲမှာမှ မဟာဓာတ်အားလိုင်း တစ်ခုခုချို့ယွင်းသွားရင်၊ ဥပမာအားဖြင့် ဟိုတစ်လောက မြင်းခြံနဲ့ သပြေဝ မဟာဓာတ်အားလိုင်း ချို့ယွင်းသွားတယ်။ အဲဒီတော့ မြင်းခြံမှာထိုင်ထားတဲ့ ဂက်စ်အင်ဂျင်စက်ရုံတွေက ထုတ်လုပ်တဲ့အားက မဝင်နိုင်တဲ့အခါ အရေးပေါ်ဝန်အားလျှော့လိုက်ရတယ်။ သပြေဝ-တောင်တွင်းကြီး မဟာဓာတ်အားလိုင်း တစ်ခုခု ချို့ယွင်းသွားတာတို့၊ ဂက်စ်ပိုက်လိုင်းတွေချို့ယွင်းလို့ ဂက်စ်တာဘိုင်တွေရဲ့ထုတ်လုပ်မှု လျော့ကျသွားတာမျိုးတွေရှိရင်တော့ ခုလို အလှည့်ကျဝန်အားလျှော့မှုအပြင် အရေးပေါ် ဝန်အားလျှော့မှုတွေ ဖြစ်လာနိုင်ပါသေးတယ်"ဟုလည်း လျှပ်စစ်အင်ဂျင်နီယာက ကြိုတင် မေတ္တာရပ်ခံ ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Energy To Power အစီအစဉ်ဖြင့် ဒေသအလိုက် စက်ရုံများ တည်ဆောက်ရန် စဉ်းစားထားကြောင်း၊ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်မည်ဆိုလျှင် အချိန်ယူရခြင်း၊ ကျောက်မီးသွေးစက်ရုံဆိုလျှင် ကန့်ကွက်မှုများရှိနေခြင်းတို့ကြောင့် ၃၀၀၀ မဂ္ဂါဝပ်နှင့်အထက် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အဆင်ပြေမည့် စက်ရုံတစ်မျိုးမျိုးကို အစိုးရသက်တမ်းအတွင်း စတင်တည်ဆောက်ရန် ရှိနေကြောင်းလည်း လျှပ်စစ်အင်ဂျင်နီယာက ၎င်းသိရှိထားသည့် အခြေအနေကို ပြောပြခဲ့သည်။ **ဇေယျာတု(မကွေး)**

## မြစ်သားမြို့နယ် မယ်ညိုကျေးရွာ ရေရရှိရေး လုပ်ငန်းအားလုံး ပြီးစီး

**မြစ်သား မေ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း မြို့နှင့် ၁၃ မိုင်အကွာတွင် တည်ရှိကာ နှစ်စဉ် နွေရာသီတိုင်း ရေပြတ်လပ်လေ့ရှိသော မယ်ညိုကျေးရွာ၌ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်ပေးခဲ့သော ရေရရှိရေးလုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်၍ ယခုအခါ သောက်သုံးရေလုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။ မယ်ညိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းအဖြစ် ကျေးရွာနှင့်ပေသုံးထောင်ခန့်အကွာရှိ ရေချိုထွက်ရှိရာနေရာတွင် အနက် ပေ ၅၀၊ သုံးလက်မ စက်ရေတွင်း ငါးတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေထွက်ရှိရာမှ ကျေးရွာရှိရေကန်သို့ ပေ ၃၀၀၀ ခန့် အကွာအဝေးကို ပိုက်လိုင်းသွယ်တန်းခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများက မေ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့ရှိ မီးပွိုင့်(၁၅၁) ခုတို့အား အောက်ဖော်ပြပါရက်နှင့် အချိန်များတွင် တစ်ပြိုင်နက်တည်း စမ်းသပ်လည်ပတ်မှုပြုလုပ်မည်ဖြစ်ပါကြောင်း ပြည်သူများအား အသိပေးအပ်ပါသည်။

၂။ သို့ပါ၍ အောက်ဖော်ပြပါရက်နှင့်အချိန်များတွင် မီးပွိုင့်များအား ဖြတ်သန်းမောင်းနှင်ကြမည့် မော်တော်ယာဉ်များအနေဖြင့် ဂရုတစိုက်မောင်းနှင်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

(က) ၈-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိနှင့် ညနေ၃နာရီမှ ည ၇ နာရီအထိ

(ခ) ၉-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိနှင့် ညနေ ၃ နာရီမှ ည ၇ နာရီအထိ

**ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့**


ဝန္ဒီ ဗမ္မ သံယ **San brotherhood**

**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

**Air-Con အဟောင်းများကို ဈေးကောင်းပေးဝယ်သည်။**




တပ်ဆင်ပြီးဈေးနှုန်း Copper Pipe 10Ft

၁။ နာမည်ကြီး Brand
၂။ စိတ်ချရသည့်အာမခံ
၃။ အထူးအာမခံ (Compressor)

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

ဇဝန (သယ်န်းကျွန်း) 09-5148138,09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City(လှိုင်သာယာ) 01-3681854, 09-5084831
နိဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
အင်းဝအိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး(အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218


## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၁၈၃/မမ/ (CME) | ပါဝါလျှပ်စစ်ပစ္စည်း(၅)မျိုး ( 7.5 KW, 5.5 KW , High Pressure Pump Motor with Star Dalta Starter , Single Phase High Pressure Pump Motor , 3 Phase 15Hp Motor, 3 Phase 7.5 Hp Water Pump Combine Set ) |
| ၂ | ၁၈၄/မမ/ (CE) | ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း(Phase 1 ) ခင်ဦးကွန်ကရစ်ဇလီဖားစက်ရုံတွင် e- Clip Concrete Sleeper ထုတ်လုပ်ခြင်းလုပ်ငန်း (248000-Nos) |
| ၃ | ၁၈၅/မမ/ (CE) | Elastic Rail Clip (140000 Nos) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၆ .၆ .၂၀၁၉ ) (ကြာသပတေးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၆.၅.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:-294352, 291994

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာနေ ဦးသိန်းရွှေ-ဒေါ်စန်းစန်းနိုင်တို့၏သား မောင်သက်ပိုင်မှူး ၇/ပခန(နိုင်)၃၃၆၃၅၁သည် မိဘတို့၏ ဆုံးမမှုကိုမနာခံ၍ မိမိသဘောအလျောက်ပြုမူသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါပြီဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းနှင့်သက်ဆိုင်သော ကိစ္စအဝဝ(လုံးဝ)ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးသိန်းရွှေ-ဒေါ်စန်းစန်းနိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/7408၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ပဲခူး**

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက် (၃၃၅)နေ (ဘ) ဦးချစ်စိန်၏သား ကိုဘိုဘိုမြတ်ကျော် ၉/မရတ(နိုင်)၁၁၁၅၉၂ ၏ Bamboo Shade Co.,Ltdအမည်ဖြင့် ကုန်သွယ်ခွန်ဆောင်ထားသည့်ပြေစာ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၉၂၈၂၁၀၂၊ ၀၉-၂၅၉၂၈၂၁၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-III)ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၉၀-ခ/၃/၁)၊ မြေယာအမှတ် (160-B/3/A)၊ မြေဧရိယာ ၀ ဒသမ ၂၂၈ဧကရှိ မြို့မြေဂရန် အမှုတွဲအမှတ် (၆၁၆/၂၀၁၄-၁၅)အရ ၁-၁၀-၁၉၈၇ ရက်မှ ၁-၁၀-၂၀၁၇ ရက်ထိ အခွန်ငွေ (၂၁၁၂၀/-) တိတိဖြင့် ဒေါ်မြင့်အေး အမည်ပေါက်ဂရန် ထုတ်ပေးခဲ့ပြီး အဆိုပါ ဂရန်သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်၍ ဒေါ်မြင့်အေးမှ ဂရန်သက်တမ်းတိုးလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ် (၁၇/၁)၊ ဦးပိုင်အမှတ် (၁၀၅၉+၁၀၅/၁၀)၊ မြေဧရိယာ ၀ဒသမ၂၅၁ဧကရှိ ဒေါ်ထုတ်နီအမည်ဖြင့် အမည်ပေါက်မြေကွက်အား ၂၉-၁၂-၂၀၀၃ ရက်တွင် ဒေါ်မြတ်မြတ်ထွေးမှ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်မြတ်မြတ်ထွေး ၉/မထလ(နိုင်)၂၀၀၉၁၈ အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် ၂-၄-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၁၅၃/၂၀၁၈)ကို ၃-၄-၂၀၁၈ ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၂၈/၂၀၁၈)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄၀

၁။ ဦးရန်ဂျိုးဆိုင် နှင့် ဦးမြင့်အေး
၂။ ဒေါ်ခင်ထွေး

တရားလို | တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် အ-၁၇၊ ဦးပိုင်အမှတ်-၅၊ ဂ-ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ)နေ ဦးမြင့်အေးသိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၁၇ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မေ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်ဇာဇာအေး နှင့် ၁။ ဒေါ်ရင်
၂။ ဦးအေးမောင်

တရားလို | တရားပြိုင်များ

ပျဉ်းမနားမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဒေလီယာလမ်း၊ အိမ်အမှတ် ၆/၂၅နေ ဒေါ်ရင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဇာဇာအေးက မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင် တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၂၂ ရက် (၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သွယ့်နှင်းအိဖေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပျဉ်းမနားမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၂၂၄၉၅ Yalanda 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၉/ခအဇ(နိုင်)၀၀၀၁၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၃၇

ဦးတွမ်စီလီ နှင့် ဦးတင်ရီ

တရားလို | တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် အ-၂၁၊ ဦးပိုင်အမှတ်-၂၊ ငွေတော်ကျီကုန်းရပ်ကွက် (ယခုနေရပ်လိပ်စာမသိ)နေ ဦးတင်ရီသိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၁၇ ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းနေ မင်္ဂလာကျောင်းလမ်း၊ အမှတ် ၂၅၅ ရှေ့မျက်နှာစာအပါ အလျား ၂၅ပေ၊ အနံ ပေ၃၀ရှိ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်အိမ်အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးမင်းမင်းထံ ISN ၁၂၄၇၈၃မှ ဒေါ်စီစီအောင် ၈/ရနခ(နိုင်)၀၈၉၈၉၆ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ပြီး ဂရန်အမည်ပေါက်ရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စီစီအောင် ၈/ရနခ(နိုင်)၀၈၉၈၉၆**
**ဖုန်း-၀၉-၉၆၁၇၀၇၅၅၇**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ မိုးကြိုးကွက်သစ်၊ ရပ်ကွက်ကြီး(၂၁)နေ ဦးကိုမြင့် (KTA-၀၆၆၄၆၉)-ဒေါ်ဥမ္မာညွန့် ၉/မမန(နိုင်)၀၈၃၆၃၇တို့၏သမီး မသင်းသင်းဦး(ခ)မသိမ့်သိမ့်ကို ၉/ပဥလ(နိုင်) ၀၆၅၈၀၁သည် မိဘများ၏ပြောဆိုဆုံးမစကားကို နားမထောင်ဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှသည် ကျွန်ုပ်တို့နှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိဘများ - ဦးကိုမြင့်-ဒေါ်ဥမ္မာညွန့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/8519 Toyota Liteace CM 70 Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာဦး ၉/ခမစ(နိုင်)၀၄၅၇၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၅

ဦးသူရကြူ နှင့် ၁။ ဦးသီဟန်ကြူ
၂။ ဦးဝင်းမြင့်ထွန်း(ခ)ဦးထွန်းနိုင်

တရားလို | တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တောင်ပိုင်းရပ်ကွက်၊ ဦးတင်လှိုင်လမ်း၊ အမှတ် (၄၉)နေ (၁)တရားပြိုင် ဦးသီဟန်ကြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌တရားလိုက တရားပြိုင်(၂) ဆောက်လုပ်နေထိုင်သည့် နေအိမ်ကို ဖျက်သိမ်းဖယ်ရှားထွက်ခွာစေပြီး မြေလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၁၇ရက် (၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီခင်)**
**ဒုတိယခရိုင်တရားသူကြီး (၈)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခတီစာ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ် ၈/အောင်ဇေယျာ၊ မြေကွက်အမှတ် (၁၂)၊ ဧရိယာ ၀ဒသမ၀၄၆ဧကရှိ မြေကွက်သည် မိခင် ဒေါ်အရှာဘီအမည်ဖြင့် ဂရန်အမှုတွဲအမှတ် ၃၉/၁၉၉၁-၉၂ အရ (၁၅-၈-၁၉၉၁) ရက်မှစ၍ (၁၀)နှစ် ဂရန်အမည်ပေါက် မြေကွက်ဖြစ်ပါသည်။

မိခင် ဒေါ်အရှာဘီသည်လွန်ခဲ့သော ၁၁-၇-၁၉၉၇ရက်ကလည်းကောင်း၊ ဖခင် ဦးရှိန်သည် လွန်ခဲ့သောနှစ်ပေါင်း (၅၅)နှစ်ကလည်းကောင်း ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်အား သမီးအရင်း ဒေါ်ခတီစာ DV-၀၁၂၇၅၆ မှ ၂၁-၂-၂၀၁၉ရက်က မိတ္ထီလာမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် ကျမ်းကျိန်လွှာအမှတ်- ၃၄/၂၀၁၉ ကျမ်းကျိန်ဆိုပြီး၊ ဂရန်အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်ခတီစာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွန့်ညွန့်ဝေ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၆၄)**
**အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၃၃၈၃၀၇၂၆**

## ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းများနှင့် ကုမ္ပဏီကြီးများအတွက်




• ငွေစုစာအုပ်များ • ချက်လက်မှတ်များ / ချက်စာအုပ်များ • ငွေသွင်း / ငွေထုတ်ကဒ်များ
• ကျောင်း/သင်တန်း ဘွဲ့လက်မှတ်များ • ရွှေနှင့်အဖိုးတန်ရတနာ ဘောက်ချာများ • Logo ပါ ATM စက္ကူလိပ်များ
• လုပ်ငန်းသုံး စာရွက်စာတမ်းများ • Carbonless ဘောက်ချာများ

• Saving • Call • Fixed Deposit Passbooks • All type of Cheques • Certificates • Credit / Debit Cards
• MPU • JCB • VISA • Master • Contactless Cards • Member Card • Pin Mailer • Gift Vouchers
• Banking Forms • Business Forms • ATM Rolls • POS Rolls • Thermal Roll with Printing

Myanmar DECO-TBSP Special Products Co., Ltd.
Hlaing Tharyar Industrial Zone (3), Yangon, Myanmar info@decotbsp.com 09 4578 97700, 09 7888 50503, 09 4296 13319


### အမည်မှန်

ပန်းတနော်မြို့နယ်၊ ကသာဝင်အုပ်စု၊ ရွှေဖလားကျွန်းကျေးရွာနေ (ဘ)ဦးငွေးညွှန့်၏သမီး မယဉ်ယဉ်နု၏ အမည်မှန်မှာ မရင်ရင်နု ၁၄/ပတန(နိုင်)၂၁၈၈၂၇ ဖြစ်ပါသည်။

**မရင်ရင်နု**


ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအစစ်)
၀၁-၄၀၀၆၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀
၂၁ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေလမ်းဆုံမီးပွိုင့်အနီး၊ရန်ကုန်မြို့။


### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V၊ ကွက်ပြင်-၅)၊ ဦးပိုင်အမှတ်(၁၉-၁၈)၊ မြေယာအမှတ်(18)၊ မြေဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကွက်အားမြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခိုင်မာဝင်း ၉/ပသက(နိုင်)၀၃၂၇၄၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**


## နိုင်ငံတကာသတင်းဂျာနယ်

အမှတ်စဉ် - ၁၂၀၉

တရုတ်ကို လိုက်လေဝေးလေဖြစ်နေသော အိန္ဒိယ

မျှော်လင့်ချက်ရောင်ခြည်သန်းလာသော အာဖဂန်နစ္စတန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

Brexit အပေါ် ပြောပြရန်ခက်သည့် ပြည်သူတို့အမြင်

အရှေ့အလယ်ပိုင်းတွင် နိုင်ငံရေး၊ စစ်ရေးဩဇာအာဏာ မြင့်တက်လာသည့် သမ္မတ ပူတင်နှင့် ရုရှားနိုင်ငံ

ကမ္ဘာ့နိုင်ငံများ၏ စစ်ရေးအသုံးစရိတ် စစ်အေးခေတ်နောက်ပိုင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာ

အင်ဒို-ပစိဖိတ်မဟာဗျူဟာနှင့် အိန္ဒိယနိုင်ငံ၏ အကျိုးအမြတ်အလားအလာ




တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာပေတိုက်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၀၁-၃၉၇၃၃၀၊ ၀၁-၂၉၂၈၃၀
Gmail - internationaljournalmm@gmail.com



## ZAMBUYADANA CO., LTD. WOOD BASE INDUSTRY




**Our Major Products :**
Scantling & Moulding (S4S),
Board,Boat Decking, Anti Slip,
Finger Jointed,Lam Parquet,
Rubber Jointed Tongue &
Groove (T&G) Flooring
Tongue & Groove (T&G) Flooring

521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 400 300900, (95-9) 400 900300, (95-9) 510 7832, (95-9) 550 5855, Email : zbuyadana@gmail.com







# ကျေးဇူးတော်ရှင် ပဲခူးမြို့ အောင်သုခမ္မရိပ်သာကြီး၏ အဓိပတိမဟာနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တစန္ဒိမာ မဟာထေရ်မြတ်၏ အန္တိမအဂ္ဂိဈာပန သာစုကီဠနပူဇာသဘင် အခမ်းအနားဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် ပဲခူးမြို့ အောင်သုခမ္မရိပ်သာကြီး၏အဓိပတိ မဟာနာယက သက်တော် (၉၆) နှစ်၊ ဝါတော် ၄၃ ဝါရ ဘဒ္ဒန္တစန္ဒိမာမဟာထေရ်မြတ်၏ အန္တိမအဂ္ဂိဈာပန သာစုကီဠနပူဇာသဘင် အခမ်းအနားကို ၁၃၈၁ ခုနှစ် ကဆုန်လဆန်း ၉ ရက် (၁၂. ၅. ၂၀၁၉ ရက်)၊ တနင်္ဂနွေနေ့ ညနေ ၄ နာရီ အချိန်တွင်စတင်၍ ဆရာတော်ဘုရားကြီး၏ရုပ်ကလာပ်တော်အား ပဲခူးမြို့ အောင်သုခမ္မရိပ်သာမှ ရိပ်သာအနီးရှိ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ရဟတ်ယာဉ်ကွင်း၊ လောင်တိုက်တော်သို့ ပင့်ဆောင်ပြီး ညနေ ၅ နာရီအချိန်တွင် တေဇောဓာတ်ဖြင့် အန္တိမအဂ္ဂိဈာပန မီးပူဇော်မည်ဖြစ်ပါ၍ နေ့လယ် ၂ နာရီအချိန်တွင် အောင်သုခမ္မရိပ်သာသို့ ကြွရောက်ပူဇော်နိုင်ကြပါရန် တပည့်ယောဂီ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**တပည့်ယောဂီများ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## လင်အေးချို(ခ)ဒေါ်အေးချို
## (ကိုးယုမက်သဒစ်အသင်းတော်)
## အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်/ထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် ၁၀မြေညီ(ဝဲ)နေ (ဦးလှစိန်)၏ဇနီး၊ ဦးမောင်မောင်လွင်-ဒေါ်လှအေး(ဟောင်ကောင်)၊ ဦးကျော်စိန်(ခ)ဦးစိန်လင်း-ဒေါ်သန်းထွေး(ခ)မခင်ခင်ဝင်း၊ဦးကျော်မြင့်(ခ)ဦးထွန်းလင်း-ဒေါ်စန်းစန်းဆွေ၊ဦးကျော်ထွန်း-ဒေါ်ချမ်းမန်ကျောင်း၊ဦးကျော်ရင်(ခ)ဦးမောင်ထွေး-ဒေါ်ကျင်ကျင်၊ ဦးထွန်းနိုင်ဦး-ဒေါ်လှရင်၊ (ကိုကျော်အောင်)တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၅-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဂန္ဓာမာစက်မှုကွက်သစ်၊ ဦးပိုင်အမှတ် ၂၆မှ မြေဧရိယာ၀ဒသမ၁၄၇ဧကရှိမြေသည် မူလတွင် ဦးတင်ထွန်းအမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ ယခုအခါ ဦးရဲလှအမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက် ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်၊ နဝဒေးရပ်ကွက်၊ ကွင်းအမှတ်(၄၀၄-A) ခေတ္တရာစက်မှုဇုန် ဦးပိုင်အမှတ်(၂၇+၂၈)မှ မြေဧရိယာစုစုပေါင်း ၀ဒသမ၄၆၀ ဧကရှိမြေသည် မူလတွင် ဦးစိန်ဝင်းပါ(၁၄)ဦးအမည်ဖြင့် မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေကွက်များအား ဦးမြင့်သိန်းသည် ၃၀-၈-၂၀၁၈ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၆၉/၂၀၁၈)ဖြင့် မှတ်ပုံတင်၍ လွှဲပြောင်းဝယ်ယူပြီး ဖြစ်ပါသောကြောင့် ၄င်းအမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူ များရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်၊ နဝဒေးရပ်ကွက်၊ ကွင်းအမှတ်(၄၀၄A )၊ခေတ္တရာစက်မှုဇုန်၊ ဦးပိုင်အမှတ်(၄၃+၃၂၆+၄၈+၄၉)မှ မြေဧရိယာ စုစုပေါင်း ဝဒသမ ၉၂၀ ဧကရှိမြေသည် မူလတွင် ဦးစိန်ဝင်းပါ(၁၄)ဦးအမည်ဖြင့် မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေကွက် များအား ဦးသိန်းလွင်သည် ၃၀-၈-၂၀၁၈ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၆၇/၂၀၁၈)ဖြင့် မှတ်ပုံတင်၍ လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသော ကြောင့်၄င်းအမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်အေး(မြန်မာမျက်မှန်)
## ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး(ကုန်သွယ်ရေး)
## လ/ထ ညွှန်မှူး(ငြိမ်း)
## အသက်(၇၆)နှစ်

ဦးအောင်တင်ဝင်း(STRENGTH Business Group Co.,Ltd)-ဒေါ်ဇင်မာထွန်းသူတို့၏ဖခင် ဦးတင်မောင်အေး(မြန်မာမျက်မှန်)ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး)(ကုန်သွယ်ရေး)လ/ထ ညွှန်မှူး(ငြိမ်း)သည် ၃၀-၄-၂၀၁၉ ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးကြီး၊ အင်/ယာမှူးကြီးနှင့် အရာထမ်း**
**အမှုထမ်းများ၊ အမှတ်(၂)ဘိလပ်မြေစက်ရုံ**

## ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ဝင်း(B.Sc-Q) အသက်(၅၃)နှစ်
## [J.A.Tအမက(၅)သဃ်န်းကျွန်း၊ ယခင်မြို့မ အလက မိုးနဲမြို့၊ ရှမ်းပြည်နယ်]
## (ဦးကျော်မြင့်နှင့်သားမော်အောင် အိပ်ဇောလုပ်ငန်း)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ (ဦးစောမြင့်-ဒေါ်တင်ရီ)တို့၏သမီး၊ ဗိုလ်ကြီးဇော်မြင့်(ခ)ဦးကျော်မြင့်(D.S.A-1)-ဒေါ်ခင်မကြီး B.Com(IT)တို့၏သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်၁၀၉၃ နေ ဦးခင်ဇော်(ခ)ဦးမော်အောင်၏ဇနီး၊ မောင်မျိုးဇော်ညီ( Succes ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မောင်လင်းဇော်ညီ (အထက-၂၊ တ/၃)တို့၏မိခင်၊ ဦးခင်ကျော်(တေဇ-၁၈)(ငြိမ်း)-ဒေါ်နန်းစန္ဒာဝင်းနိုင်(P.A.T) တို့၏ညီမ၊ ဦးပညာလောက (သာသနဓဇဓမ္မာစရိယ BAအပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် M.A၊ သီရိလင်္ကာ)၊ ဦးခင်သော်-နော်ထီးခူတို့၏အစ်မ၊ မောင်စစ်မောင်၊ မရတနာခင်ကျော်(တတိယနှစ်၊ ဆေးတက္ကသိုလ်-၂)မြောက်ဥက္ကလာပ၊ မောင်အောင်သီဟတို့၏ အဒေါ်၊ မမေသော်၏ကြီးကြီးသည် ၄-၅-၂၀၁၉ရက် (စနေနေ့) ည ၇း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီ မှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါတောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်နိုင်ဝင်း(စစ်တွေ)
## (အထက်တန်းသူနာပြု)
## အင်းစိန်အထွေထွေရောဂါကုဆေးရုံ
## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံဝန်ထမ်းအိမ်ရာ၊ တိုက်(B)၊ အခန်း ၁၃နေ (ဦးမောင်စိန်လှ)-ဒေါ်အေးသာစိန်တို့၏သား၊ ဦးကျော်နိုင်ဦး (နော်ဝေ)-ဒေါ်ချမ်းမြသန္တာထွေးတို့၏ညီ၊ ဦးကျော်နိုင်ထွန်း-ဒေါ်မူမူမောင်၊ ဦးအောင်နိုင်ထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်ဖြိုးဖြိုးသွယ်တို့၏အစ်ကို၊ ဒေါ်ဟေမာဝင်း၏ခင်ပွန်း၊ မောင်ကျော်မင်းခန့်၊ မမေပုဏ္ဏမီကျော်တို့၏ဖခင်၊ တူ၊တူမ လေးယောက်တို့၏ဦးလေးသည် ၄-၅-၂၀၁၉ရက် (စနေနေ့)နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ရက် (တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေး အကြောင်းကြားအပ်ပါသည်။ (အင်းစိန်ဆေးရုံမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## မအေးဖြိုးဖြိုးသန်း
## Operations Director (Myanmar Bespoke Tours)
## Shwe Ta Naw Travels & Tours Ltd.
## အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အောင်ဇမ္ဗူလမ်း၊ ကြီးပွားရေးအိမ်ရာ၊ တိုက်(၁)၊အ ခန်း၂၂နေ ဦးတင်မောင်သန်း(ဌာနမှူး၊ စီမံ/ဘဏ္ဍာ-ငြိမ်း၊ ထားဝယ်တက္ကသိုလ်)-ဒေါ်ခင်လှ(ဌာနစုမှူး၊ ဘဏ္ဍာ-ငြိမ်း၊ YUFL)တို့၏သမီး၊ ဦးမျိုးမြန်မာ-ဒေါ်ချောစု စုလတ်တို့၏ညီမ၊ မောင်မင်းသုကျော်ခေါင်၏အဒေါ်သည် ၅-၅-၂၀၁၉ ရက် နံနက် ၅း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၉ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ သဃ်န်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/9229, Myanmar Double Cab(MDC), P/U(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်ဆွေ ၉/ကဆန(နိုင်)၀၃၄၃၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဒေါ်နိုင်နိုင်မော်
## ဌာနစုမှူး၊ ထုတ်လုပ်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ
## အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၂)၊ တိုက် ၂၂၅၊ အခန်း၇ နေ(ဦးလှမြင့်-ဒေါ်တိုးရီ) တို့၏သမီးချွေးမ၊ ဦးအုန်းဖေ-(ဒေါ်တင်လှိုင်)တို့၏သမီး၊ ဦးဇော်ဟိန်း(ဌာနစုမှူး၊ အတွင်းစာရင်းစစ်ဌာနခွဲ) (ရန်ကုန်မြို့တော်စည်ပင်)၏ဇနီး၊ ဒေါ်မစ်ဇီလှမြင့်(ခ)ဒေါ်ခင်လှမြင့်(ခေတ္တ-ဆွီဒင်)၊ ဦးအောင်မြင့်ထူး(ဒေါ်မြင့်မြင့်သွယ်)၊ ဦးသက်နိုင်ဦး၊ ဦးဇော်လင်း-ဒေါ်နီနီခိုင်၊ ဦးယဉ်မင်း-ဒေါ်မူယာရွှေတို့၏ညီမ၊ မခင်စိန်မမ၏ အဒေါ်သည် ၅-၅-၂၀၁၉ရက် နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၂၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၉ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကိုသူရမင်းမြတ်
## အသက်(၂၈)နှစ်

သရက်မြို့၊ ရွှေဘုံသာရပ်ကွက်၊ သံကြိုးလမ်း၊ အမှတ် ၅၃နေ ဦးခင်မောင်-(ဒေါ်ခင်တင့်)“ရွှေမင်းသမီး” စာရေးကိရိယာ၊ အောင်လံမြို့၊ စက်ရုံရပ်၊ ၆ လမ်းနေ ဦးသောင်းစိန်-ဒေါ်လှတင့်၊ သရက်မြို့နေ ဒေါ်သန်းသန်းတို့၏မြေး၊ (ဦးဇော်သူ)-ဒေါ်လဲ့လဲ့ခိုင်တို့၏သား၊ မောင်မင်းခန့်စည်သူ၏အစ်ကို၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးစိုင်းသိန်းမြင့်-ဒေါ်သီတာတို့၏သားသမက်၊ မဆုမြတ်မွန်ဝင်း၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ၄၇ လမ်း (အထက်)၊ အမှတ် ၁၄၄(မြေညီ)နေ ဦးမင်းသူ-ဒေါ်မီမီထွန်း၊ ဒေါ်စန္ဒာသူ၊ ဦးအောင်သူ -ဒေါ်ဥမ္မာလှိုင်တို့၏တူ၊ မောင်မင်းသန့်စင်၊ မအိမ်မေမီသူ၊ မောင်ကောင်းစစ်နိုင်တို့၏အစ်ကိုသည် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ၄နာရီတွင် သရက်မြို့၊ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဆရာမကြီး ဒေါ်ဖွားဖုံ(တောင်သာ)
## (အထက-၂၊ မြင်းခြံ-ငြိမ်း)
## အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၂)လမ်း၊ အမှတ် ၁၅နေ (ဦးဖုန်း-ဒေါ်တင့်ညို)တို့၏သမီး၊ (ဦးလူခါ-ဒေါ်ခင်)တို့၏သမီးချွေးမ၊ (ဆရာကြီး ဦးဖေတင်)၏ဇနီး၊ ဦးသန်းထွန်း(ပြန်ကြားရေးဝန်ကြီးဌာန-ငြိမ်း)-ဒေါ်ခင်မြင့်မြင့်၊ ဦးခင်မောင်သန်း-ဒေါ်ခင်ခင်သန်း(ခေတ္တ-MACAU)၊ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်သန်း(ငြိမ်း) (ဒုထွေဂျ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း) -ဒေါ်သူဇာနွယ်ဦးတို့၏မိခင်၊ ဦးဇော်မင်းသန်း(မိုးတိမ်နွယ်၊ အိမ်ခြံမြေအကျိုးဆောင်)၊ ဒေါက်တာခင်ဆွေဦး(တွဲဖက်ပါမောက္ခ၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးမောင်မောင်သန့်-ဒေါ်ဝင်းမင်းသန်း(ခေတ္တ-MACAU)၊ (ဦးကျော်ကျော်လင်း)-ဒေါ်အိအိချော၊ မဇင်မာငြိမ်း၊ မောင်ဝင်းသူတို့၏အဘွား၊ မောင်အောင်ထက်ဦး၊ မချိုးမြတ်စန္ဒီ၊ မဝင်းနေခြည်မောင်၊ မဝင်းစန္ဒာမောင်တို့၏ဘွားဘွားကြီးသည် ၄-၅-၂၀၁၉ ရက်(စနေနေ့) ည ၈း၅၇နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ နတ်လမ်း ဒါယကာကြီး
## ဦးမြင့်မောင်(ညောင်သုံးကျေးရွာ)
## Ass.Professor (Geography Dept)
## ပဲခူးကောလိပ်(ကျောင်းအုပ်ကြီး)
## စီမံ/ဘဏ္ဍာ ဌာနမှူး(ငြိမ်း)ပညာရေးတက္ကသိုလ်
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၁၆(က)နေ (ဦးဘိုးရွှေ-ဒေါ်ကျင်မွှေ)တို့၏သား၊(သီရိပျံချီဦးဘသွင်-ဒေါ်ညွှန့်စိန်) တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ထင်-ဒေါ်ခင်ခင်ဆွေ၊ ဦးအောင်ဇော်-ဒေါ်အေးမြင့်သွင်၊ ဒေါ်ကြည်မြင့်သွင်၊ဦးသန့်စင်-ဒေါ်စွဲ့ဆုမြတ်ဟန်တို့၏ဖခင်၊ မဣန္ဒြာအောင်၊ မောင်ပြည့်ဖြိုးဇော်၊ မသင်ဇာဇော်၊ မအိမ်မှူးသွင်၊ မောင်အာခီရာဇင်တို့၏အဘိုးသည် ၄-၅-၂၀၁၉ရက်(စနေနေ့) ည ၁၀း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၉ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၉ ရက်(သောကြာနေ့) နံနက် ၇နာရီ မှ ၁၀ နာရီအထိ အင်းလျားမြိုင်လမ်း၊ စုပေါင်းလမ်းသွယ်၊ အမှတ် ၈၁/ A-11(Golden Hill Vill )နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်(ပန်းတနော်)
## မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
## အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးမောင်ခင်-ဒေါ်မယ်ကြည်) တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် ၄၉၁ နေ ဦးညွန့်မောင်(မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ဇနီး၊ (ဦးမောင်သောင်း)-ဒေါ်တင်တင်မြတို့၏အစ်မ၊ ဦးဗိုလ်ဗိုလ်နိုင်၊ ဦးမင်းမင်းနိုင်-ဒေါ်လှမြတ်မော်၊ ဦးလင်းလင်းနိုင်တို့၏မိခင်၊ မောင်ကောင်းသက်နိုင်၊ မသိမ့်သဇ္ဇာနိုင်တို့၏ အဘွားသည် ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်သောင်း အသက်(၈၃)နှစ်
## ဦးစီးအရာရှိ(ငြိမ်း)၊ လ.ဝ.က

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးယုခိုင်၏ဖခင် ဦးစိန်သောင်းသည် ၃-၅-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်

နေပြည်တော် မေ ၅

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို သတ်မှတ်ရက်အလိုက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။**

သတင်းစာရှင်းလင်းပွဲများကို မေ ၉ ရက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မေ ၁၃ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ မေ ၁၅ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ မေ ၁၇ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မေ ၂၀ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ မေ ၂၃ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန/ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ မေ ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မေ ၂၉ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိမ်ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ မေ ၃၁ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့က ရှင်းလင်းသွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ e- mail; ir.pso.moi 2015@gmail.com သို့လိပ်မူ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာ (e- mail လိပ်စာ) တို့အား ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# MNL ပြိုင်ပွဲ ဧပြီလအတွက် တစ်လတာအကောင်းဆုံးဆု ဦးအောင်ကျော်မိုးနှင့် ဆယ်လာရရှိ

**ရန်ကုန် မေ ၅**

မြန်မာနေရှင်နယ်လိဂ် ကော်မတီက ရွေးချယ်ချီးမြှင့်သည့် MNL အမှတ်ပေးပြိုင်ပွဲ၏ ဧပြီလ တစ်လတာအကောင်းဆုံးဆုကို ရတနာပုံအသင်းနည်းပြချုပ် ဦးအောင်ကျော်မိုးနှင့် ရန်ကုန်တိုက်စစ်မှူး ဆယ်လာတို့ ရရှိခဲ့သည်။

အကောင်းဆုံးနည်းပြဆုရရှိခဲ့သည့် ဦးအောင်ကျော်မိုးသည် ဧပြီလအတွင်း ယှဉ်ပြိုင်ခဲ့သော သုံးပွဲတွင် ရတနာပုံအသင်းကို သုံးပွဲစလုံးအနိုင်ရအောင် စွမ်းဆောင်ပေးခဲ့ပြီး ထိပ်ဆုံးနေရာတွင် နှစ်ပတ်ဆက်တိုက်ရပ်တည်စေခဲ့သည်။ ရတနာပုံအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ခဲ့သည့်သုံးပွဲတွင် ဇွဲကပင်အသင်းကို လေးဂိုးပြတ်၊ Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Southern အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရပြီး ယင်းသုံးပွဲစလုံးကို အဝေးကွင်း၌ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အကောင်းဆုံး နည်းပြဆရာ ဦးအောင်ကျော်မိုးကို မေ ၅ ရက်က ဝေသာလီကွင်း၌ ကျင်းပသည့်ရခိုင်နှင့် ရတနာပုံပွဲမတိုင်မီ ဆုချီးမြှင့်ခဲ့သည်။ အကောင်းဆုံးကစားသမားဆုကို ရန်ကုန်အသင်း၏ ဂီနီ တိုက်စစ်မှူး ဆယ်လာက ရရှိခဲ့သည်။ ဆယ်လာသည် ဧပြီလတွင် ယှဉ်ပြိုင်ခဲ့သည့် သုံးပွဲစလုံးကို ဂိုးသွင်းနိုင်ခဲ့သလို သွင်းဂိုးစုစုပေါင်းမှာလည်း လေးဂိုးအထိ ရရှိခဲ့သည်။ ဆယ်လာသည် မကွေးအသင်းနှင့် ပွဲတွင်တစ်ဂိုး၊ Southern နှင့် ပွဲတွင် တစ်ဂိုး၊ ဒဂုံအသင်းနှင့် ပွဲတွင် စာမျက်နှာ ၁၂ ကော်လံ ၃ ❍

# လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

**နေပြည်တော် မေ ၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီးဖြစ်သည်။

**မိုး/ဇလ**

## ညောင်ဦးမြို့နယ်၌ နွားမတစ်ကောင် ထောင့်သန်းရောဂါလက္ခဏာ သံသယဖြစ်ဖွယ် တွေ့ရှိသဖြင့် ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေး

စာမျက်နှာ ❖ ၁၁

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ မေ ၇ ရက် စတင်မည်

စာမျက်နှာ ❖ ၁၂

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ ❖ ၁၃

# MNL ပွဲစဉ်(၁၀) ဒုတိယနေ့တွင် အသင်းကြီးများ နိုင်ပွဲပျောက်ဆုံး

**ရန်ကုန် မေ ၅**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ အသင်းကြီးအများစု နိုင်ပွဲပျောက်ဆုံးခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်အသင်းနှင့် ရောဝတီအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ရောဝတီအသင်း နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သောကြောင့် ထိပ်ဆုံးမှ အသင်းများနှင့် အမှတ်ကွာဟမှုလျှော့ချနိုင်မည့် အခွင့်အရေးလက်လွှတ်ခဲ့ရသည်။ ယခုတစ်ပတ်တွင်အသင်းကြီးအများစု နိုင်ပွဲပျောက်ဆုံးမှုကို ရောဝတီအသင်းအနေဖြင့် အခွင့်အရေးမယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ဦးဆောင်ဂိုးရသော်လည်း နိုင်ပွဲမရခဲ့ဘဲ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ◆



ဇွဲကပင်နှင့် ရောဝတီအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၆၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့

**သတင်းဆောင်းပါး- သီသီမင်း**
**ဓာတ်ပုံ - တင်ထွန်း၊ သန့်ဇင်ဝင်း**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သံတွဲမြို့ ငပလီကမ်းခြေ၌ကျင်းပသည့် ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) တွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ယူချိန်မှစ၍ တတိယ (၁)နှစ်တာကာလအတွင်း ပြည်နယ်အတွင်း အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည့်ကဏ္ဍများတွင် ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

“ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့အတူ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို တစ်ပြိုင်နက်တည်းလုပ်ဆောင်နေပါတယ်။ တည်ငြိမ်အေးချမ်းရေးကဏ္ဍမှာ ပြည်သူတွေရဲ့ လုံခြုံမှုကို အဓိကဦးစားပေးပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းတွေ၊ ဒေသခံတွေနဲ့ ပူးပေါင်းပြီး အချိန်နဲ့တစ်ပြေးညီ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ မတည်ငြိမ်မှုတွေနဲ့ တိုက်ခိုက်မှုတွေဒါတွေကို အမြန်ဆုံးတည်ငြိမ်မှုရရှိဖို့နဲ့ အမြန်ဆုံးလုံခြုံမှုရရှိဖို့ ဆောင်ရွက်နေပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

### ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်လျက်ရှိကာ ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးကို ဖွင့်လှစ်ပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုအမိန့်များထုတ်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ကော်မတီဝင်များသဘောတူဆုံးဖြတ်ချက်ဖြင့် အတည်ပြုမိန့်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကော်မတီအနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့်နေ့မှစ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်အထိ အတည်ပြုမိန့် ၅ ခု ထုတ်ပေးနိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၅၇၉ ခုကို ဖန်တီးပေးနိုင်ခဲ့ကာ ယင်းလုပ်ငန်းများတွင် စက်မှုလုပ်ငန်းသုံးခု၌ ငွေကျပ်သန်းပေါင်း ၄၂၂၂ ဒသမ ၅၂ သန်းနှင့် ဟိုတယ်လုပ်ငန်းနှစ်ခုတွင် ငွေကျပ်သန်းပေါင်း ၁၀၀၅၁ သန်း စုစုပေါင်းငွေကျပ်သန်း ၁၄၂၇၃ ဒသမ ၅၂ သန်း ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

ထို့အပြင် ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ပေးရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သံတွဲမြို့နယ် ငပလီကမ်းခြေတွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံခြားသံတမန်များ၊ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ အပါအဝင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

“ဒီပွဲမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ပြီး ချီးမြှင့်တဲ့အတွက် လုပ်ငန်းရှင်တွေအနေနဲ့ အားရဝမ်းသာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအတွက်ကို သဘောတူညီချက်တွေ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

အဆိုပါပွဲ၏ အကျိုးရလဒ်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုများအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာအရေအတွက် ၃၀ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် ခန့်မှန်းပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄၉ ဘီလီယံခန့်ရှိကြောင်း သိရသည်။

“ငပလီမှာလုပ်ခဲ့တဲ့ နောက်ပိုင်းမှာ လာရောက် ဆက်သွယ်ပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒီလုပ်ငန်းတွေ အောင်အောင်မြင်မြင် ဆောင်ရွက်လာနိုင်တာနဲ့အမျှ ပြည်သူတွေရဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာနိုင်တာနဲ့အမျှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ရရှိသလို ဖွံ့ဖြိုးတိုးတက်မှုလည်း ရရှိမှာဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက “ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ဆောင်ရွက်နိုင်ဖို့ အခြေခံအဆောက်အအုံတွေကို ဒီသုံးနှစ်တာအတွင်းမှာ တော်တော်များများ ပြည့်စုံအောင် လုပ်ထားနိုင်ခဲ့ပြီးပါပြီ။ ဒါ့ကြောင့် ဒီအခြေခံအဆောက်အအုံတွေပေါ်မှာ ဆက်လက်ပြီး အောင်မြင်မှုရအောင်၊ ဖွံ့ဖြိုးမှုအတွက်

*အချပ်ပို(ခ)သို့*

*အချပ်ပို(က)မှ*

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ဦးစားပေးပြီး လုပ်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

**ခရီးသွားလာရေးကဏ္ဍ**

ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဦးစားပေးကဏ္ဍများအနေဖြင့် သံတွဲလေဆိပ်ကို အပြည်ပြည်ဆိုင်ရာအဆင့် လေဆိပ် တစ်ခုအဖြစ် ပေါ်ပေါက်လာရန်၊ မြောက်ဦးလေယာဉ်ကွင်း ဆက်လက်အကောင်အထည်ဖော်ရန်၊ မာန်အောင် လေယာဉ်ကွင်းကို အနည်းဆုံး ATR - 72 အဆင့်ရှိ လေယာဉ်များ ဆင်းသက်နိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်သည် သဘာဝအတိုင်း သာယာလှပသည့် ကမ်းခြေများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများ၊ ရိုးရာလက်မှုလုပ်ငန်းများ၊ ဒေသခံတို့၏ နေထိုင်စားသောက်မှုပုံစံများ၊ ရေမြေတောတောင်သဘာဝအလှအပများဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်ရာ ခရီးသွားများအတွက် ပိုမိုကောင်းမွန်သည့် ခရီးစဉ်သစ်များကို တိုးချဲ့ဖော်ထုတ်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ခရီးသွားကဏ္ဍမြှင့်တင်ရန် စီစဉ်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ ရသေ့တောင်၊ မောင်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့် ဂွမြို့နယ်ကျိန္တလီမြို့တို့ကို သွားရောက်၍ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေကြောင်း သိရသည်။

"ခရီးသွားလာရေးလုပ်ငန်းကို ပိုပြီးဦးစားပေးလုပ်ဖို့ရှိပါတယ်။ လုပ်လည်း လုပ်နေပါတယ်။ ဥပမာ - သံတွဲကနေ ဂွဘက်၊ နောက်ရောဝတီတိုင်းဒေသကြီး ချောင်းသာနဲ့ ငွေဆောင်တို့အထိကို ကမ်းခြေတစ်လျှောက်လုံးဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေ ဆက်စပ်ပြီး လုပ်သွားဖို့ရှိပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၄၁ လုံးနှင့် အိပ်ခန်းပေါင်း ၁၂၈၇ ခန်းရှိခဲ့ရာမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၁ လုံးနှင့် အိပ်ခန်းပေါင်း ၁၀၂၄ ခန်းအတွက် လိုင်စင်ထပ်မံခွင့်ပြုထုတ်ပေးနိုင်ခဲ့သည့်အတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၇၂ လုံးနှင့် အိပ်ခန်းပေါင်း ၂၃၁၁ ခန်း ထပ်မံတိုးတက်လာခဲ့ပြီဖြစ်သည်။



စစ်တွေမြို့ဆတ်ရိုးကျချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရှည် ၁၆၄၂ ပေရှိ ဆတ်ရိုးကျတံတားကို တွေ့ရစဉ်။

၃ နှစ်တာကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ကုန်စည် စီးဆင်းမှုနှင့် ခရီးသွားလုပ်ငန်း မြန်ဆန်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်ထားသည့် လမ်းများ၊ တံတားများ၊ ပြည်နယ်အတွင်းရှိ မြို့နယ်များ၊ မြို့များနှင့် ကျေးရွာများကို ဆက်သွယ်ထားသည့် လမ်းတံတားများနှင့် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ ဖောက်လုပ်ခြင်း၊ ထပ်မံတည်ဆောက်၊ ဖောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

" လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်တဲ့ လမ်းတံတားတွေ၊ ဆက်သွယ်ရေးကဏ္ဍတွေ၊ လျှပ်စစ်မီးကဏ္ဍတွေ၊ ရေမီးလူမှုရေးကဏ္ဍ အပါအဝင် ဒီကဏ္ဍတွေမှာ အင်မတန် အားရကျေနပ်စရာ အင်မတန်ကောင်းပါတယ်။ ပြည်သူတွေလည်း ဒီအပေါ်မှာ လက်တွေ့ခံစားရတဲ့အတွက် ပြည်သူတွေနဲ့ လူထုတွေ့ဆုံပွဲတွေ လုပ်တဲ့အခါမှာ သူတို့ကိုယ်တိုင်က ပြန်ပြီးတော့ပြန်ပြောကြားတာတွေကို ပြန်ကြားရတဲ့အခါ အင်မတန်အားရပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ထို့ပြင် လမ်းဦးစီးဌာနအနေဖြင့် ကုန်ကျငွေကျပ် ၈၂၃ သန်းရှိ စစ်တွေမြို့လမ်းမတော် တောင်ရပ်ကွက်နှင့် ဆတ်ရိုးကျကျေးရွာအား ဆက်သွယ်ထားသည့် အရှည်ပေ ၁၆၄၂ ပေရှိ ဆတ်ရိုးကျတံတား၊ ကုန်ကျငွေကျပ် ၁၁၃၂၄ ဒသမ ၄၈၇ သန်းရှိ မြေပုံနှင့် မင်းပြားမြို့နယ်နှစ်ခုကို ဆက်သွယ်ထားသည့် အရှည်ပေ ၁၉၂၀၊ ကြပ်စင်မြစ်ကူးတံတား၊ ကုန်ကျငွေကျပ်သန်း ၇၀၇၀ ရှိ ကျောက်ဖြူခရိုင် အမ်းမြို့နယ် ရန်ကုန်-စစ်တွေလမ်း၊ အမ်း - စစ်တွေအပိုင်း မိုင်တိုင် ၂၆/၇၂၇/၀ တွင် အရှည်ပေ ၉၆၀ ရှိ ဒါးလက်ချောင်းတံတား၊ ကုန်ကျငွေကျပ်သန်း ၂၂၈၀ ရှိ မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ရန်ကုန် - စစ်တွေလမ်းမိုင်တိုင် ၁၂၀/၃-၁၂၀/၄ တွင် အရှည်ပေ ၃၆၀ ရှိ တိမ်ညိုတံတားများကို တည်ဆောက်ပြီးစီး၍ ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

၁၉၉၇ ခုနှစ်က တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည့် ရန်ကုန် -စစ်တွေလမ်းပေါ်ရှိ ရာမောင်ကြိုးတံတား၏ ကြံ့ခိုင်မှုအခြေအနေ အားနည်းနေသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်းကာ အရှည်ပေ ၁၂၈၄ ဒသမ ၃ ပေရှိ နှစ်လမ်းသွားကွန်ကရစ်တံတားသစ် တစ်စင်းကို တံတားဟောင်းဘေးတွင် ကပ်လျက်တည်ဆောက်လျက်ရှိရာ ယခုအချိန်တွင် ဘိုးပိုင်အုတ်မြစ်ချလုပ်ငန်း စတင်ဆောင်ရွက်နေပြီး တံတားတစ်စင်းလုံး၏ ၁၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရာမောင်တံတားသစ်၏ မင်းပြားဘက်ချဉ်းကပ်လမ်းနှင့် မလွတ်ကင်းသည့် မြေပိုင်ရှင်သုံးဦးကို မြေယာလျော်ကြေးငွေများပေးအပ်ပြီး ဖြစ်၍ ချဉ်းကပ်လမ်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေကြောင်းခရီး အသုံးပြုသူများ အဆင်ပြေရန် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် အမြန်ရေယာဉ်သုံးစင်းဖြင့် ပြေးဆွဲပေးလျက်ရှိပြီး စစ်တွေနှင့် တောင်ကုတ်မြို့တို့တွင် ဆိပ်ခံအဖြစ်အသုံးပြုရန် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် အလျားပေ ၉၀၊ အနံပေ ၂၀၊ အမြင့်နှစ်ပေ ခုနစ်လက်မရှိ ဆိပ်ခံ Pontoon နှစ်စင်းကို စစ်တွေသင်္ဘောကျင်းနှင့် ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများ ပူးပေါင်းတည်ဆောက်ခဲ့ရာ စစ်တွေဆိပ်ခံ Pontoon ကို ၂၀၁၈ ခုနှစ် ဇွန်လ ၉ ရက်နှင့် တောင်ကုတ်ဆိပ်ခံ Pontoon ကို ဇူလိုင်လ ၃ ရက်တို့တွင် တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ပညာရေးကဏ္ဍ**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ဆောင်ရွက်ပေးရုံသာမက ပညာရေးကဏ္ဍကို တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးစနစ်သစ် အကောင်အထည်ဖော်ရန်အတွက် ဆရာ၊ ဆရာမများကို သင်ရိုးသစ်သင်တန်းများ၊ စွမ်းဆောင်ရည်မြင့် သင်တန်းများပေးခြင်း၊ ကလေးပျော်ကျောင်းများ အကောင်အထည်ဖော်ခြင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရေး ပညာရေးအညွှန်းကိန်းများ ကောက်ယူပြီး စီမံချက်များရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် မသမာမှုကင်းရှင်းရေးနှင့် အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအနေဖြင့် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်မှုမှာ ၂၀၁၈ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ၃၇ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၄၀၊ အလယ်တန်းကျောင်း ၁၄၃ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)၁၂၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၇၂ ကျောင်း၊ မူလတန်းကျောင်း ၂၉ ကျောင်းနှင့် မူလတန်းကျောင်း(ခွဲ) ၅၂ ကျောင်း ဖြစ်ပြီး စုစုပေါင်း ၄၇၉ ကျောင်းကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။



အမ်းမြို့နယ် မင်းဘူး- အမ်း -စစ်တွေ လမ်းပိုင်း၌ အရှည်ပေ ၉၆၀ ရှိ ဒါးလက်ချောင်းတံတားကို တွေ့ရစဉ်။

*အချပ်ပို(ဂ)သို့*

**အချပ်ပို (ခ)မှ**

ထို့ပြင် အခြေခံပညာကျောင်းများ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ၂၀၁၈ ခုနှစ်တွင် ငွေလုံးငွေရင်း ငွေကျပ်သန်းပေါင်း ၁၉၂၄၅ ဒသမ ၇၇ သန်း၊ သာမန်ငွေကျပ်သန်းပေါင်း ၄၈၅ ဒသမ ၁၅ သန်း သုံးစွဲခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဆရာ ဆရာမခန့်ထားမှုအနေဖြင့် မူလတန်းပြ ၅၆၁ ဦး၊ အလယ်တန်းပြ ၉၆၅ ဦးနှင့် အထက်တန်းပြ ၃၄၇ ဦး ခန့်ထားနိုင်ခဲ့ကြောင်းသိရသည်။

စစ်တွေတက္ကသိုလ်တွင် RC သုံးထပ်စာသင်ဆောင်ဆောက်လုပ်ခြင်း၊ ကျောင်းသားကျောင်းသူများအတွက် အဆောင်ဆောက်လုပ်နေမှုမှာ ပြီးစီးတော့မည်ဖြစ်ပြီး သုံးထပ်စာသင်ဆောင်တစ်ဆောင်နှင့် စားသောက်ဆိုင်တန်းတို့မှာ ဆောက်လုပ်နေဆဲဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ် (စစ်တွေ)တွင် ကျောင်းသားကျောင်းသူ ၅၀၀ ခန့် ပညာလေ့လာဆည်းပူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**လျှပ်စစ်ကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန်နှင့် အသေးစား အလတ်စား ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်နိုင်ရန်၊ ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရန် ပြည်နယ်အတွင်းရှိ ခရိုင် ငါးခရိုင်ရှိ မြို့နယ် ၂၀ တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့လေးမြို့ကို အခြားနည်းဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ကျေးရွာအလိုက် လျှပ်စစ်ဖြန့်ဖြူးမှုအနေဖြင့် ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃၇၄၂ ရွာတွင် ၂၀၁၈ ခုနှစ်တွင် ဓာတ်အားစနစ်ဖြင့် ၃၉၅ ရွာ၊ အခြားနည်းဖြင့် ၁၅၁၇ ရွာ လျှပ်စစ်မီးရရှိပြီး ကျေးရွာပေါင်း ၁၉၁၂ ရွာ လျှပ်စစ်မီးရရှိ၍ ကျေးရွာများ၏ ၅၁ ဒသမ ၁၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ဒါ့ကြောင့် ဖွံ့ဖြိုးမှုအနေနဲ့ ပြောမယ်ဆိုရင် ရခိုင်ပြည်နယ်က ဖွံ့ဖြိုးမှုအလားအလာတွေ ရှိနေပြီ၊ ဆက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုရင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေထက်ကို ဖွံ့ဖြိုးမှုပိုပြီး အားသာချက်တွေကို ရသွားမယ်လို့ ထင်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ် မတ်လ ၂၆ ရက်က ပုဏ္ဏားကျွန်း - ရသေ့တောင် ၆၆ ကေဗွီဓာတ်အားလိုင်းမှ ရသေ့တောင်မြို့နယ်နှင့် ကျေးရွာ ၂၆ ရွာ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၈ ရက်တွင်ကျောက်ဖြူ - မဒဲ ၆၆ ကေဗွီဓာတ်အားလိုင်းမှ ကျေးရွာသုံးရွာ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ရသေ့တောင် - ဘူးသီးတောင် ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ၆၆ / ၁၁ ကေဗွီ ဘူးသီးတောင်၊ ဓာတ်အားခွဲရုံ (၅)အမ်ဗွီအေ တည်ဆောက်ပြီး ဘူးသီးတောင်မြို့နှင့် ကျေးရွာ ၁၃ ရွာ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ဘူးသီးတောင် - မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ၆၆ / ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တော ဓာတ်အားခွဲရုံများ တည်ဆောက်ကာ မောင်တောမြို့နှင့် ကျေးရွာ ၁၅ ရွာတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျေးလက်နှင့်မြို့ပြကွာခြားမှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်မီးလင်းရေး၊ ကျေးလက်အိမ်ရာဖော်ဆောင်ရေး၊ ကျေးရွာပြည်သူများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ ကျေးလက်ရေပေးရေး၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရေး တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျန်းမာရေးကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် တိုက်နယ်ဆေးရုံများ၊ တိုးချဲ့လူနာဆောင်များ၊ ဆေးသိုလှောင်ရုံများ၊ ကျန်းမာရေးရုံးများ၊ မိခင်ကလေးကျန်းမာရေးဌာနများ၊ တိုက်နယ်၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ဌာနခွဲများနှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ကာ စံကိုက်အဆောက်အအုံများအဖြစ် ဆောက်လုပ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်နယ်အတွင်း ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများအောက်ရှိ ဆေးရုံဆေးခန်းများတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာရန် ၂၀၁၈ ခုနှစ်တွင် လက်ထောက်ဆရာဝန် ၁၇ ဦး၊ သွားနှင့်ခံတွင်းဆရာဝန် တစ်ဦး၊ သူနာပြု ၆၆ ဦး၊ မြို့နယ်ကျန်းမာရေးမှူး နှစ်ဦး၊ ကျန်းမာရေးမှူးအဆင့်(၁) လေးဦး၊ လက်ထောက်ကျန်းမာရေးမှူး ၁၈ ဦး၊ ကျန်းမာရေးကြီးကြပ် သုံးဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမကြီး ၁၀ ဦးနှင့် သားဖွားဆရာမ ၁၂၆ ဦးတို့ကို ခန့်ထားပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ကာကွယ်ဆေးထိုးလုပ်ငန်းကို မြို့နယ် ကိုးမြို့နယ်ရှိ ခက်ခဲဒေသ ကျေးရွာပေါင်း ၁၈၃ ရွာနှင့် ကယ်ဆယ်ရေးစခန်းနှစ်ခုတို့တွင် (REC/ CRASH) အသွင်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုကို လွှမ်းခြုံနိုင်သည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ရွေ့လျားဆေးအဖွဲ့များဖြင့် ဆေးခန်းများ ဖွင့်လှစ်ကုသခြင်း၊ UEHRD Care Task Force ၏ အစီအစဉ်ဖြင့် ဘူးသီးတောင်မြို့နယ်တွင် အထူးကုဆရာဝန်ကြီးများမှ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တောင်ကုတ်မြို့နယ်တွင် ဆေးတက္ကသိုလ်များမှ အထူးကုဆရာဝန်များက ကွင်းဆင်းဆေးကုသခြင်းနှင့် နေရပ်စွန့်ခွာသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားသော အသက် (၂) နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့မှုအစီအစဉ်အရ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ အကျိုးခံစားခွင့်ရှိသူ ၂၅၂၀၀၄ ဦး၊ သက်ကြီးဘိုးဘွား ၁၇၈၅၇ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ မသန်စွမ်းသူ ၉၇၄၈ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကုသရေးဦးစီးဌာနမှ စစ်တွေခရိုင် စစ်တွေပြည်သူ့ဆေးရုံကြီးအား ခုတင် ၅၀၀ ဆံ့ အဖြစ် အဆင့်မြှင့်တင်ရန်အတွက် လေးထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း၊ စစ်တွေပြည်သူ့ဆေးရုံကြီး ရှစ်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ စစ်တွေမြို့ ပြည်နယ်ကုသရေးမှူးရုံး နှစ်ထပ် RC အဆောက်အအုံ ဆောက်လုပ်ခြင်း၊ စစ်တွေ သူနာပြုနှင့် သားဖွားကျောင်းသုံးထပ် RC နှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံတွင် တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**လယ်ယာစိုက်ပျိုးရေးကဏ္ဍ**

ရခိုင်ပြည်နယ်သည် လယ်ယာကဏ္ဍကို အဓိက အားထားရသော ပြည်နယ်ဖြစ်သည့်အတွက် မိုးစပါးစိုက်ဧက ၁၁ သိန်းကျော်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသော တောင်သူများကြိုက်နှစ်သက်သည့် ဈေးကွက်ရှိသော မျိုးစေ့များကို ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သီးနှံအလိုက် ဈေးကွက်ရရှိရေး၊ ပြည်တွင်း၊ ပြည်ပ တင်ပို့နိုင်ရေးအတွက် စပါးသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စိုက်ပျိုးရေးဇုန်များ ဆောင်ရွက်ပေးပြီး မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်းနှင့် သီးနှံပုံစံများကို ရွေးချယ်နိုင်ရန် သီးနှံစမ်းသပ်ကွက်များ ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိရေးအတွက် တောင်သူ ၄၁၄၃ ဦးအား ၁၃၃၈၈ ဒသမ ၅၁ ဧကကို ပြန်လည်စွန့်လွှတ်ပေးအပ်ခဲ့ပြီး စိုက်ပျိုးမြေမဟုတ်သော မြေ ၁၄၇၂၀ ဒသမ ၀၂ ဧကအား ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တပ်ရင်း၊ တပ်ဖွဲ့ဌာနဆိုင်ရာ အဖွဲ့အစည်း ၃၁ ခု၏ မြေဧရိယာ ၂၅၈၂ ဒသမ ၇၆၇ ဧကကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ အပ်နှံခွင့်ပြုထားပြီးဖြစ်ရာ ပြန်လည်အပ်နှံလာသည့် ဧရိယာများထဲမှ စိုက်ပျိုးမြေဧရိယာ ၁၀၆၂ ဒသမ ၅၃ ဧကတွင် တောင်သူ ၃၈ ဦးအတွက် ဧရိယာ ၂၀၄ ဒသမ ၆၂ ဧကကို ပုံစံ(၇)၊ တောင်သူ ၁၄၉ ဦးအတွက် ဧရိယာ ၈၄၄ ဒသမ ၃၀ ဧကကို ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးပြီး ကျန်ရှိသည့် စိုက်ပျိုးမြေဧရိယာ ၁၃ ဒသမ ၆၁ ဧကကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် စိုက်ပျိုးမြေ မဟုတ်သည့် မြေဧရိယာ ၁၅၂၀ ဒသမ ၂၃၇ ဧကထဲမှ တောရိုင်းမြေ ၃၀၀ ဒသမ ၁၈ ဧကကို တောင်သူ ၄၁ ဦးသို့ ယာယီပုံစံ(၃)ဖြင့် လွှဲပြောင်းခဲ့ပြီး ကျန်ဧရိယာ ၁၂၂၀ ဒသမ ၀၅၇ ကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် ဗဟိုကော်မတီမှ လွှဲပြောင်းပေးပို့လာသည့် မြေယာတိုင်ကြားစာ ၃၃၈ တွဲအနက် ၂၅၅ တွဲကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ လျှောက်ထားလာသည့် ဒေသခံတောင်သူ ၂၄၈ ဦးအား ဧရိယာ ၁၅၁၃ ဒသမ ၈၇ ဧကကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရခိုင်ပြည်နယ်ဘဏ်ခွဲအနေဖြင့် မိုးရာသီ သီးနှံ ထုတ်လုပ်မှု ဘဏ်ချေးငွေကျပ်သိန်းပေါင်း ၈၄၃၄၂၀ ကို ထုတ်ချေးထားပြီး ဆောင်းသီးနှံချေးငွေကို မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲခရိုင်တို့တွင် ငွေကျပ်သိန်းပေါင်း ၃၁၇၃၇ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကဏ္ဍ**

ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းခြေ ဒေသတစ်ခုဖြစ်ရာ သဘာဝဘေးအန္တရာယ် ဖြစ်သော မုန်တိုင်းဒဏ်ကို ကြုံတွေ့ရလေ့ရှိသဖြင့် ဒေသခံပြည်သူများအား အကာအကွယ်ပေးနိုင်ရန်အတွက် မုန်တိုင်းတည်နေရာ၊ ပြင်းအားနှင့်ရွေ့လျားမည့်လမ်းကြောင်းကို တိကျစွာ ထောက်လှမ်းနိုင်သည့် မိုးလေဝသ ရေဒါအဆောက်အအုံကို ကျောက်ဖြူမြို့နယ် ကင်းရွာတွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ပေးထားသည်။

အဆိုပါ မိုးလေဝသရေဒါစခန်းမှ နေ့စဉ် မိုးလေဝသ သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပြီး အလိုအလျောက် မိုးလေဝသတိုင်းတာရေး ကိရိယာများကို မိုးလေဝသ စခန်းများတွင် တပ်ဆင်ထားပြီး စခန်းမရှိသည့် ဒေသများတွင် စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် တပ်ဆင်ပေးထားသည်။

ထို့အပြင် ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်ကို ကြိုတင်သိရှိပြီး ရှောင်ရှားနိုင်ရန် အလိုအလျောက် မြစ်ရေအနိမ့်အမြင့် တိုင်းတာရေးကိရိယာများကို မင်းပြားမြို့ ရာမောင်တံတား၊ သံတွဲမြို့ သံတွဲချောင်းနှင့် တောင်ကုတ်မြို့တောင်ကုတ်ချောင်း တို့၌ တပ်ဆင်ပေးထားကြောင်း သိရသည်။

ဘေးအန္တရာယ် ကျရောက်လာပါက ခိုလှုံနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေဖြင့် ဆိုင်ကလုန်းရှပ်တာ ၃၆ လုံးနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရအလှူငွေဖြင့် ၄ လုံးကို ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောက်လုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကုန်သွယ်ရေးကဏ္ဍ**

ရခိုင်ပြည်နယ်၏ ကုန်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းအပေါ် အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇၆၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၁၆ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၂၉၆ ဒသမ ၃၂ ရာခိုင်နှုန်း ကျော်လွန်ဆောင်ရွက်နိုင်ခဲ့သည်။

*အချပ်ပို (ဃ) သို့*



မင်းဘူး-အမ်း-စစ်တွေလမ်း (ကြာအင်းတောင်-စစ်တွေအပိုင်း) ကွန်ကရစ်လမ်းခင်းထားမှုကို တွေ့ရစဉ်။

**"၃ နှစ်တာ ကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလုပ်ငန်း မြန်ဆန်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်ထားသည့် လမ်းများ၊ တံတားများ၊ ပြည်နယ်အတွင်းရှိ မြို့နယ်များ၊ မြို့များနှင့် ကျေးရွာများကို ဆက်သွယ်ထားသည့် လမ်းတံတားများနှင့် ကျေးလက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ ဖောက်လုပ်ခြင်း၊ ထပ်မံတည်ဆောက်၊ ဖောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိ"**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



*အချပ်ပို (၈) မှ*

အလားတူ ၂၀၁၈ ခုနှစ် Mini Budget ပြေီလမှ စက်တင်ဘာလအထိ ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာသန်း ၃ ဒသမ ၅၀၊ သွင်းကုန်အမေရိကန် ဒေါ်လာသန်း သုည ဒသမ ၅၀၊ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၄ သန်းအပေါ် အမှန်ဆောင်ရွက်နိုင်မှု ပို့ကုန်အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၄၈၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၈၁၄ သန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၂၉၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၆၄၅၇ ဒသမ ၄၈ ရာခိုင်နှုန်း ကျော်လွန် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**စည်ပင်သာယာရေးကဏ္ဍ**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြို့နှင့် မြို့နယ်များကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုး တိုးတက်လာရန် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လမ်းများ၊ တံတားများနှင့် ရေပေးဝေရေး လုပ်ငန်းများကို ဌာနရန်ပုံငွေ၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် (၃)နှစ်တာ ကာလ အတွင်း မြို့ပြကတ္တရာလမ်း၊ ကျောက်ချောလမ်းနှင့် ကွန်ကရစ်လမ်းများကို သုံးစွဲငွေကျပ်သန်းပေါင်း ၇၄၄၄ ဒသမ ၂၂၄၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

မြို့ပြကွန်ကရစ်တံတား ၁၇၇ စင်း၊ သစ်သား တံတား ၁ စင်း၊ ရေပြွန် ၁၄၂ စင်းနှင့် အခြား ၂၀ စုစုပေါင်း ၃၄၀ ကို ငွေကျပ် ၁၀၇၆ ဒသမ ၀၆၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြို့ပြရေပေးဝေရေး လုပ်ငန်းအနေဖြင့် လက်တူးတွင်းတစ်တွင်း၊ မြေသားရေကန်ငါးကန်၊ အခြားရေပေးဝေရေးနှင့် ဆက်စပ်သည့်လုပ်ငန်း ၈၀ စုစုပေါင်း ၈၆ ခုတို့ကို ငွေကျပ် ၆၀၂ ဒသမ ၉၈၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ သည်။

အလားတူပင် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံ ငွေဖြင့် (၃)နှစ်တာကာလအတွင်း မြို့ပြကတ္တရာ လမ်း၊ ကျောက်ချောလမ်းနှင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းများကို ငွေကျပ်သန်းပေါင်း ၃၃၃၈၇ ဒသမ ၁၅၂၄ သန်းဖြင့် ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

မြို့ပြ ကွန်ကရစ်တံတား ၅၃ စင်း၊ ရေပြွန် ၃၅ စင်းနှင့် အခြား ၃၈ ခု စုစုပေါင်း ၁၂၆ ခုကို ငွေကျပ် ၁၂၆၇ ဒသမ ၄၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့ သည်။

မြို့ပြရေပေးဝေရေးအနေဖြင့် မြေသား ရေကန်တစ်ကန်၊ အခြားရေပေးဝေရေးနှင့် ဆက်စပ်သည့်လုပ်ငန်း ၂၃ ခု စုစုပေါင်း ၂၄ ခုတို့ကို ငွေကျပ်သန်းပေါင်း ၃၄၃၉ ဒသမ ၂၅၂၇ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။




၂၄-၃-၂၀၁၉ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ် ကိုင်းခုံကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးစဉ်။

JICA ODA Loan ချေးငွေဖြင့် စစ်တွေမြို့ မြို့ရေပေးဝေရေး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ပြီး အပိုင်းလေးပိုင်းခွဲဆောင်ရွက် ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ အပိုင်း ၁ မှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြို့တွင်းသာယာလှပရေးနှင့် ရေစီး ရေလာကောင်းမွန်ရေးတို့ကို စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု နှင့်အတူ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။

**တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှု**

ရခိုင်ပြည်နယ်တွင် မြို့မရဲစခန်း ၁၇ ခု၊ နယ်မြေရဲစခန်း ၂၅ ခုနှင့် ရဲကင်းစခန်း ၃၃ ခု တို့ဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုး ရေး တာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့၏ ၃ နှစ်တာကာလ အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးအရေးယူမှု အခြေ အနေမှာ ၂၀၁၆ ခုနှစ်တွင် ၁၂၁ မှု၊ ၂၀၁၇ ခုနှစ်တွင် ၁၂၃ မှု၊ ၂၀၁၈ ခုနှစ်တွင် ၂၀၁ မှုရှိခဲ့ပြီး မူးယစ် ဆေးဝါးနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းတို့အပြင် ပိုမိုထိရောက် သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

၃ နှစ်တာကာလအတွင်း လူကုန်ကူးမှုအနေ ဖြင့် ၂၀၁၆ ခုနှစ်တွင် ၇ မှု၊ ၂၀၁၇ ခုနှစ်တွင် ၁၀ မှု၊ ၂၀၁၈ ခုနှစ်တွင် ၇ မှုရှိခဲ့ပြီး လူကုန်ကူးမှုပပျောက် ရေးအတွက် စီမံချက် များချမှတ်ကာ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရခိုင်ပြည်နယ် ကွပ်ကဲမှု နယ်မြေအတွင်း မွတ်စလင်ဘာသာ ဝင်များအား တရားမဝင် သွေးဆောင်ဖြားယောင်း ပို့ဆောင်မှုများ နှင့်စပ်လျဉ်း၍ ဖမ်းဆီးအရေးယူမှု များရှိခဲ့ပြီး အမှုကြီး ၁၀ မျိုး ကြိုတင်ကာကွယ်ခြင်း နှင့် အခြားအမှုအခင်းများ ကင်းစင်ရန် အထူး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

"မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုတွေ၊ တရားမဝင်ဖော်ဆောင်မှုတွေ၊ တရားမဝင် သစ်ထုတ်လုပ်မှုတွေကို တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ နည်းတူရှိပါတယ်။ ဒါတွေကို တရားဥပဒေစိုးမိုးရေးနဲ့အညီ တရားမဝင်တဲ့ လုပ်ငန်းတွေကို ကြိုတင်တားဆီးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းနဲ့ ဖမ်းဆီးအပြစ်ပေးခြင်း လုပ်ငန်း တွေကို ကျွန်တော်တို့ လုပ်နေပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ဆက်လက်၍ "မူးယစ်ဆေးဝါးနဲ့ ပတ်သက်ရင် ပြည်ထောင်စုအစိုးရ ကိုယ်တိုင်ကိုက အထူးစီမံ ချက်တွေနဲ့ အထူးအဖွဲ့တွေနဲ့ လာရောက်ပြီး လုပ်ကိုင်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးမှုမှာ စံချိန်တင်လောက် အောင်ကို ဖမ်းဆီးရရှိမှုတွေ လုပ်နိုင်တာဖြစ်ပါ တယ်" ဟု ၎င်းကပြောသည်။

ယာဉ်တိမ်းမှောက်မှု အများဆုံးဖြစ်ပွားသည့် နေရာများတွင် ယာဉ်အန္တရာယ် ကင်းရှင်းရေး အတွက် အသိပညာပေးလုပ်ငန်းများနှင့် ဖမ်းဆီး အရေးယူမှုများ အထူးအလေးထားဆောင်ရွက် လျက်ရှိကြောင်း သိရသည်။


ပြည်နယ်အစိုးရအဖွဲ့ရုံးအနေဖြင့် ၃ နှစ်တာ ကာလအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ၃ နှစ်တာကာလ အတွင်း အသက် ၁၀ နှစ်ပြည့် ကတ်ပြား ထုတ်ပေးမှု ၇၃၄၃၇ ဦးနှင့် အသက် ၁၈ နှစ်ပြည့်ထုတ်ပေးသူ ၆၆၅၃၄ ဦး စုစုပေါင်း ၁၃၉၉၇၁ ဦး ထုတ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားပြုရေး ကတ်များကို ဥပဒေနှင့်အညီ သေချာစိစစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချ ထားရေး ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ အနေဖြင့် မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားမှုကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်း ရှောင်သွားသည့် နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးအတွက် အဆင်သင့်ဖြစ်ရန် တောင်ပြို လက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရပြန်လည် လက်ခံရေးစခန်းနှင့် လှဖိုးခေါင်ယာယီကြားစခန်း တို့ကို တည်ဆောက်ထားပြီး ဖြစ်သည်။

ထိုသို့ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် မိမိတို့၏ မူလကျေးရွာများကို စွန့်ခွာရောက်ရှိ လာကြသည့် တိုင်းရင်းသားမျိုးနွယ်စုများအား စုပေါင်းကျေးရွာများ တည်ဆောက်ပေးရန်အတွက်



၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မင်းပြားဓာတ်အားခွဲရုံကို တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ အပါအဝင် ပြည်နယ်အစိုးရအဖွဲ့များနှင့် အလှူရှင်များမှ မောင်တောနှင့် ဘူးသီးတောင် မြို့နယ်အတွင်းရှိ စုစည်းကျေးရွာ ၁၅ ရွာတွင် နေအိမ် ၁၁၀၉ လုံး ဆောက်လုပ်ရန် လျာထား၍ နေအိမ် ၈၉၂ လုံးဆောက်လုပ်နေပြီး နေအိမ် ၂၁၇ လုံးအတွက် အလှူရှင်လိုအပ်နေကြောင်း သိရ သည်။

ထို့ပြင် ဟိန္ဒူဘာသာဝင်များအတွက် အိုးထိန်းမြို့ အရှေ့ကြိမ်ချောင်း၊ ရွှေဇားအုပ်စုနှင့် ငါးခူရကျေးရွာများတွင် နေအိမ် ၄၁၃ လုံး၊ မွတ်စလင်ဘာသာဝင်များအတွက် ကြိမ်ချောင်း တောင်၊ ပန်းတောပြင်၊ ဂူတာပြင်နှင့် သင်္ကေပြင် ကျေးရွာများတွင် နေအိမ် ၄၂၉ လုံး ဆောက်လုပ် လျက်ရှိကြောင်း သိရသည်။

တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားသည့် နေရပ် စွန့်ခွာသူများအား ပြန်လည်လက်ခံပြီး နေရာချ ထားနိုင်ရန် မောင်တောမြို့နယ်တွင် ၃၁ နေရာနှင့် ဘူးသီးတောင်မြို့နယ်၌ ၁၁ နေရာ စုစုပေါင်း ၄၂ နေရာ လျာထားဆောင်ရွက်လျက်ရှိ၍ တစ်ဖက် နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ဦးရေမှာ ၂၀၁၈ ခုနှစ် ဧပြီလ ၁၃ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်အထိ ၁၇၇ ဦး လက်ခံဆောင်ရွက်ပြီးဖြစ် ကြောင်း သိရသည်။

ထို့ပြင် မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲ ရေးကော်မတီ ဖွဲ့စည်းပြီး မူဘောင်သဘောတူညီ ချက် MoA ကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ရင်းနှီးမတည်ငွေတန်ဖိုး ၆၅ ရာခိုင်နှုန်းနှင့် ကုမ္ပဏီ ဘက်မှ ရင်းနှီးမတည်ငွေတန်ဖိုး ၃၅ ရာခိုင်နှုန်း ထည့်ဝင်ပြီး ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းအချို့ ပြီးစီးပြီဖြစ် ကြောင်း သိရသည်။

**ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှုများ**

ပြည်နယ်ဝန်ကြီးချုပ်၏ ဒေသခံလူထုနှင့် တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးမှုမှာ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် ငွေကျပ် ၆၅၇ ဒသမ ၈၆ သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၁၃၄၅ ဒသမ ၄၇၃၁ သန်းနှင့် ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ငွေကျပ် ၂၂၁ ဒသမ ၃၆၅၃ သန်း ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ အဖွဲ့ အစည်းများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်း ပါဝင်မှုတို့ဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ARSA အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ AA အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှု စသည့် အခက်အခဲများကို ရင်ဆိုင် ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက် နေရဆဲဖြစ်ပြီး ပြည်တွင်း၊ ပြည်ပသာမက နိုင်ငံတကာကပါ အထူးအာရုံစိုက်ခြင်း ခံနေရ သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ရခိုင် ပြည်နယ်က တကယ့်ကို ထူးခြားမှုတွေရှိတဲ့ ပြည်နယ်ပါ။ ရခိုင်ပြည်သူပြည်သားတွေဟာ တကယ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြရင် ဘယ်လောက်ပဲ ခက်ခဲခက်ခဲ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု အောင်မြင် မှုတွေရနိုင်မယ့် အနေအထားရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ ပြည်နယ်အစိုးရ၏ အားသွန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု များကြောင့် ရေမြေ၊ ရာသီဥတု တောတောင် သဘာဝသာယာလှပပြီး သယံဇာတပေါကြွယ်ဝ သည့် ပြည်နယ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်သည် မဝေးသည့်ကာလတွင် ကဏ္ဍစုံမှ အောင်မြင်တိုးတက် မှုများ ရရှိလာတော့မည်ဖြစ်သည်။ ။